# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကို စွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ - ၂၂၁)


၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက် | ၂၀၂၅ ခုနှစ်၊ မေ ၁၆ ရက်၊ သောကြာနေ့ | အတွဲ (၆၄)၊ အမှတ်(၂၂၄)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



## မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၂၄- ၂၀၂၅ ပညာသင်နှစ် အခြေခံပညာအတန်းများအတွက် စာမေးပွဲအောင်စာရင်းများ ထုတ်ပြန်ကြေညာ

မန္တလေး မေ ၁၅

၂၀၂၄- ၂၀၂၅ ပညာသင်နှစ် အခြေခံပညာအတန်းများအတွက် စာမေးပွဲအောင်စာရင်းများ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သက်ဆိုင်ရာ ကျောင်းများအလိုက် ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများ အသီးသီး၌လည်း ယနေ့နံနက်ပိုင်းမှစတင်၍ အခြေခံပညာအတန်းများအတွက် စာမေးပွဲအောင်စာရင်းများကို ထုတ်ပြန်ကြေညာပေးခဲ့ရာ ကျောင်းသား ကျောင်းသူများက စိတ်အားထက်သန်စွာဖြင့် လာရောက်ကြည့်ရှုကြရာ တာဝန်ကျ ဆရာ ဆရာမများက စနစ်တကျနှင့် စည်းကမ်းတကျကြည့်ရှုနိုင်စေရန် ကြိုးကြပ်ဆောင်ရွက်ပေးကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ◆

## မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဆင်သေရေလှောင်ဆည်မှ စိုက်ပျိုးရေ ပြန်လည်ပေးဝေ

နေပြည်တော် မေ ၁၅

မန္တလေးငလျင်ကြီးကြောင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ရေလှောင်တမံကြီးများ ထိခိုက်ပျက်စီးမှုများ မရှိခဲ့သော်လည်း ဆင်သေရေလှောင်ဆည်တွင် အလျားပေ ၁၅၀ ခန့် ထိခိုက်ပျက်စီးမှု ဖြစ်ပေါ်ခဲ့သည့်အတွက် ယာယီပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်၍ ဧပြီ ၈ ရက်တွင် လယ်ယာမြေ ၄၅၂ ဧကကို စိုက်ပျိုးရေစတင်ပြန်လည်ပေးဝေနိုင်ခဲ့ပြီး နောက်ဆက်တွဲငလျင်များကြောင့် ဧပြီ ၁၂ ရက်တွင် ဆင်သေရေလှောင်ဆည်မှာ ဒုတိယအကြိမ် ထပ်မံထိခိုက်မှုဖြစ်ပေါ်ခဲ့သဖြင့် စိုက်ပျိုးရေပေးဝေမှုကို ခေတ္တရပ်ဆိုင်းခဲ့ရသည်။

စိုက်ပျိုးရေ အမြန်ပြန်လည်ပေးဝေနိုင်ရန်အတွက် ဌာနရှိ စက်ယန္တရားကြီးများဖြင့် ယာယီရေတားတမံတည်ဆောက်ခြင်း လုပ်ငန်းများကို တာဝန်ရှိသူများက ကြီးကြပ်၍ နေ့/ည မပြတ်ဆောင်ရွက်ခဲ့ရာ လက်ယာတူးမြောင်းရေသောက်စနစ်ရှိ လယ်ယာမြေများအား ဧပြီ ၁၇ ရက်တွင် စိုက်ပျိုးရေပြန်လည်ပေးဝေနိုင်ခဲ့ပြီး မေ ၁၂ ရက်တွင် လက်ယာတူးမြောင်းရေသောက်စနစ်ရှိ စိုက်ပျိုးပြီးနွေစပါး ၂၂၇၉ ဧကကို ရာနှုန်းပြည့် စိုက်ပျိုးရေပေးဝေနိုင်ခဲ့သည်။

အလားတူ လက်ဝဲတူးမြောင်းမကြီးမှလည်း စိုက်ပျိုးရေအမြန်ပြန်လည်ပေးဝေနိုင်ရေးအတွက် ဆောင်ရွက်ခဲ့ရာ ဧပြီ ၂၁ ရက်မှစတင်၍ ရေတင်စက်(၂) စုံဖြင့် ရေကူးပေးဝေနိုင်ခဲ့ပြီး ပိုမိုကောင်းမွန်သောစနစ်အဖြစ် ဆင်သေချောင်းအတွင်းမှ ရေကို တိုက်ရိုက်ရေခေါ်မြောင်းတူးဖော်ခြင်းလုပ်ငန်းဖြင့် ဆောင်ရွက်ပေးခဲ့ရာ မေ ၂ ရက်တွင် လက်ဝဲတူးမြောင်းမကြီးသို့ စိုက်ပျိုးရေတိုက်ရိုက်ဖြည့်သွင်းပေးနိုင်ခဲ့သည်။

စာမျက်နှာ ၃ ကော်လံ ၅ ✻


**ယနေ့ ဖတ် စ ရာ**

AI တလွဲအသုံးပြုမှုနှင့် ကျင့်ဝတ်ဆိုင်ရာစိန်ခေါ်မှု — ဆောင်းပါး — စာ ၆

ကျောက်ဆည်ခရိုင်အတွင်းရှိ ငလျင်ဒဏ်သင့်၍ ပြိုကျပျက်စီးခဲ့သော အဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် ဘီလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများ ဆက်လက်ရောင်းချပေးလျက်ရှိ — ပြည်တွင်းသတင်း — စာ ၈

ခရီးသွားအတွေ့အကြုံများမှ စိုက်ပျိုးမွေးမြူရေး၊ သစ်တော၊ ပတ်ဝန်းကျင်နှင့် ဆက်စပ်ဘာသာရပ်များအတွက် အတွေးများ (အမှတ်-၁) — ဆောင်းပါး — စာ ၁၆




## ကျောင်းနေအရွယ်အားလုံးကျောင်းအပ်နှံရေးနှင့် ကျောင်းထွက်နှုန်းလျှော့ချရေး ဝိုင်းဝန်းဆောင်ရွက်

နောက်လာမည့် ရက်သတ္တပတ်တွင် ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းအပ်နှံကြရတော့မည်ဖြစ်သည်။ မေလ ၂၂ ရက်မှဇွန်လ ၁ ရက်နေ့အထိသည် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ကျောင်းအပ်နှံရေးသီတင်းပတ်ဖြစ်ရာ မိမိတို့၏ ကျောင်းနေအရွယ် ရင်သွေးငယ်များ တစ်ယောက်မကျန် မဖြစ်မနေ ကျောင်းအပ်နှံကြရန်လိုသည်။ ကြမ်းတမ်းခက်ခဲသည့် ခရီးလမ်းတစ်ခုအတွက် စားသောက်ရန်ရိက္ခာ၊ ကာကွယ်ရန်လက်နက်၊ လမ်းကြောင်းရှာဖွေရန် အလင်းရောင်တို့ ဆောင်ယူကြရမြဲဖြစ်ရာ ဘဝခရီးအတွက်မှာမူ ပညာသည်ပင် ရိက္ခာ၊ ပညာသည်ပင် လက်နက်၊ ပညာသည်ပင် အလင်းရောင်ဟုမှတ်ယူကာ ပညာကို ပြည့်စုံပြီးမြောက်သည်အထိ သင်ယူကြရမည်ဖြစ်သည်။

ကိုဗစ်-၁၉ ကပ်ရောဂါအလွန် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ခဲ့ရာတွင် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် ကျောင်းသားဦးရေ ၅ ဒသမ ၃ သန်း၊ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် ကျောင်းသားဦးရေ ၇ ဒသမ ၂၃ သန်း၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ကျောင်းသားဦးရေ ၈ သန်းကျော်နှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ၇ ဒသမ ၃ သန်းကျော် ကျောင်းအပ်နှံခဲ့ကြသည်။ အခြေခံပညာကဏ္ဍ ပညာရေးအခြေအနေနှင့်စပ်လျဉ်း၍ ၁၀ နှစ်တာ ဆန်းစစ်လေ့လာချက်များအရ အခြေခံပညာမူလတန်းတွင် ကျောင်းစတင်ဝင်ရောက်လာသူ စုစုပေါင်း၏ ၃ ပုံ ၁ ပုံခန့်သည် မူလတန်းတွင်လည်းကောင်း၊ ထက်ဝက်စွန်းစွန်းခန့်သည် အလယ်တန်းတွင်လည်းကောင်း ကျန်ရစ်ခဲ့ကြပြီး တက္ကသိုလ်ဝင်တန်းသို့ ရောက်ရှိလာနိုင်သူ ကျောင်းသားဦးရေမှာ ၂၀ ရာခိုင်နှုန်း မပြည့်ကြောင်း တွေ့ရှိရသည်ဟုဆိုသည်။ သူငယ်တန်းတက်ခဲ့သူ ကျောင်းသား ၁၀၀ တွင် ၈၀ ကျော် ပညာတစ်ပိုင်းတစ်စဖြင့် ကျောင်းထွက်ခဲ့ကြပြီး တက္ကသိုလ်ဝင်တန်းသို့ ကျောင်းသား ၂၀ ခန့်သာ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

မျက်မှောက်ကာလ ပြည်တွင်း ပြည်ပ အတတ်ပညာ၊ နည်းပညာများ တိုးတက်နေသည့် အခြေအနေများအရ လူတစ်ယောက်သည် သေစာရှင်စာ တတ်ရုံမျှဖြင့် မလုံလောက်တော့။ လူ့ဘဝတွင် ရပ်တည်ရှင်သန်နိုင်ရန်အတွက် အနည်းဆုံး အခြေခံပညာအလယ်တန်းအဆင့် ပြီးမြောက်အောင်မြင်သည်အထိ တတ်ထားသင့်သည်။ သို့ဖြစ်ရာ နိုင်ငံတော်အစိုးရက လူတိုင်း KG+9 အထိ ပညာသင်ကြားရန် ဦးတည်ချက်ချမှတ်ဆောင်ရွက်လျက်ရှိသည်။ အခြေခံပညာ မူလတန်း၊ အလယ်တန်း၊ အထက်တန်းအားလုံး အခမဲ့ပညာရေးစနစ်ဖြင့် သင်ကြားပေးနေခြင်းဖြစ်၍ ကျောင်းအပ်နှံရာတွင် ကျောင်းလခအပါအဝင် မည်သည့်အခကြေးငွေမျှ ပေးစရာမလိုအပ်သည့်အပြင် သူငယ်တန်း (KG) မှ ဒွါဒသမတန်း (Grade -12) အထိ ဖတ်စာအုပ်နှင့် ဗလာစာအုပ်၊ စာရေးကိရိယာများ ထောက်ပံ့ပေးအပ်လျက်ရှိရာ သူငယ်တန်း (KG) မှ ပဉ္စမတန်း (Grade 5) အထိ ကျောင်းဝတ်စုံတစ်စုံစီပင် ပါသေးသည်။ သို့ဖြစ်ရာ မိဘအုပ်ထိန်းသူများအနေဖြင့် ကလေးများကို ကျောင်းသို့ အရောက်ပို့နိုင်ရန်သာ အားထုတ်ကြဖို့လိုသည်။

ယခုအခါ အခြေခံပညာအလယ်တန်း (KG+9) အထိ သင်ယူပြီးမြောက် အောင်မြင်သည့် ကျောင်းသား ကျောင်းသူများအတွက် ရွေးချယ်စရာ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုစသည့်အသက်မွေးဝမ်းကျောင်းပညာသင်ယူနိုင်သည့် အခွင့်အလမ်းများကိုလည်း ဖန်တီးပေးထားပြီးဖြစ်ရာ မည်သည့်အကြောင်းကြောင့်မဆို ပညာရေးကို ကျောခိုင်းသွားရန်မသင့်ဘဲ ဓွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် အခက်အခဲများကို ရင်ဆိုင်ကျော်လွှားကာ ပညာသင်ယူကြရန် တိုက်တွန်းအားပေးလိုသည်။ သို့ဖြစ်ရာ ကျောင်းနေအရွယ်ကလေးအားလုံးပညာသင်ကြားနိုင်ရေး၊ မူလတန်းအရွယ်ကလေးအားလုံး ကျောင်းအပ်နှံရေး၊ ကျောင်းသား ကျောင်းသူအားလုံး အနည်းဆုံး KG+9 ပြီးမြောက်အောင်မြင်ရေး၊ ကျောင်းဝင်နှုန်းတိုးမြှင့်ပြီး တန်းစဉ်ကူးပြောင်းမှု မြင့်မားရေးနှင့် ကျောင်းထွက်မှုနှုန်းလျှော့နည်းကျဆင်းရေးတို့အတွက် မြို့နယ်ရပ်ရွာဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဆရာ ဆရာမများ၊ မိဘများ၊ ရပ်မိရပ်ဖများ ပူးပေါင်းဆောင်ရွက်မှု၊ စည်းရုံးလှုံ့ဆော်မှု၊ အားပေးပံ့ပိုးမှု နည်းလမ်းများဖြင့် တက်တက်ကြွကြွ ဝိုင်းဝန်းဆောင်ရွက်ကြရပါမည့်အကြောင်း။ ။

## နေ့သင်တန်းများ ဖွင့်လှစ်ကြောင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
**အဆင့်မြင့်ပညာဦးစီးဌာန**
ကြေညာချက်
**နေ့သင်တန်းများဖွင့်လှစ်ကြောင်း ကြေညာခြင်း**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များ၏ ဘွဲ့ကြိုတန်းများနှင့် ဘွဲ့လွန်တန်းများကို ၂၂-၅-၂၀၂၅ ရက်နေ့မှ စတင်၍ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ကျောင်းအပ်လက်ခံပြီး ၂-၆-၂၀၂၅ ရက်နေ့မှစတင်၍ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန

## ၁၅ - ၅ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု (ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၅၇၁၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)
ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ဇလွန်မြို့နယ်၌ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေထောက်ပံ့

ဇလွန် မေ ၁၅

ဇလွန်မြို့နယ်၌ ၂၀၂၄-၂၀၂၅ ခုနှစ် ရေကြီးနစ်မြုပ်မှုကြောင့် မိုးစပါးများ ထိခိုက်ပျက်စီးမှုများအပေါ် ပြန်လည်စိုက်ပျိုးနိုင်မှုအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ၂၅ ရာခိုင်နှုန်း ထောက်ပံ့ခြင်း အခမ်းအနားကို ယမန်နေ့က မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ပြုလုပ်သည်။

ဦးစွာ ဟင်္သာတခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှိုင်ထွန်းက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးနိုင်ကျော်စိုးက ရန်ပုံငွေ ၂၅ ရာခိုင်နှုန်း ထောက်ပံ့ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ မိုးစပါးများ ပြန်လည်စိုက်ပျိုးသည့် တောင်သူ ၁၇၀ အတွက် ထောက်ပံ့ငွေကျပ် ၂၃၅၅၀၀၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၆ - ၅ - ၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၅၀ | ၂၈၆၀ | ၂၈၃၀ | ၂၇၆၅ | ၂၈၇၀ | ၂၈၈၅ | ၂၉၀၀ | ၂၈၂၀ | ၄၅၀၅ | ၃၁၀၅ | ၂၈၃၅ | ၂၈၄၀ | ၂၉၁၀ | ၂၈၇၅ | ၂၈၉၅ | ၃၁၅၀ |
| 95 Ron | ၂၈၀၅ | ၂၉၂၀ | ၂၈၈၅ | ၂၈၂၀ | ၂၉၂၅ | ၂၉၄၀ | ၂၉၆၀ | ၂၈၇၅ | ၄၅၆၀ | ၃၁၇၀ | ၂၈၉၅ | ၂၈၉၅ | ၂၉၆၅ | ၂၉၃၀ | ၂၉၅၀ | ၃၂၀၀ |
| HSD (500 ppm) | ၂၃၂၀ | ၂၄၃၀ | ၂၄၀၀ | ၂၃၃၅ | ၂၄၄၀ | ၂၄၅၅ | ၂၄၇၀ | ၂၃၉၀ | - | ၂၆၈၅ | ၂၄၀၅ | ၂၄၁၀ | ၂၄၈၀ | ၂၄၄၅ | ၂၄၆၅ | ၂၇၂၀ |
| HSD (50 ppm) | ၂၈၅၅ | ၂၉၆၅ | ၂၉၃၅ | ၂၈၇၀ | ၂၉၇၅ | ၂၉၉၀ | ၃၀၀၅ | ၂၉၂၅ | ၄၈၃၀ | ၃၂၂၀ | ၂၉၄၀ | ၂၉၄၅ | ၃၀၁၅ | ၂၉၈၀ | ၃၀၀၀ | ၃၂၅၅ |
| HSD (10 ppm) | ၂၈၅၅ | ၂၉၆၅ | ၂၉၃၅ | ၂၈၇၀ | ၂၉၇၅ | ၂၉၉၀ | ၃၀၀၅ | ၂၉၂၅ | - | ၃၂၂၀ | ၂၉၄၀ | ၂၉၄၅ | ၃၀၁၅ | ၂၉၈၀ | ၃၀၀၀ | ၃၂၅၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၈၇ | ၂၆၇၂ |
| 95 Ron | ၂၆၄၂ | ၂၇၂၈ |
| HSD (500 ppm) | ၂၁၇၀ | ၂၂၄၃ |
| HSD (50 ppm) | ၂၆၈၉ | ၂၇၇၂ |
| HSD (10 ppm) | ၂၆၈၉ | ၂၇၇၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။
(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ် - စိုးစိုးနိုင်
စာတည်းမှူး - မြင့်စိုး
စာတည်းများ - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့
သတင်းထောက်မှူး - ခင်ရတနာ
အကြီးတန်း - ကျော်သူဝင်း၊ တင်မောင်လွင်၊
သတင်းထောက်များ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်း - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
သတင်းထောက်များ
ဓာတ်ပုံသတင်းထောက် - တင်စိုး
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News Presented by NPE www.mdn.gov.mm

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဝမ္ဘဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဝမ္ဘဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## မြန်မာနိုင်ငံတွင်လှုပ်ခတ်ခဲ့သည့် အင်အားပြင်း မန္တလေးငလျင်ကြီးကြောင့် ပျက်စီးဆုံးရှုံးရမှုများနှင့် ပတ်သက်၍ မော်စကိုမြို့နှင့် ရုရှားနိုင်ငံလုံးဆိုင်ရာ ရှေးရိုးခရစ်ယာန်ဂိုဏ်းဘုန်းတော်ကြီး ကီးလ်ရီယို က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် မေ ၁၅

မြန်မာနိုင်ငံတွင်လှုပ်ခတ်ခဲ့သည့် အင်အားပြင်း မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများ၊ အသက်ဆုံးရှုံးမှုများနှင့် ထိခိုက်ဒဏ်ရာရရှိမှုများ အမြောက်အမြားဖြစ်ပေါ်ခဲ့ခြင်းအတွက် မော်စကိုမြို့နှင့် ရုရှားနိုင်ငံလုံးဆိုင်ရာ ရှေးရိုးခရစ်ယာန်ဂိုဏ်းဘုန်းတော်ကြီး ကီးလ်ရီယို က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာတွင် မြန်မာနိုင်ငံ၌ ငလျင်လှုပ်ခတ်ခဲ့သည့်သတင်းကို ကြားသိရသည့်အတွက် များစွာဝမ်းနည်းမိပါကြောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် ပြည်သူများစွာ အသက်ဆုံးရှုံးထိခိုက်ခံစားခဲ့ရပြီး နိုင်ငံ၏ အခြေခံအဆောက်အအုံများ ပျက်စီးခဲ့ရခြင်းအတွက် အထူးစာနာထောက်ထားမိပါကြောင်းနှင့် မြေငလျင်ကြောင့် ထိခိုက်ခံစားရသူများအနေဖြင့် ခွန်အားသစ်များ ပြန်လည်ရရှိပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါကြောင်းတို့ ဖော်ပြပါရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

အဆွေတော် မစ္စတာ မင်းအောင်လှိုင်
ဝန်ကြီးချုပ်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အဆွေတော်၊
ဝန်ကြီးချုပ်၊

မြန်မာနိုင်ငံတွင် မြေငလျင်လှုပ်ခတ်ခဲ့သည့်သတင်းကို ကြားသိရသည့်အတွက် များစွာကြေကွဲမိပါသည်။ သဘာဝဘေးအန္တရာယ်ကြောင့် ပြည်သူများစွာ အသက်ဆုံးရှုံး၊ ထိခိုက်ခံစားခဲ့ရပြီး နိုင်ငံ၏ အခြေခံအဆောက်အအုံများ ပျက်စီးခဲ့ကြောင်း သိရှိရပါသည်။

အဆွေတော်နှင့် မြန်မာပြည်သူများအား အထူးစာနာထောက်ထားမိပါကြောင်းနှင့် မြေငလျင်ကြောင့် ထိခိုက်ခံစားရသူများအနေဖြင့် ခွန်အားသစ်များ ပြန်လည်ရရှိပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ဝမ်းနည်းမှုဖြင့်

ကီးလ်ရီယို
မော်စကိုမြို့နှင့် ရုရှားနိုင်ငံလုံးဆိုင်ရာ ရှေးရိုးခရစ်ယာန်ဂိုဏ်း
ဘုန်းတော်ကြီး

## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး (UNOPS)၏ မြန်မာနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူးနှင့် ကိုယ်စားလှယ် Ms. Sara Austin Netzer အား လက်ခံတွေ့ဆုံ



နေပြည်တော် မေ ၁၅

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး (UNOPS) ၏ မြန်မာနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူးနှင့် ကိုယ်စားလှယ် Ms. Sara Austin Netzer အား ယနေ့မွန်းလွဲ ၁ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)

ထိုသို့တွေ့ဆုံစဉ် UNOPS မှ ငလျင်ဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့မှုအခြေအနေ၊ မြန်မာအစိုးရနှင့် UNOPS အကြား ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် အခြေအနေများနှင့်ပတ်သက်၍ နှစ်ဖက်အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

◆ *ရှေ့ဖုံးမှ*

မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် KG မှ Grade-11 အထိ အတန်းစဉ်အလိုက် စာမေးပွဲများကို ဖေဖော်ဝါရီနှင့် မတ်လအတွင်းက ကျင်းပပေးခဲ့ပြီး အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ Grade -5 နှင့် Grade-9 မပါ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၈၃၄၁၁၃ ဦးနှင့် Grade -5 နှင့် Grade-9 ကျောင်းသားကျောင်းသူပေါင်း ၅၄၀၂၀ ဝင်ရောက်ဖြေဆိုခဲ့ရာ ဖြေဆိုအောင်မြင်သူများကို သက်ဆိုင်ရာကျောင်းများအလိုက် အောင်စာရင်းရလဒ်များကို ကြေညာပေးခဲ့ခြင်းဖြစ်သည်။

အောင်စာရင်းများ ထုတ်ပြန်ကြေညာပေးခြင်းနှင့်စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီးပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးမြင့်ချိုက "ကျွန်တော်တို့ တိုင်းပညာရေးမှူးရုံးအနေနဲ့ Grade – 5 နဲ့ Grade –9 အောင်စာရင်းတွေကို ကြီးကြပ်ပေးရပါတယ်။ ဒီလိုကြီးကြပ်ပေးပြီး Grade – 9 အောင်စာရင်းရလဒ်တွေကိုတော့ ခရိုင်ပညာရေးမှူးရုံးက ထုတ်ပြန်ပေးရပါတယ်။ Grade–5 အောင်စာရင်းရလဒ်တွေကိုတော့ မြို့နယ်ပညာရေးမှူးရုံးက ထုတ်ပြန်ပေးရတာဖြစ်ပါတယ်။ အောင်စာရင်းတွေကိုတော့ သက်ဆိုင်ရာကျောင်းအသီးသီးမှာ မနက် ၆ နာရီကစပြီး ထုတ်ပြန်ပေးပါတယ်။ ကျောင်းသား ကျောင်းသူတွေ စနစ်တကျ ကြည့်ရှုနိုင်အောင် ကြီးကြပ်ဆောင်ရွက်ပေးခဲ့ပါတယ်။ နိုင်ငံတော်ကလည်း ကျောင်းနေအရွယ် ကလေးအားလုံးအတွက် လိုအပ်တာတွေကိုထောက်ပံ့ပေးသွားမှာဖြစ်တဲ့အတွက် လာရောက်ကျောင်းအပ်နှံကြဖို့ ပြောကြားလိုပါတယ်"ဟု ပြောသည်။

၂၀၂၅ - ၂၀၂၆ ပညာသင်နှစ်အတွက် "ကျောင်းနေအရွယ်ကလေးအားလုံး စဉ်ဆက်မပြတ် ပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့" ဆောင်ပုဒ်ဖြင့် ကျောင်းအပ်နှံရေးသီတင်းပတ်ကို မေ ၂၂ ရက်မှ ဇွန် ၁ ရက်အထိ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံများ၊ ပုံနှိပ်စာအုပ်များ ကျောင်းသုံးဗလာစာအုပ်များနှင့် စာရေးကိရိယာများကိုလည်း ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်အေးချမ်း**

※ *ရှေ့ဖုံးမှ*

ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၏ အနီးကပ်ကြီးကြပ်စစ်ဆေးညွှန်ကြားမှု၊ ဌာနမှဝန်ထမ်းများ၊ ဒေသခံအုပ်ချုပ်ရေးအဖွဲ့များ၊ တောင်သူများ ပူးပေါင်း၍ ရေလှည့်စနစ်၊ ရေစီမံခန့်ခွဲမှုနည်းလမ်းများဖြင့် ရေပေးဝေခဲ့ရာ မေ ၁၃ ရက် ညနေပိုင်းတွင် လက်ဝဲတူးမြောင်းမကြီးရှိ စိုက်ပျိုးပြီး ၆၆၅၅ ဧကကို အပြည့်အဝ ရေပေးဝေနိုင်ခဲ့သည်။

မေ ၁၅ ရက်တွင် ဆင်သေရေလွှဲဆည်ရေသောက်စနစ်ရှိ စိုက်ပျိုးပြီး နွေစပါးစုစုပေါင်း ၈၉၃၄ ဧကကို အပြည့်အဝ ရေပေးဝေထားရှိပြီးဖြစ်ကြောင်းနှင့် ဆက်လက်၍ စပါးရိတ်သိမ်းပြီးချိန်အထိ လိုအပ်သောစိုက်ပျိုးရေအပြည့်အဝပေးဝေရေးကို တာဝန်ယူဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဧရာဝတီတိုင်းဒေသကြီး ကျောင်းအပ်နှံရေးနေ့ မြေစိုက်ပိုစတာစိုက်ထူခြင်း အခမ်းအနားတက်ရောက်ပြီး လပွတ္တာမြို့နယ်ရှိ မွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် မေ ၁၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများသည် ယနေ့နံနက်ပိုင်းတွင် ပုသိမ်မြို့ တိုင်းဒေသကြီး ပညာရေးမှူးရုံးရှေ့တွင် ပြုလုပ်သည့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဧရာဝတီတိုင်းဒေသကြီး ကျောင်းအပ်နှံရေးနေ့ မြေစိုက်ပိုစတာစိုက်ထူခြင်း အခမ်းအနားသို့ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် အစိုးရအဖွဲ့ဝင်များက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဧရာဝတီတိုင်းဒေသကြီး ကျောင်းအပ်နှံရေးနေ့ မြေစိုက်ပိုစတာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်က စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

**အမွေးနံ့သာများပက်ဖျန်း**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများက မြေစိုက်ပိုစတာအား အမွှေးနံ့သာများ ပက်ဖျန်းကြပြီး ပုသိမ်မြို့ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း ဘင်ခရာအဖွဲ့နှင့် ပန်းဖွားအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်၍ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများ၊ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများနှင့်တွေ့ဆုံကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် ဆရာ ဆရာမများ၊ ကျောင်းသားမိဘများ၊ ကျောင်းအကျိုးတော်ဆောင် ကော်မတီများ ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် လပွတ္တာမြို့နယ် ရေဆိုင်ကျေးရွာအုပ်စု စမ်းချောင်းကျေးရွာရှိ ကွဲမွေးမြူရေး အသုံးချသုတေသနနှင့် မျိုးထိန်း၊ မျိုးပွားခြံသို့ ရောက်ရှိပြီး ခိုင်းကျွဲများ တိုးတက်မွေးမြူထုတ်လုပ်ဖြန့်ဖြူးနိုင်ရန်၊ ခိုင်းကျွဲ၊ နွားအစာထုတ်လုပ်ကျွေးမွေးခြင်း ပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန် မှာကြား၍ လပွတ္တာမြို့နယ် တက်စ်ကမ်မရိန်း လပွတ္တာလီမိတက်သို့ သွားရောက်ပြီး ကဏန်းပျော့ မွေးမြူထုတ်လုပ်ပုံအဆင့်ဆင့် ဗီဒီယိုမှတ်တမ်းကို ကြည့်ရှုသည်။

ဆက်လက်၍ လပွတ္တာမြို့နယ်အတွင်းရှိ အအေးခန်းစက်ရုံများနှင့် ငါး၊ ပုစွန်၊ ကဏန်းလုပ်ငန်းရှင်များက မန္တလေးငလျင်ဘေးသင့်ပြည်သူများအတွက် အလှူငွေများ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

ထို့နောက် စူပါရွှေကဏန်း မွေးမြူရေးလုပ်ငန်းသို့ သွားရောက်၍ ကဏန်းပျော့မွေးမြူ ထုတ်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်က လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် လပွတ္တာမြို့နယ် ရွှေးမြစ်နှင့် ပြာမလော့မြစ်အကြားတွင် တည်ဆောက်ရေး(၉)၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ရေငန်တားတာများ တည်ဆောက်ခြင်း စီမံကိန်းနှင့် မြစ်ကြိုးကြီးရေတံခါး (၆ ပေ x ၆ ပေ) ၄ပေါက် တည်ဆောက်ခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒေသခံတောင်သူများနှင့် တွေ့ဆုံပွဲကျင်းပရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဧရာဝတီတိုင်းဒေသကြီးအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားကာ လပွတ္တာမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများမှ တောင်သူများအား သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) မျိုးစေ့များနှင့် မျိုးစေ့ချကိရိယာ(Drum Seeder)များ ပေးအပ်သည်။

ထို့နောက် ကရင်စာပေနှင့် ယဉ်ကျေးမှုအသင်း တည်ဆောက်မည့် မြေနေရာအတွက် မြေပေးမိန့်ကို လပွတ္တာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ပေးအပ်ရာ ကရင်စာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌက လက်ခံရယူပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်က နိဂုံးချုပ်အမှာစကား ပြောကြားကာ ဒုံးယိမ်းအကအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီးအဆောက်အအုံများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး

**ပဲခူး မေ ၁၅**

ပဲခူးတိုင်းဒေသကြီးအဆောက်အအုံများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၂၅) ကို ယနေ့ နံနက်ပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ကျင်းပသည်။ **(ယာပုံ)**

ဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ပဲခူးတိုင်းဒေသကြီးအတွင်း လူသေဆုံးမှုနှင့် လမ်း/တံတား အပါအဝင် အဆောက်အအုံများလည်း ထိခိုက်မှု ရှိခဲ့ကြောင်း၊ ငလျင်ဖြစ်ပွားပြီး နောက်တစ်ရက်တွင် ရန်ကုန် - မန္တလေးအမြန်လမ်းမကြီး၌ လမ်းပန်းဆက်သွယ်ရေး အမြန်ဆုံးကောင်းမွန်ရေး ကွင်းဆင်းစိစစ်၍ ရက်ပိုင်းအတွင်း အမြန်ဆုံးပြုပြင်ပေးနိုင်ခဲ့ကြောင်း၊ ထိခိုက်ပျက်စီးခဲ့သည့် ပုဂ္ဂလိကပိုင် အဆောက်အအုံများသည် ၎င်းတို့နီးစပ်ရာ အင်ဂျင်နီယာ မဟုတ်သောသူများနှင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကာ နံရံပြိုကျခြင်း၊ ခေါင်မိုးပြိုကျခြင်းများကြောင့် လူသေဆုံးရခြင်းဖြစ်ကြောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်း ငလျင်ဒဏ်ကြောင့် ပြိုကျ၊ ပျက်စီး၊ ထိခိုက်ခဲ့သည့် အဆောက်အအုံများကို အချိန်နှင့်တစ်ပြေးညီ စစ်ဆေးခြင်း၊ မှတ်တမ်းဓာတ်ပုံရိုက်ကူးခြင်းနှင့် ပျက်စီးဆုံးရှုံးမှုစာရင်းများ စနစ်တကျတွက်ချက်ထားပြီးဖြစ်၍ ယခုအခါ အဆိုပါနေရာများသို့ ကွင်းဆင်းစိစစ်ဆောင်ရွက်ရာတွင် များစွာအထောက်အကူဖြစ်စေမည်ဖြစ်ကြောင်းနှင့် တောင်ငူခရိုင်အတွင်း ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများကို ကွင်းဆင်းစိစစ်ရာတွင် လိုအပ်ချက်မရှိစေရေး အားလုံးပူးပေါင်းဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးတင်ဆွေက ပဲခူးတိုင်းဒေသကြီးအတွင်း ငလျင်ဒဏ်ကြောင့် ထိခိုက်၊ ပျက်စီးခဲ့သည့် လမ်း/တံတား၊ အဆောက်အအုံများကို ကွင်းဆင်းစိစစ်ခြင်း၊ ပြင်ဆင်ခြင်းနှင့် စာရင်းဇယားပြုစုခြင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ် ဥက္ကဋ္ဌ ဦးခင်မောင်ငွေးက မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်အနေဖြင့် ငလျင်ဒဏ်သင့်ဒေသများသို့ နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးဆောင်ရွက်မှု၊ ဒေသတွင်း အင်ဂျင်နီယာများအား အသိပညာပေးခြင်းဆိုင်ရာ ဆောင်ရွက်နေမှုနှင့် ကွင်းဆင်းစစ်ဆေးခြင်းပိုင်း လုပ်ငန်းဆောင်ရွက်ပေးနေမှုများကိုလည်းကောင်း၊ အထွေထွေအတွင်းရေးမှူးချုပ် ဒေါ်ဝင်းမို့မို့လွင်က ပဲခူးတိုင်းဒေသကြီးအတွင်း ငလျင်ဒဏ်သင့်အဆောက်အအုံများ ကွင်းဆင်းစစ်ဆေးဆောင်ရွက်သွားမည့် အခြေအနေများကိုလည်းကောင်း၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၏ အဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြခဲ့ကြသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး လမ်းဦးစီးဌာနညွှန်ကြားရေးမှူးက ကွင်းဆင်းစစ်ဆေးဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ခရိုင်/မြို့နယ်တည်ဆောက်ရေးလုပ်ငန်းကြီးကြပ်မှုကော်မတီများမှ ဌာနဆိုင်ရာအင်ဂျင်နီယာများက ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။



ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပဲခူးတိုင်းဒေသကြီးအတွင်း ငလျင်ဘေးဒဏ်သင့်အဆောက်အအုံများကို ကွင်းဆင်းစစ်ဆေးပေးသည့်အပေါ် အသိအမှတ်ပြုကျေးဇူးတင်ရှိကြောင်းနှင့် လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ပဲခူးတိုင်းဒေသကြီးအတွင်း တောင်ငူခရိုင်၌ ရုံးအဆောက်အအုံ၊ ဝန်ထမ်းအိမ်ရာ၊ အထူးအဆောက်အအုံနှင့် ကျောင်းအဆောက်အအုံ အပြာရောင်အဆင့် ၆၉၂ ခု၊ လိမ္မော်ရောင်အဆင့် ၆၃ ခု၊ အနီရောင်အဆင့် ၈၄ ခုရှိပြီး မေ ၁၅ ရက်မှစ၍ အင်ဂျင်နီယာအသင်းချုပ်မှ အဖွဲ့ဝင် ၁၆ ဦးဖြင့် အဖွဲ့လေးဖွဲ့ခွဲ၍ အနီရောင်အဆင့် အဆောက်အအုံ ၈၄ လုံးကို ဦးစားပေး ကွင်းဆင်းစိစစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# လပွတ္တာမြို့နယ်၌ စဉ်ဆက်မပြတ်ပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့ ဆိုင်းဘုတ်တင်ပွဲကျင်းပ

**လပွတ္တာ မေ ၁၅**

လပွတ္တာမြို့နယ်၌ ၂၀၂၅ - ၂၀၂၆ ပညာသင်နှစ်၏ ကျောင်းအပ်နှံရေး သီတင်းပတ်အဖြစ် ၂၀၂၅ ခုနှစ် မေ ၂၂ ရက်မှ ဇွန် ၁ ရက်အထိ သတ်မှတ်ထားပြီး ကျောင်းနေအရွယ်ကလေးများအားလုံး အခြေခံပညာသင်ကြားနိုင်စေရန်နှင့် ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေးအတွက် လပွတ္တာမြို့၏ လူစည်ကားရာနေရာဖြစ်သည့် အမှတ်(၄)ရပ်ကွက် ဆုတောင်းပြည့်ဘုရားကြီးအနီးတွင် ကျောင်းအပ်နှံရေးသီတင်းပတ်ဆိုင်းဘုတ်ကို ယနေ့ နံနက် ၇ နာရီက စိုက်ထူခဲ့ကြသည်။

အဆိုပါ ကျောင်းအပ်နှံရေးသီတင်းပတ် ဆိုင်းဘုတ်တင်ပွဲကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလွင်ကိုဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသူရနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးနှင့် ပညာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသင်းအဖွဲ့များနှင့် ပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဟိန်းထက်လင်း(ပြန်/ဆက်)**

# ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေးပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းဖိုရမ်ကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၁၅**

ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေး ပြန်လည်ကုစားခြင်းနှင့်ပြန်လည်ထူထောင်ခြင်း (Rebuilding Myanmar : Post–Earthquake Economic Recovery) ဖိုရမ် ကျင်းပရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေးပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်း(Rebuilding Myanmar : Post–Earthquake Economic Recovery) ဖိုရမ်ကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

အစည်းအဝေးသို့ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာ့ပုံရိပ်ဖော်ညွှန်း အဖွဲ့ဥက္ကဋ္ဌ ဦးကိုကို၊ ဒါရိုက်တာ ဒေါက်တာဇော်ဦး၊ UMFCCI အထွေထွေ အတွင်းရေးမှူးချုပ် ဒေါ်ခိုင်ခိုင်နွယ်နှင့် တာဝန်ရှိသူများ တတ်ရောက်ကြပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဥက္ကဋ္ဌ ဦးအေးဝင်းက Video Conferencing ဖြင့် တက်ရောက်သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မန္တလေးငလျင်ကြီးခံစားရပြီး နောက်ပိုင်း မြန်မာ့စီးပွားရေး ပြန်လည်ဦးမော့လာစေရန် ယခုဖိုရမ်ကို ကျင်းပခြင်းဖြစ်ပါကြောင်း၊ ပြီးခဲ့သည့် မတ်လအတွင်းက နိုင်ငံတော်အဆင့် ဖိုရမ်တစ်ခုကို နိုင်ငံတကာပညာရှင်များအပါအဝင် ပြည်တွင်းပညာရှင်များဖြင့် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ယခုဖိုရမ်မှလည်း နိုင်ငံတော်အတွက် ကောင်းမွန်သည့်ရလဒ်များ ရရှိနိုင်မည်ဟု ယုံကြည်ပါကြောင်း။

ယခုကျင်းပမည့် ဖိုရမ်သို့လုပ်ငန်းရှင်များ၊ စိတ်ပါဝင်စားသူပြည်သူများ ပါဝင်တက်ရောက်ပြီး လက်တွေ့ကျကျဆွေးနွေးနိုင်ရန်နှင့် ပြည်သူများ၊ လုပ်ငန်းရှင်များ ပိုမိုပူးပေါင်းဆောင်ရွက်ရန်လည်း ရည်ရွယ်ပါကြောင်း၊ အဆိုပါဖိုရမ်တွင် ကောင်းမွန်သည့် ရလဒ်များဖြင့် တိုင်းပြည်အရှေ့တစ်ခုသို့ ရောက်ရှိစေရေးအတွက် လိုအပ်သည့် ဆွေးနွေးချက်များရရှိအောင် ဝိုင်းဝန်းဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

**အထောက်အကူပြုနိုင်မည်**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက မန္တလေးငလျင်ဖြစ်ပွားခဲ့သည့်အတွက် အစိုးရအဆောက်အအုံများ၊ ပုဂ္ဂလိကအဆောက်အအုံများ ပျက်စီးခဲ့ပြီး စီးပွားရေးနှင့်ပတ်သက်၍ လယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ ထုတ်လုပ်ရေးကဏ္ဍ တို့တွင်လည်း ပျက်စီးမှုများ ရှိခဲ့ပါကြောင်း၊ ယခု ဖိုရမ်ကျင်းပခြင်းဖြင့် စီးပွားရေးကဏ္ဍအပါအဝင် ကဏ္ဍအချို့ကို ယခုကျင်းပမည့် ဖိုရမ်မှ ထွက်ပေါ်လာသည့် ရလဒ်များက အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်က ဖိုရမ်ကျင်းပရေးနှင့် စပ်လျဉ်း၍ ရည်ရွယ်ချက်၊ ဆွေးနွေးမည့် ခေါင်းစဉ်များ၊ တက်ရောက်ဆွေးနွေးမည့် ပုဂ္ဂိုလ်များ၊ ဖိတ်ကြားသွားမည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးရဲတင့်၊ UMFCCI ဥက္ကဋ္ဌ ဦးအေးဝင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကိုကို၊ ဒါရိုက်တာ ဒေါက်တာဇော်ဦး၊ ဒေါ်ခိုင်ခိုင်နွယ်တို့က ဖိုရမ်အောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် စီစဉ်ဆောင်ရွက်ထားရှိမှုများနှင့် လိုအပ်ချက်များ ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

**မည်သူမဆိုပါဝင်တက်ရောက်နိုင်**

အဆိုပါ ဖိုရမ်တွင် မန္တလေးငလျင်ကြီး၏ စီးပွားရေးအပေါ် ရိုက်ခတ်မှုများ၊ စီးပွားရေး ပြန်လည်ထူထောင်ရာတွင် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ၊ စီးပွားရေး ပြန်လည်ကုစားခြင်းအတွက် စုပေါင်းအဖြေရှာခြင်းဟူသည့် ခေါင်းစဉ်သုံးခုဖြင့် ဆွေးနွေးကြမည်ဖြစ်ပြီး မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသော စီးပွားရေးလုပ်ငန်းများအား ပြန်လည်ထူထောင်အားကောင်းလာစေရန်၊ ငလျင်ဘေးအလွန်ကာလတွင် ဖြစ်ပေါ်လာမည့် ပြည်တွင်း/ပြည်ပဈေးကွက် စီးပွားရေးအသစ်များ၊ နိုင်ငံ့စီးပွားရေးပိုမိုကောင်းမွန်စေမည့်အခွင့်အလမ်းများနှင့် ကြုံတွေ့ရနိုင်သည့်စိန်ခေါ်မှုများအား သိရှိနိုင်စေရန်၊ မြန်မာနိုင်ငံ၏ ပထဝီနိုင်ငံရေးအခြေအနေအကျင်းနှင့် ပထဝီစီးပွားရေးအခွင့်အလမ်းများကို သိရှိအသုံးချပြီး ပြည်တွင်းမှ ထုတ်ကုန်ပစ္စည်းများအား ဈေးကွက်ချဲ့ထွင်နိုင်ရေးနှင့် စီးပွားရေးလုပ်ငန်းရှင်များ အချင်းချင်းပေါင်းစည်းမြှင့်တင်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ကျင်းပမည်ဖြစ်ကြောင်းနှင့် ဖိုရမ်သို့ စိတ်ပါဝင်စားသူ မည်သူမဆို ပါဝင်တက်ရောက်နိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## ရန်ကုန်အနောက်ပိုင်းခရိုင် လူထုအခြေပြုဗဟိုဌာန(ဗဟန်း)၌ လေထုညစ်ညမ်းမှုအကြောင်းသိကောင်းစရာ အသိပညာပေး

**ရန်ကုန် မေ ၁၅**

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ဗဟန်း) လူထုအခြေပြုဗဟိုဌာန၌ ယနေ့ မွန်းလွဲပိုင်းတွင် လေထုညစ်ညမ်းမှုအကြောင်းသိကောင်းစရာအသိပညာပေး Talk Show ဆွေးနွေးပွဲကို ကျင်းပသည်။

ဆွေးနွေးပွဲတွင် အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးခိုင်က လေထုညစ်ညမ်းမှုအကြောင်း သိကောင်းစရာများနှင့် ပတ်သက်၍ ပြည်သူများသိရှိစေနိုင်ရန်ရည်ရွယ်ကာ Talk Show ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသစ္စာငြိမ်းချမ်းက လေထုညစ်ညမ်းမှုနှင့် ပတ်သက်ပြီး ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ဖြစ်ပေါ်လာပုံ၊ ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ဆောင်ပုဒ်၊ ရည်ရွယ်ချက်များ၊ ပလတ်စတစ်ကြောင့်ဖြစ်ပေါ်စေသည့် အကြောင်းရင်းများနှင့် ပတ်ဝန်းကျင်ထိခိုက်စေမှုကို လျှော့ချနိုင်မည့် နည်းလမ်းများကို ရှင်းလင်းဆွေးနွေးသည်။ **အောင်မြင့်(ပြန်/ဆက်)**




## သတင်းကြေညာချက်

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသော နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအနေဖြင့် မုတ်သုံရာသီအတွင်း ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များ ခိုလှုံနိုင်ရန်အတွက် အောက်ဖော်ပြပါတည်နေရာများ၌ ရာသီဥတု ခိုလှုံနိုင်ပါကြောင်းကို (၁၄-၅-၂၀၂၅)ရက်စွဲပါ ညွှန်ကြားချက်အမှတ်၊ ၂/၂၀၂၅ ဖြင့် ထုတ်ပြန်ပေးထားပြီး ဖြစ်ပါသည်-

(က) ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ မင်းဂံချောင်းအတွင်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၂၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၈ မိနစ်၊

(ခ) ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ဖရုံဂါကျွန်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၀ မိနစ်၊

(ဂ) ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ ငလပွေ့ချောင်း မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ်၊

(ဃ) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ဆင်ခေါင်းဆိပ်ကမ်း မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(င) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ သဖြုချိုင် (ANDREW BAY) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(စ) ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ သဘော်ဆိပ် မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(ဆ) ရခိုင်ပြည်နယ်၊ ဂွမြို့နယ်၊ တင်းတောကျေးရွာအုပ်စု၊ အမော်ချိုင် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၄ မိနစ်၊

(ဇ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်း (HAINGYI ISLAND) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(ဈ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ပြင်ခရိုင်၊ ချောင်းဝကျေးရွာ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၄.၄၀ မိနစ်၊

(ည) ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ ကဒုံကနိကျေးရွာ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ်၊

(ဋ) မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ဝါးကျွန်း မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၁.၃၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၄ မိနစ်၊

(ဌ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ မောင်းမကန်ဘုတ်ကျွန်း (MIDDLE MOSCOS) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၈ မိနစ်၊

(ဍ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ လောင်းလုံဘုတ်ကျွန်း (SOUTH MOSCOS) မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၄ မိနစ်၊

(ဎ) တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ တနင်္သာရီကျွန်း (TANINTHARYI ISLAND) မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၃၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ်၊

(ဏ) တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ပြင်စဘုကျွန်း (PYIN SA BU ISLAND) အရှေ့ဘက်ရေပြင် မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၄၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၅ မိနစ်။

၂။ နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအား ရာသီဥတုခိုလှုံခွင့်ပြုရာနေရာ သတ်မှတ်ပေးထားခြင်းမှာ မုတ်သုံရာသီ ရာသီဥတုဆိုးရွားချိန်အတွင်း ငါးဖမ်းရေယာဉ်များနှင့် ရေလုပ်သားများ အန္တရာယ်ကင်းရှင်းလုံခြုံစွာ ကျွန်းခိုရပ်နားနိုင်ရန်အတွက် သတ်မှတ်ပေးထားခြင်းဖြစ်ပြီး ရာသီဥတုခိုလှုံသည်ကို အကြောင်းပြု၍ ကမ်းနီးဒေသအတွင်း ငါး/ပုစွန်ဖမ်းဆီးနေသည်ကို စစ်ဆေးတွေ့ရှိရပါက ထိရောက်စွာ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# AI တလွဲအသုံးပြုမှုနှင့် ကျင့်ဝတ်ဆိုင်ရာစိန်ခေါ်မှု

ရွှေစင်

လွန်ခဲ့တဲ့ နှစ်နှစ်ခန့်ကစပြီး AI Software တစ်ခုဖြစ်တဲ့ Chat GPT ကို ကမ္ဘာတစ်ဝန်းမှာ တွင်တွင်ကျယ်ကျယ် အသုံးပြုလာခဲ့ကြတယ်။ AI နည်းပညာကျယ်ပြန့်လာမှုက ပညာရေးနယ်ပယ်အထိ ထိုးဖောက်ဝင်ရောက်လာတော့ သင်ကြားသင်ယူမှုအပိုင်းတွေမှာ ကျင့်ဝတ်ဆိုင်ရာ စိန်ခေါ်မှုများစွာ ရှိလာခဲ့ပြီဖြစ်ပါတယ်။

လွယ်လွယ်ပြောရရင် AI ဆိုတာ လူတွေရဲ့ စိတ်အတွေးတွေ၊ စဉ်းစားတွေးခေါ် ဉာဏ်စွမ်းအားတွေကို ကွန်ပျူတာကနေ ဒစ်ဂျစ်တယ်အသွင်နဲ့ ဖန်ဆင်းထားတဲ့ ပရိုဂရမ်တစ်ခုပါပဲ။ ဒီလိုဖန်ဆင်းနိုင်ဖို့ Software တွေသုံးရပါတယ်။ Chat GPT တို့၊ Mid Journey တို့လို tools တွေဟာ မိမိဖန်တီးမယ့် ကိစ္စရပ်အလိုက် အသုံးပြုရတဲ့ Software တွေပါပဲ။ ယခုအခါ ကမ္ဘာတစ်ဝန်းက ပညာရေးဆိုင်ရာ တက္ကသိုလ်ဆရာ၊ ဆရာမတွေနဲ့ အုပ်ချုပ်သူတွေဟာ ဒီနည်းပညာသစ်နဲ့ပတ်သက်ပြီး စိန်ခေါ်မှုအမျိုးမျိုးအပေါ်မှာ ခေါင်းစားနေကြတယ်။

အချို့သူတွေက AI ရဲ့အကျိုးကျေးဇူးဘက်ကို အလေးပေးကြပေမယ့် AI ဆိုတာ အလိမ်တွေ၊ အညာတွေစသည်ဖြင့် အဆိုးဘက်ကို အလွန်အကျွံပြောဆိုသူများလည်း ရှိနေကြပါတယ်။

### AI နှင့် ပတ်သက်၍ အဆိုးအကောင်းဒွန်တွဲနေ

ကျွန်မအတွေးထဲမှာလဲ AI နဲ့ပတ်သက်ရင် အထူးသဖြင့် ပညာရေးနယ်ပယ်မှာ ယခုအချိန်ထိ ရှုပ်ထွေးနေဆဲပါ။ AI နဲ့ပတ်သက်ပြီး ကမ္ဘာပေါ်က စာသင်ခန်းတွေမှာ အငြင်းအခုံတွေဖြစ်ကြပြီး အယူအဆပိုင်းမှာ နှစ်ဖက်ကွဲနေကြောင်း ယူဆနိုင်ဖွယ်ရာတွေ ရှိလာနေပါတယ်။ အချို့သော ပညာရှင်တွေက AI ကို တိုးတက်မှုအခွင့်အလမ်းအဖြစ် အားပေးကြတယ်။ အချို့က အဆိုးမြင်ပြီး ကဏ္ဍအချို့မှာ AI အသုံးပြုမှုကို လုံးဝတားမြစ်ပိတ်ပင်ဖို့အထိ ဆော်ဩနေကြတယ်။

ကျွန်မကတော့တစ်မျိုး AI နဲ့ပတ်သက်ရင် AI literacy (လေ့လာသင်ယူမှု) က ပိုအရေးကြီးကြောင်း ရည်ညွှန်းလိုတယ်။ အထူးသဖြင့် အဆင့်မြင့်တန်းတွေမှာ AI နဲ့ပတ်သက်ပြီး ကျောင်းသားတိုင်း တတ်ကျွမ်းနားလည်မှုမျိုး ရှိသင့်တယ်လို့ ကျွန်မယူဆတယ်။ မူလတန်းအရွယ် ကလေးဘဝကတည်းက AI နဲ့ပတ်သက်ပြီး ရင်းနှီးနေအောင် သင့်တော်တဲ့နည်းလမ်း အသုံးပြုပြီး လမ်းညွှန်ပေးနိုင်ရင်တော့ အကောင်းဆုံးလို့ တွေးမိတယ်။ ပညာရေးနယ်ပယ်မှာ AI နဲ့ ပတ်သက်ရင် တားမြစ်မှာထက် ပွင့်လင်းဖို့၊ တာဝန်ခံမှု ရှိဖို့ပိုမိုလိုအပ်တယ်လို့ ယူဆပါတယ်။ ကျင့်ဝတ်နဲ့အညီ သုံးစွဲပြီး ဥပဒေနဲ့အညီ ဆောင်ရွက်ကြရင်တော့ အသင့်တော်ဆုံးလို့ မြင်မိပါတယ်။

တချို့သူတွေက AI နဲ့ပတ်သက်ရင် အဆိုးမြင်လွန်းတယ်လို့ ကျွန်မယူဆပါတယ်။ AI မှာ အမှားတွေအပြည့်၊ သတင်းအမှားတွေနဲ့ ပြည့်နေတဲ့အတွက် တားမြစ်သင့်တယ်လို့ ပြောကြတယ်။ သူတို့က ဦးနှောက်ကလာတဲ့ အတွေးထက် AI ကလာတဲ့ အတွေးတွေကို မလိုလားကြဘူး။ AI က မိမိရဲ့မှတ်ဉာဏ်ကို ထုံထိုင်းသွားစေတယ်လို့ ဆိုကြတယ်။ ဥပမာဆိုပါစို့ ကျွန်မတို့ issue တစ်ခုအပေါ်မှာ ပွင့်ပွင့်လင်းလင်းနဲ့ အချေအတင် ဆွေးနွေးတယ်ဆိုကြစို့ရဲ့။ ကျွန်မတို့တွေဟာ မိမိရဲ့ အတွေးကိုယ်စီကို ပွင့်ပွင့်လင်းလင်း ငြင်းခုံကြမယ်။ အမြင်တွေ ဖလှယ်ကြမယ်။ တစ်ဦးရဲ့အမြင် တစ်ဦးရဲ့ငြင်းဆိုချက်တွေကို ချေဖျက်မယ်၊ တန်ပြန်ငြင်းဆိုကြမယ်။ နောက်ဆုံးမှာ အဖြေမှန်ဖော်ထုတ်ကြမယ်။ ဒါဟာ သမားရိုးကျဖြစ်စဉ်တစ်ခုဆိုသော်လည်း ဒီလိုအခြေအနေမျိုးမှာ AI ကို သုံးရင် ကိုယ်လိုချင်တဲ့အဖြေကို တိတိကျကျ မှန်မှန်ကန်ကန်ရနိုင်ပါသလား။

AI မှာ အချေအတင် ဆွေးနွေးမှုနဲ့ပတ်သက်တဲ့ လိုအပ်တဲ့အချက်အလက်မျိုးစုံကို တိတိကျကျထည့်သွင်းထားမယ်ဆိုရင်တော့ ပိုမိုတိကျတဲ့ အချက်အလက်ကနေ မှန်ကန်မှုတဲ့ အဖြေတစ်ခုကို ပေးနိုင်လိမ့်မယ်လို့ ကျွန်မယုံကြည်မိတဲ့အခါတွေရှိပါတယ်။ အကြောင်းကတော့ အချေအတင်ဆွေးနွေးချက်မှာ လူကတော့ မိမိရဲ့ခံစားချက်ကို ရှေ့တန်းတင် ဆွေးနွေးလေ့ရှိပြီး AI မှာက တိကျတဲ့အချက်အလက်တွေကို အခြေခံပြီး အဖြေပေးထားတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။

### AI ကို အလွန်အမင်းမှီခိုခြင်းက ဘာတွေကိုယုတ်လျော့သွားစေပါသလဲ

တစ်ခါတလေ ကျတော့လည်း စဉ်းစားရအခက်သား။ လူငယ်တွေအနေနဲ့ AI ကို အလွန်အမင်း မှီခိုမှုမရှိအောင်၊ တလွဲမသုံးမိအောင် တားဆီးကာမှ AI ကိုပိုပြီး မှီခိုချင်သူတွေလည်း ရှိလာတယ်။ သတိပြုဆင်ခြင်ရမယ့်အရာတစ်ခုကို မဆင်မခြင်သုံးစွဲမိတဲ့အခါ ကျင့်ဝတ်ဖောက်ဖျက်ရာ ရောက်နိုင်တယ်။ ကိုယ်ရည်ကိုယ်သွေးကို ထိခိုက်နိုင်တယ်ဆိုတဲ့အချက်ကို ယနေ့ခေတ် ကျောင်းသားမိဘ၊ ဆရာ ဆရာမတွေ အလေးအနက်ထားသင့်ပါတယ်။

မှန်ကန်တဲ့ လမ်းကြောင်းကိုသာ ရွေးချယ်တတ်အောင် ပြသပေးသင့်တဲ့အကြောင်းရင်းက Chat GPT ကတစ်ဆင့် မေးမြန်းချက်၊ ဖြေဆိုချက်တွေကို မိမိကိုယ်ပိုင်အကြံဉာဏ်၊ မိမိကိုယ်ပိုင်အရေးအသားများအဖြစ် တလွဲအသုံးပြုမိခြင်းတွေက ပညာရေးနယ်ပယ်မှာသာမက အခြားနယ်ပယ်များအထိပါ စိမ့်ဝင်ပျံ့နှံ့စပြုလာတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ Chat GPT လို AI ဆော့ဝဲလ်ကနေ ရေးသားထားတဲ့ အကြောင်းအရာအချက်အလက်တွေကို လူသားတစ်ဦးက ရေးသားသလို သဘာဝကျကျ ပြန်လည်ပြင်ဆင်ပေးနိုင်တဲ့ AI ဆော့ဝဲလ်တွေလည်း အခုထွက်ပေါ်လာနေပါပြီ။

အထူးသဖြင့် သုတေသနစာတမ်းတချို့မှာ AI က ရေးသားထားတဲ့စာတွေကို မိမိရေးသားထားတဲ့အသွင် ဖော်ပြကြတာသတိထားမိတယ်။ ကျောင်းသားတွေဟာ သူတို့ရဲ့ သင်ယူမှုလမ်းကြောင်းမှာ AI ကို အလွန်အမင်းမှီခိုတာကြောင့် သူတို့ကိုယ်ပိုင် တီထွင်ဖန်တီးနိုင်စွမ်းနဲ့ အတွေးအမြင်သစ်တွေ ကျဆင်းနေတာကို သတိမပြုမိကြပါဘူး။ နည်းပညာခေတ်မှာ မွေးဖွားကြီးပြင်းလာတဲ့ ယနေ့လူငယ်တွေဟာ အခုအချိန်မှာ AI ကို အားထား အသုံးပြုလာကြတဲ့အတွက် AI ဟာ နေ့စဉ်ဘဝနဲ့ ပညာရေးနယ်ပယ်မှာ မဖြစ်မနေလိုအပ်တဲ့ အရာတစ်ခုလို့ ယုံကြည်လာကြတယ်။ တကယ်တော့ AI ဟာ လူငယ်တွေကို ပိုမိုတိုးတက်အောင် ကူညီပေးနိုင်သလို မိမိတို့ရဲ့ တီထွင်နိုင်စွမ်းကိုလည်း ယုတ်လျော့သွားစေတယ်ဆိုတာ မြင်တတ်ဖို့လိုပါတယ်။

### ဘယ်လိုကာကွယ်ထိန်းချုပ်သင့်ပါသလဲ

နည်းပညာ တိုးတက်မြန်ဆန်လာတဲ့ ဒီနေ့ခေတ်မှာ ဆရာ၊ ဆရာမတွေအနေနဲ့ မိမိတို့ ကျောင်းသားတွေရဲ့ သင်ယူမှုစွမ်းရည်တွေ တိုးတက်စေဖို့ AI ကို အကျိုးရှိစွာအသုံးချရန်နဲ့ တလွဲအသုံးချမှုများမဖြစ်စေရေး လမ်းညွှန်ကြပ်မတ်နေရမှာ ဖြစ်ပါတယ်။ မဟာဘွဲ့၊ ပါရဂူဘွဲ့ဆိုင်ရာ Academic သုတေသနစာတမ်းတွေရေးသားတဲ့အခါ ကျောင်းသားတွေမှာ မိမိကိုယ်ပိုင် ရေးသားမှုစွမ်းရည်တွေ ကြိုတင်ရှိထားရပါမယ်။ မိမိထင်မြင်ယူဆချက်နဲ့ ဖော်ထုတ်ချက်တွေ၊ ဆင်ခြင်သုံးသပ်နိုင်တဲ့ စွမ်းရည်တွေကို သုတေသနကျင့်ဝတ်တွေနဲ့အညီ တည်ဆောက်ထားဖို့ လိုပါတယ်။ ဒါပေမယ့် AI နည်းပညာတိုးတက်လာတာနဲ့အမျှ အဲဒီစွမ်းရည်တွေအပိုင်းမှာ သိသိသာသာ အားနည်းလာတာတွေ့ရတယ်။

သုတေသန စာတမ်းတွေမှာ AI နည်းပညာကို အသုံးပြုနိုင်ပေမယ့် ကျင့်ဝတ်နဲ့အညီ သုံးစွဲဖို့၊ အလွန်အမင်း မှီခိုအားထားခြင်းမပြုဖို့ သုတေသနပြုသူများကို လမ်းညွှန်ပြသဖို့လိုအပ်ပါတယ်။ တစ်နည်းအားဖြင့် AI ကို ပညာရေးစနစ်မှာ ထိထိရောက်ရောက် အသုံးချပြီး တလွဲအသုံးပြုမှုများမှ ကာကွယ်ဖို့ လိုအပ်နေတယ်လို့ ယူဆပါတယ်။

AI ခိုးကူးမှုပြဿနာကို ဖြေရှင်းပေးဖို့ သင်ကြားသင်ယူမှုမှာ AI ကို ကျင့်ဝတ်နဲ့အညီ၊ ဥပဒေနဲ့အညီ ဘယ်လို ဆောင်ရွက်ကြမလဲ။ ဒီအတွက် သုတေသနစာတမ်းဖတ်ပွဲတွေ၊ workshop တွေ များစွာ လုပ်သင့်ပါတယ်။ မူဝါဒတိတိကျကျ ချမှတ်ထားသင့်ပါတယ်။ EU မှာတော့ စာပေ၊ သိပ္ပံ၊ ဝိဇ္ဇာပညာရပ်နယ်ပယ်မှာ တီထွင်ဖန်တီးမှုတွေကို မူပိုင်ခွင့်ဆိုင်ရာဥပဒေနဲ့အညီ အကာအကွယ်တွေပေးထားတာက AI ခိုးကူးပြဿနာကို ထိန်းချုပ်ရာရောက်ကြောင်း လေ့လာမှတ်သားမိပါတယ်။ AI ကို မဖြစ်မနေအသုံးချရတဲ့ ဒီနေ့ခေတ်ကာလမျိုးမှာ AI သုံးစွဲမှုကို ဥပဒေကြောင်းအရထိန်းချုပ်ပြီး ထိန်းသိမ်းကာကွယ်သင့်တယ်လို့လည်း ယူဆပါတယ်။

AI နည်းပညာက မြန်မြန်ဆန်ဆန်တိုးတက်လာနေပြီး ပညာရေးနယ်ပယ်မှာ တိုးတက်ပြောင်းလဲမှုတွေနဲ့အတူ စိန်ခေါ်မှုအသစ်တွေပါ တိုးလာနေကြောင်း ဖော်ပြခဲ့ပြီးပါပြီ။ နိုင်ငံတကာမှာ AI သုံးစွဲမှုနဲ့ ပတ်သက်တဲ့ စည်းမျဉ်းတွေကို ရေးဆွဲလိုက်နာကျင့်သုံးကြရာမှာ တရုတ်နိုင်ငံ တက္ကသိုလ်တွေဟာ ဦးဆောင်မှုကဏ္ဍမှာ ရပ်တည်နေတာကို တွေ့ရှိရပါတယ်။ တရုတ်နိုင်ငံ ရှန်ဟိုင်း Fudan တက္ကသိုလ်မှာ ကျောင်းသားတွေ စာတမ်းရေးသားရာမှာ AI အသုံးပြုမှုကို ကန့်သတ်ထားတဲ့ လမ်းညွှန်ချက်များကို ထုတ်ပြန်ခဲ့တာကို လေ့လာသိရှိရပါတယ်။

Fudan တက္ကသိုလ်ရဲ့ စည်းမျဉ်းတွေအရဆိုရင် AI ကို သုတေသန အစီအစဉ်တွေဖန်တီးခြင်း၊ သုတေသနမော်ဒယ်တွေ တည်ဆောက်ခြင်း၊ စာတမ်းဖွဲ့စည်းမှုပြုလုပ်ခြင်းနဲ့ စာတမ်းရဲ့နိဂုံးချုပ်အပိုင်းတွေမှာ ထည့်သွင်းအသုံးမပြုဖို့ တားမြစ်ထားပါတယ်။ ဒီစည်းမျဉ်းများထုတ်ပြန်မှုဟာ လက်တွေ့ကျတဲ့ လုပ်ဆောင်ချက်ဖြစ်သလို AI ကို စည်းမျဉ်းနဲ့မညီဘဲ အသုံးပြုတယ်လို့ ပြစ်မှုထင်ရှားရင် ပေးအပ်ထားပြီးဘွဲ့ကို ပြန်လည်ရုပ်သိမ်းနိုင်တဲ့အထိ ပြစ်ဒဏ်တွေလည်း ပါဝင်ကြောင်းတွေ့ရှိရပါတယ်။

### ပျောက်ဆုံးသွားသော ကျင့်ဝတ်နှင့် ရိုးသားမှု

AI ကို တလွဲအသုံးပြုခြင်းကြောင့် မိမိရဲ့ကျင့်ဝတ်၊ ရိုးသားမှုများ ပျောက်ဆုံးသွားရပါတယ်။ AI ခိုးကူးသူလို့လည်း သမုတ်ခြင်းခံရမယ်။ မိမိရဲ့စာပေဟာ အရည်အသွေး နိမ့်ပါးသွားပြီး နောက်ဆုံးရပြီးသားဘွဲ့ပါ ပြန်လည်ရုပ်သိမ်းခံရနိုင်တဲ့အပြင် Professional မပီသရာလည်း ရောက်ပါတယ်။ ပရော်ဖက်ဆာတွေဆီက မှန်ကန်ဖြောင့်မတ်တယ်၊ ကျင့်ဝတ်သိက္ခာရှိတယ်ဆိုတဲ့ တုံ့ပြန်မှုမျိုးမရနိုင်တော့တဲ့အထိ သက်ရောက်မှုက ကြီးမားလှကြောင်း ကျွန်မတို့သိရှိထားသင့်ပါတယ်။

အမှန်က AI ဟာ ပညာရေးနယ်ပယ်မှာ များစွာအကျိုးရှိပြီးသားပါ။ ဆိုပါစို့ ဘယ်ကျောင်းသားကို ဘယ်အတန်း G-9, G-10 စသဖြင့် အတန်းစဉ်တွေ သတ်မှတ်ရာမှာ အထောက်အကူပြုပါတယ်။ ကျောင်းသားတွေရဲ့ တိုးတက်မှု အားနည်းချက်၊ အားသာချက်တွေ ဆန်းစစ်ရာမှာ အသုံးဝင်ပါတယ်။ ဘယ်အဆင့်အတွက် ဘယ်လိုမေးခွန်းမျိုးမေးရမလဲ။ အမှတ်ဘယ်လောက်ပေးသင့်သလဲစသဖြင့် ကူညီပေးနိုင်ပါတယ်။ ဆရာ ဆရာမတွေ နေ့စဉ်၊ အပတ်စဉ် ဆရာ ဆရာမတွေ လုပ်ဆောင်ရမယ့် တာဝန်တွေ၊ ကျောင်းသားတွေနဲ့ ဆက်သွယ်ရမယ့်ကိစ္စတွေမှာ ကူညီပေးနိုင်ပါတယ်။ ဒါ့အပြင် နိုင်ငံခြားဘာသာနဲ့ မိခင်ဘာသာအကြား ဘာသာစကားကွာဟချက်ကိုလည်း ကျဉ်းမြောင်းအောင် လုပ်ပေးနိုင်ပါတယ်။ ဒီအကျိုးကျေးဇူးတွေဟာ ကောင်းတဲ့ကိစ္စရပ်တွေပါ။

ဒါကြောင့် AI ခိုးကူးမှုကိစ္စရပ်တွေဟာ ကျင့်ဝတ်ဆိုင်ရာစိန်ခေါ်မှုများဖြစ်ကြောင်း သိထားသင့်ပြီ ထင်ပါတယ်။ အထူးသဖြင့် Academic Research တွေမှာ AI ခိုးကူးတွေကြောင့် ပညာရပ်ဆိုင်ရာ ရလဒ်ခိုင်မာမှုမှာ သံသယဖြစ်ခံရတာတော့ အဆိုးဆုံးပါ။ ဒါကြောင့်လည်း AI ခိုးကူးမှုတွေကို စုံစမ်းစစ်ဆေးဖော်ထုတ်မယ့် AI detector Software တွေ ပေါ်လာနေပြီဖြစ်တယ်။ ထည့်ထားတဲ့စာသားတွေကတစ်ဆင့် အစစ်အမှန်လား၊ ခိုးကူးလား၊ ပိုင်းခြား စစ်ဆေးပေးနိုင်တဲ့အတွက် ထို Software တွေကို လိုအပ်သလို အသုံးပြုနိုင်မှာဖြစ်ကြောင်းလည်း တင်ပြလိုပါတယ်။

အချုပ်အားဖြင့်တော့ ပြောင်းလဲလာတဲ့ ခေတ်ရေစီးကြောင်းကြီးမှာ မိမိတို့လူမှုစီးပွားဘဝတွေ တိုးတက်ဖို့ AI နည်းပညာမျိုးဆက်များအလိုက် လိုက်ပါစီးမျောနိုင်ဖို့ လိုပါမယ်။ နည်းပညာအသစ်အဆန်းတွေကို မျက်ခြည်မပြတ်သင့်ပါဘူး။ ဘယ်အရာမဆို အကျိုးအပြစ် ဒွန်တွဲရှိစမြဲပါ။ အကျိုးကျေးဇူးဘက် ပိုမိုဖြစ်ထွန်းအောင် တီထွင်ဆန်းသစ်ဖန်တီးနေဖို့ လိုအပ်သလို အဆိုးတရားဘက် အလွန်အမင်း ရောက်မသွားအောင်လည်း ဥပဒေအထိန်းအကျောင်းနဲ့ ကာကွယ်ထိန်းချုပ်နိုင်ဖို့လိုပါတယ်။ ဘယ်အရာမဆို အရေးကြီးဆုံးကတော့ မိမိကိုယ်တိုင်က ခိုးယူခိုးကူးသူမဖြစ်အောင်၊ ကျင့်ဝတ်နဲ့ ရိုးသားမှု မဆုံးရှုံးရလေအောင်၊ ပရော်ဖက်ရှင်နယ်ပီသအောင် ခံယူချက်ကောင်းတွေ ထားရှိဖို့ကသာ အရင်းခံဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။

> ❒ သုတေသနစာတမ်းတချို့မှာ AI က ရေးသားထားတဲ့စာတွေကို မိမိရေးသားထားတဲ့အသွင် ဖော်ပြကြတာသတိထားမိတယ်။ ကျောင်းသားတွေဟာ သူတို့ရဲ့သင်ယူမှုလမ်းကြောင်းမှာ AI ကို အလွန်အမင်းမှီခိုတာကြောင့် သူတို့ကိုယ်ပိုင်တီထွင်ဖန်တီးနိုင်စွမ်းနဲ့ အတွေးအမြင်သစ်တွေ ကျဆင်းနေတာကို သတိမပြုမိကြပါဘူး။ နည်းပညာခေတ်မှာ မွေးဖွားကြီးပြင်းလာတဲ့ ယနေ့လူငယ်တွေဟာ အခုအချိန်မှာ AI ကို အားထားအသုံးပြုလာကြတဲ့အတွက် AI ဟာ နေ့စဉ်ဘဝနဲ့ ပညာရေးနယ်ပယ်မှာ မဖြစ်မနေလိုအပ်တဲ့ အရာတစ်ခုလို့ ယုံကြည်လာကြတယ်။ တကယ်တော့ AI ဟာ လူငယ်တွေကို ပိုမိုတိုးတက်အောင် ကူညီပေးနိုင်သလို မိမိတို့ရဲ့ တီထွင်နိုင်စွမ်းကိုလည်း ယုတ်လျော့သွားစေတယ်ဆိုတာမြင်တတ်ဖို့လိုပါတယ်

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် မန္တလေးငလျင်ကြီးကြောင့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပင်မစေတီတော်၊ ရင်ပြင်တော်၊ ပစ္စယာနှင့် ပရိဝုဏ်များ ထိခိုက်ပျက်စီးခဲ့မှုများကို ပြုပြင်မွမ်းမံရေးလုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁၅**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ယနေ့ နံနက်ပိုင်းက နေပြည်တော်၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး အရှေ့ဘက်ရင်ပြင်တော်တက်လမ်း ယာယီအာရုံခံတန်ဆောင်း၌ မန္တလေးငလျင်ကြီးကြောင့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပင်မစေတီတော်၊ ရင်ပြင်တော်၊ ပစ္စယာနှင့် ပရိဝုဏ်ထိခိုက်ပျက်စီးခဲ့မှုများ ပြုပြင်မွမ်းမံရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ တင်ပြခြင်းနှင့်ပတ်သက်၍ ဆွေးနွေးမှာကြားသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဥပ္ပါတသန္တိစေတီတော် ပြုပြင်မွမ်းမံရေးလုပ်ငန်းကော်မတီအနေဖြင့် ရင်ပြင်တော်ကျောက်ပြားများ ဖယ်ရှားခြင်း၊ ဆယ်တင်ခြင်း၊ စုပုံခြင်း လုပ်ငန်းများကို အလေးထားကြီးကြပ်သွားရန်၊ ဓာတ်လှေကားများ ပြန်လည်တပ်ဆင်နိုင်ရေး ဆောင်ရွက်သွားရန်၊ ရင်ပြင်တော်အရှေ့မြောက်ထောင့်ရှိ ဆုတောင်းပြည့်စေတီတော် ပြန်လည်တည်ဆောက်နိုင်ရေး ဆောင်ရွက်ရန်၊ ရင်ပြင်တော်ပေါ်ရှိ ပေ ၇၀ x ပေ ၁၄၀ ရှိ ဓမ္မာရုံအား ဖျက်သိမ်းသွားရန်၊ စေတီတော်ပရိဝုဏ်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်ကြီး၊ ပိဋကတ်ပြတိုက်၊ သံဃာရာမကျောင်းဆောင်များအား ပြင်ဆင်နိုင်ရေး ဆောင်ရွက်နိုင်ရန်နှင့် စေတီတော်ကြီး ပြုပြင်မွမ်းမံနိုင်ရေးအတွက် အုတ်၊ သဲ၊ ကျောက်၊ ဘိလပ်မြေများရရှိနိုင်ရေး စီမံဆောင်ရွက်ထားရှိသွားရန်နှင့် ပြုပြင်မွမ်းမံနိုင်ရေး ဆောင်ရွက်နေမှု နောက်ဆုံးအခြေအနေများကို အစဉ်မပြတ်တင်ပြသွားရန် ပြောကြားသည်။

ယင်းနောက် ဥပ္ပါတသန္တိစေတီတော် ပြုပြင်မွမ်းမံရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နေပြည်တော်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင် ဦးထွန်းထွန်းက စက်ယန္တရားများဖြင့် ရင်ပြင်တော်ပေါ်တွင် ဆောင်ရွက်နေမှုအခြေအနေများ၊ ဥပ္ပါတသန္တိစေတီတော်ဂေါပကအဖွဲ့ အလှည့်ကျသဘာပတိက ယနေ့အထိ စစ်သည်အင်အား ၁၀၀၀ ဖြင့် ကျောက်ပြားများ ခွာယူဆယ်တင်ခြင်း၊ စုပုံခြင်း လုပ်ငန်းများဆောင်ရွက်နေမှု၊ အနောက်တောင်ဓာတ်လှေကားစက်များကိုဖျက်သိမ်းပြီး အရှေ့တောင်ဓာတ်လှေကားနှင့် ပေါင်းစပ်၍ အသစ်ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပြုပြင်မွမ်းမံရေးနည်းပညာအထောက်အကူပြု ဆပ်ကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးခင်မောင်လတ်က ရင်ပြင်တော် အရှေ့မြောက်ဘက်မှ ပေ ၆၄၀ အရှည်ရှိသော ရင်ပြင်တော်တက်လမ်း ဖောက်လုပ်လျက်ရှိမှု၊ စက်သုံးဆီလိုအပ်မှုများကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ညှိနှိုင်းဆောင်ရွက်ပေးသည်။




ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ယန္တရားများဖြင့် ရင်ပြင်တော်တက်လမ်း ဖောက်လုပ်နေမှုကို လိုက်လံကြည့်ရှုပြီး ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပင်မစေတီတော်၊ ရင်ပြင်တော်၊ ပစ္စယာနှင့် ပရိဝုဏ်ထိခိုက်ပျက်စီးခဲ့မှုများ ပြုပြင်မွမ်းမံရေး လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(ICRC)၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် Mr. Arnaud de Baecque အား လက်ခံတွေ့ဆုံ



**နေပြည်တော် မတ် ၁၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Arnaud de Baecque အား ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ (ဓာတ်ပုံ)

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မန္တလေးငလျင်ကြီး လှုပ်ခတ်မှုကြောင့် ထိခိုက်ဆုံးရှုံးမှုများအား ပြည်လည်ထူထောင်ရေးအတွက် နိုင်ငံတော်အစိုးရက ဆောင်ရွက်နေမှု အခြေအနေများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများ လိုအပ်နေမှုနှင့် နိုင်ငံတကာ အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုများကို ကြိုဆိုကြောင်းဆွေးနွေးပြီး ICRC ဘက်မှ ငလျင်ဘေးသင့်ဒေသများအတွက် ရေရရှိရေး၊ ကျန်းမာရေးနှင့် ဆေးဘက်ဆိုင်ရာ အထောက်အပံ့ပေးနေမှု လုပ်ငန်းများနှင့် ICRC ၏ ပုံမှန်ဆောင်ရွက်နေသော လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဝန်ကြီးဌာနနှင့် ICRC တို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် ကိစ္စများကို အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ဆွေးနွေးပွဲသို့ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် ပြန်လည်ထူထောင်ရေး ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဘာသာရပ်ဆိုင်ရာ အမှုထမ်းများနှင့် ICRC ရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၀၂၅ ခုနှစ် ရေကြောင်းနှင့် လေကြောင်းလူငယ် အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများမှ သင်တန်းသား သင်တန်းသူများ သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ လေတပ်စခန်းများသို့ သွားရောက်လေ့လာ

**နေပြည်တော် မေ ၁၅**

ရန်ကုန်မြို့သို့ရောက်ရှိနေသည့် ရေကြောင်းလူငယ် အခြေခံနှင့် တန်းမြင့်သင်တန်း အမှတ်စဉ် (၁/၂၀၂၅) စခန်းပေါင်းစုံမှ သင်တန်းသား သင်တန်းသူများသည် သင်တန်းနည်းပြများ၊ အုပ်ချုပ်သူများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်သို့ လေ့လာရေးခရီးသွားရောက်ကြသည်။ ဦးစွာ လေကြောင်းနှင့်အာကာသသိပ္ပံပညာရပ်များ၊ လေယာဉ်ပျံသန်းမှုနှင့် သက်ဆိုင်သော အထွေထွေဗဟုသုတများ၊ တပ်မတော်(လေ)တွင် အသုံးပြုလျက်ရှိသော လေယာဉ်များအကြောင်းကို တပ်မတော်(လေ) မှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် ရေကြောင်းလူငယ်သင်တန်းသား သင်တန်းသူများသည် မင်္ဂလာဒုံ လေတပ်စခန်းဌာနချုပ်ရှိ Y 8 လေယာဉ် ၊ F-7 လေယာဉ်၊ Beech-craft 1900D လေယာဉ်နှင့် ATR 72 လေယာဉ်များ၏စွမ်းပကားနှင့် အခြားသိသင့်သိထိုက်သည်များကိုစိတ်ပါဝင်စားစွာလေ့လာခဲ့ကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသသည်။

အလားတူ နေပြည်တော်ကောင်စီနယ်မြေသို့ ရောက်ရှိနေသော အခြေခံလေကြောင်းလူငယ် သင်တန်းအမှတ်စဉ်(၁/၂၀၂၅) နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၅) သင်တန်းစခန်း ၁၅ ခုမှ သင်တန်းသား၊ နည်းပြ၊ အုပ်ချုပ်သူ ၉၀၁ ဦးတို့သည် စခန်းပေါင်းစုံပြိုင်ပွဲများ ကျင်းပပြီးမြောက်၍ ယနေ့တွင် နေပြည်တော် လေတပ်စခန်းရှိ ပျံသန်းရေးအုပ်များသို့ သွားရောက်လေ့လာခြင်းများ ဆောင်ရွက်ခဲ့ကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**





# ၂၀၂၅ -၂၀၂၆ ပညာသင်နှစ် ပြည်ထောင်စုနယ်မြေ နေပြည်တော် ကျောင်းအပ်နှံရေးသီတင်းပတ် မြေစိုက်ပိုစတာစိုက်ထူပွဲကျင်းပ

## ကျောင်းများအားလုံး ကျောင်းအပ်နှံရေး သီတင်းပတ်အဖြစ် မေ ၂၂ ရက်မှ ဇွန် ၁ ရက်အထိ သတ်မှတ်ထား

**နေပြည်တော် မေ ၁၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော်၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေး သီတင်းပတ် မြေစိုက်ပိုစတာစိုက်ထူပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဇမ္ဗူသီရိမြို့နယ် ပျဉ်းမနား - တောင်ညိုလမ်း မြို့မဈေးအနီးနှင့် ရေပန်းဥယျာဉ်မုခ်ဦးအနီး၌ သီးခြားစီကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာ ဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ နေပြည်တော်ကောင်စီနယ်မြေ ပညာရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများနှင့် နေပြည်တော်ကောင်စီအဖွဲ့ဝင်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးက ၂၀၂၅-၂၀၂၆ ပညာသင်နှစ် "ကျောင်းနေအရွယ် ကလေးအားလုံး စဉ်ဆက်မပြတ်ပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့" ဟူသော ကျောင်းအပ်နှံရေး သီတင်းပတ် မြေစိုက်ပိုစတာအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဇမ္ဗူသီရိမြို့နယ်ရှိ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်းသို့သွားရောက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်မှုများဖြစ်ပေါ်ခဲ့သည့် ကျောင်းဆောင်များ၏ ပြုပြင်တည်ဆောက်နေမှုအခြေအနေများ၊ ယာယီကျောင်းဆောင်သစ် ဆောက်လုပ်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျောင်းဖွင့်ချိန်အမီ အချိန်နှင့်တစ်ပြေးညီပြီးစီးအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ရေ၊ မီး ရရှိရေး၊ ကျန်းမာရေးနှင့်ညီညွတ်သည့် သန့်စင်ခန်းများ တည်ဆောက်ရေး၊ ကျောင်းဥပမိရုပ် ကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာရေးတို့အတွက် အလေးထား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း တာဝန်ရှိသူများအား မှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဇမ္ဗူသီရိမြို့နယ်ရှိ အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းများအားလုံးတွင် ကျောင်းအပ်နှံရေး သီတင်းပတ်အဖြစ် မေ ၂၂ ရက်မှ ဇွန် ၁ ရက်အထိ သတ်မှတ်ထားသည်ဖြစ်ရာ စနစ်တကျကြိုတင် ပြင်ဆင်ထားကြရန်လိုကြောင်း ပြောကြားပြီး ကျောင်းအပ်နှံရေးအတွက် ပြင်ဆင်ထားရှိမှု အခြေအနေ၊ ကျောင်းများ ပြန်လည်ဖွင့်လှစ်ရာတွင် ကျောင်းသား ကျောင်းသူများ သန့်ရှင်းသပ်ရပ်စွာဖြင့် ပညာသင်ကြားနိုင်ရန်အတွက် ကျောင်းဥပမိရုပ် ကောင်းမွန်စေရေး ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ငလျင်ဘေးဒဏ်သင့် ပညာရေးဝန်ထမ်းများနှင့် မိသားစုဝင်များ ယာယီနေထိုင်ရန် နှစ်ခန်းတွဲ ဘာရှာအဆောက်အအုံတည်ဆောက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား နေအိမ်များခိုင်ခံ့မှုရှိစေရေး၊ မိုးဒဏ်လေဒဏ်ခံနိုင်မှုရှိစေရေး၊ အရည်အသွေးပြည့်မီစေရေး၊ ရေ၊ မီးရရှိရေး၊ မိလ္လာကန်များတည်ဆောက်ရေးတို့ကို ဆောင်ရွက်ကြရန်မှာကြား၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်း မန္တလေးတိုင်းဒေသကြီးအတွင်း သီးနှံများပန်းတိုင်အထွက်နှုန်းရရှိရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် မေ ၁၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ တင်ထွန်းသည် ယမန်နေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်းရှိ မိုးကြိုချည်မျှင်ရှည်ဝါသီးနှံ ပန်းတိုင်အထွက်နှုန်းရရှိရေး စံပြကွက်များ ဆောင်ရွက်ထားရှိမှု၊ အောင်နိုင်တိုး စပါးမျိုးစေ့ထုတ်စိုက်ခင်းများ ဆောင်ရွက်ထားရှိမှုနှင့် ငလျင်ဒဏ်ခံစားခဲ့ရသည့် ဒေသခံတောင်သူများ၏ စိုက်ကွင်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးသည် ကတင်ကျေးရွာ ဝါစံပြစိုက်ခင်းနှင့် ဆည်ကြီးရွာ ရွှေတောင်-၁၀ ဝါစံပြ စိုက်ခင်းတို့၌ ဒေသခံ ဝါစိုက်တောင်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ရမည်းသင်းမြို့နယ်၏ ရေမြေရာသီဥတုအရ အကောင်းဆုံး ဝါသီးနှံစိုက်ပျိုးထုတ်လုပ်သည့်ဧရိယာ စံပြဒေသဖြစ်အောင်ကြိုးပမ်းကြစေလိုကြောင်း၊ တောင်သူများ ဝါစပ်မျိုးများ အသုံးပြုစိုက်ပျိုးရာတွင် ဒုတိယသားဆက်ကို ဆက်လက်စိုက်ပျိုးခြင်း မပြုအောင် ပညာပေးစေလိုကြောင်း၊ ထို့ပြင် မိမိတို့ထုတ်ဝေထားသည့် ဝါမျိုးများကို တောင်သူများ လက်ခံလာစေရေးအတွက် မျိုးမြှင့်တင်ခြင်းလုပ်ငန်းများတွင် တောင်သူများ ပါဝင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပညာရှင်များအနေဖြင့် ရွှေတောင်-၈၊ ရွှေတောင်- ၁၀ ဝါမျိုးများကို စနစ်တကျမျိုးမြှင့်တင်ခြင်းဆောင်ရွက်ရန်နှင့် မျိုးလိုအပ်ချက် လွှမ်းခြုံနိုင်ရန် အခြေခံအဆင့် မျိုးစေ့ထုတ်ခြင်းနှင့် စီးပွားဖြစ် မျိုးသန့်မျိုးစေ့ ထုတ်လုပ်ခြင်း အဆင့်နှစ်ဆင့်ကို စနစ်တကျ ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ကတင်ကန်အတွင်း ရေသိုလှောင် ထိန်းသိမ်းထားရှိမှုနှင့် စိုက်ပျိုးရေပေးဝေနိုင်မှုကို လည်းကောင်း၊ ရမည်းသင်းမြို့နယ် အင်ကြင်းကန်ကျေးရွာရှိ အောင်နိုင်တိုး စပါးစိုက်ခင်း အောင်မြင်ဖြစ်ထွန်းနေမှုကို လည်းကောင်း၊ ငလျင်ဒဏ်ကြောင့် ဖြစ်ပေါ်ခဲ့သည့် စိုက်ပျိုးရေးသုတေသနဦးစီးဌာန စီပင်ခြံရှိ မြေအက်ကြောင်းများ၊ ကွင်းပတ်လမ်းများ၊ မြောင်းများ နေရာရွှေ့ခြင်း၊ ကျိုးပျက်ခြင်းနှင့် ဝန်ထမ်းအိမ်ရာ ထိခိုက်မှုအခြေအနေများကို လည်းကောင်း၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန အပူပိုင်းဒေသ သစ်သီးဝလံသုတေသနဗဟိုဌာန (မယ်အောင်ကန်) ခြံ၏ ၂၀၂၅-၂၀၂၆ ခုနှစ်အတွင်း သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို လည်းကောင်း လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာလိုအပ်ချက်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။



သတင်းစဉ်

# ကျောက်ဆည်ခရိုင်အတွင်းရှိ ငလျင်ဒဏ်သင့်၍ ပြိုကျပျက်စီးခဲ့သော အဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများ ဆက်လက်ရောင်းချပေးလျက်ရှိ

**မန္တလေး မေ ၁၅**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ကူမဲမြို့ရှိ ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပျက်စီးသွားသော အဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် လိုအပ်လျက်ရှိသော ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများအား စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် ပြည်သူများ လက်ဝယ်သို့ မေ ၁၅ ရက်တွင် ဆက်လက် ရောင်းချပေးလျက်ရှိရာ ယနေ့တွင် လာရောက်ဝယ်ယူသူ ၄၉ ဦးမှ ဘိလပ်မြေအိတ် ၂၁၀၀၊ (HRB-400) 10mm(3.9kg) သံချောင်း ၄ ဒသမ ၅ တန်၊ (HRB-400) 16mm(11.5kg) သံချောင်း ၃ ဒသမ ၅ တန်နှင့် အထပ်သားပြား ၁၄၇ ချပ်တို့ကို ရောင်းချပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။



သတင်းစဉ်



ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် မီးသတ်ဦးစီးမှူး ဦးတင်ထွန်း ဦးဆောင်သည့် တပ်ဖွဲ့ဝင်များနှင့် ဂေါပကအဖွဲ့ဝင်များ မေ ၁၅ ရက်က ပုသိမ်မြို့နယ်အတွင်းရှိ သာသနိကအဆောက်အအုံများအား မီးဘေးလုံခြုံရေးနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး စစ်ဆေးဆောင်ရွက်စဉ်။ ခရိုင်(ပြန်/ဆက်)

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ငလျင်ဘေးသင့်ဝန်ထမ်းများအား စားသောက်ဖွယ်ရာများပေးအပ်၊ ယာယီရုံးများဆောက်လုပ်ထားရှိမှုနှင့် ငလျင်ဘေးကြောင့် ထိခိုက်ခဲ့သည့်အဆောက်အအုံများ ပြုပြင်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁၅**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ နေပြည်တော်ကောင်စီမှ ငလျင်ဘေးသင့်ဝန်ထမ်းများအား စားသောက်ဖွယ်ရာများ ပေးအပ်ကာ အားပေးစကားပြောကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်ကောင်စီ ဇမ္ဗူသီရိခန်းမဝင်း အတွင်း Prefabricated Office များ တပ်ဆင်တည်ဆောက်နေမှုနှင့် ယာယီရုံးများ ဆောက်လုပ်ထားရှိပြီး ရုံးလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရုံးလုပ်ငန်းများ စနစ်တကျဆောင်ရွက်ရေး၊ ရုံးခန်းများတွင် စနစ်တကျနေရာချထားရေး၊ ရုံးသုံးစက်ပစ္စည်းများအား စနစ်တကျထားရှိရေး၊ လျှပ်စစ်မီးကြိုးများ အန္တရာယ်မဖြစ်စေရန် စနစ်တကျသွယ်တန်းထားရှိရေး၊ ဝန်ထမ်းများ သက်သာချောင်ချိရေးကိစ္စရပ်များ ဆောင်ရွက်ပေးရန်တို့ကို မှာကြားသည်။

ထို့နောက် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဧည့်ရိပ်သာ (၂) သို့ သွားရောက်ပြီး ငလျင်ဘေးကြောင့် ပြိုကျပျက်စီးထိခိုက်ခဲ့သည့် အဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက အင်ဂျင်နီယာနှင့် လုပ်သားအင်အားများ တိုးမြှင့်ဆောင်ရွက်ရေး၊ ပြိုကျပျက်စီးခဲ့သည့် အဆောင်များမှ ဆယ်တင်ပစ္စည်းများအား စနစ်တကျထိန်းသိမ်းထားရှိရေး၊ အဆောင်များပတ်ဝန်းကျင်တွင် ရေစီးရေလာကောင်းမွန်စေရေးနှင့် သန့်ရှင်းသာယာလှပရေးတို့ကို ဆောင်ရွက်သွားရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ဝန်ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သော မြို့ပြစီမံကိန်းရေးဆွဲရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် ငလျင်ဘေးကြောင့် ထိခိုက်ခဲ့သော ဝန်ကြီးဌာနရုံးများနှင့် နိုင်ငံ့ဝန်ထမ်းအိမ်ရာများကို ပြန်လည်နေရာချထားရေး အဆိုပြုစီမံချက်နှင့် နေပြည်တော်မြို့ပြဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲထားမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# ပြည်ထောင်စုနယ်မြေ(နေပြည်တော်)၊ စစ်ကိုင်းနှင့် မန္တလေးမြို့များအတွင်း ဈေးကားများဖြင့် ကုန်မျိုးစုံနှင့် ဟင်းသီးဟင်းရွက်များအား သက်သာသောဈေးနှုန်းများဖြင့် ၄၅ ရက်မြောက်အဖြစ် လှည့်လည်ရောင်းချပေးလျက်ရှိ

**နေပြည်တော် မေ ၁၅**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါး၊ ငါးပိ၊ အမဲသား၊ ဆိတ်သား၊ ကြက်သား၊ ဝက်သား၊ ကြက်ဥ၊ ဘဲဥစသည့် ကုန်မျိုးစုံများနှင့် ဟင်းသီးဟင်းရွက်များအား ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ စစ်ကိုင်းနှင့် မန္တလေးမြို့များအတွင်း ငလျင်ဘေးသင့်ဝန်ထမ်းအိမ်ရာများသို့ မတ် ၃၀ ရက်မှစ၍ အိမ်တိုင်ရာရောက် သွားရောက်ကာ သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိပြီး ယနေ့တွင် ၄၅ ရက်နေ့မြောက်အဖြစ် ဈေးကားများဖြင့် လှည့်လည် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။




မေ ၁၅ ရက်တွင် ဝန်ထမ်းများနှင့် ပြည်သူများအား ဆန်ခြောက်ပြည်ပါ (မနောသုခ- Export Quality) ၆၅ အိတ်၊ ဆန်ငါးပြည်ပါ (ဖျာပုံပေါ်ဆန်း) ၂၃ အိတ်၊ ဆီပိဿာ ၁၇၆၀၊ ဆား ၁၁ ပိဿာ၊ ကုလားပဲ ၂၀ ကျပ်သားပါ အိတ်ထုပ် ၇၀၊ ငါးပိလေးပိဿာ၊ ငါးတံခွန် ၁၀ ကျပ်သားအထုပ် ၂၀၊ ငါးပုတ်သင် ၁၀ ကျပ်သား ၂၅ ထုပ်၊ ငါးနီတူခြောက် ၁၀ ကျပ်သား ၂၄ ထုပ်၊ အာပွဲခြောက် ၁၀ ကျပ်သား အထုပ် ၃၀၊ ငါးရောင်ခြောက် ၁၀ ကျပ်သား ၂၂ ထုပ်၊ ကြက်ဥအလုံး ၈၅၀ ၊ ဘဲဥအလုံး ၁၀၀၊ ခေါက်ဆွဲခြောက် ၁၂ ထုပ်တို့ကို ရောင်းချပေးခဲ့ကြောင်းနှင့် နေ့စဉ်ဆက်လက် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ထို့အတူ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ပူးပေါင်း၍ MSME ထုတ်ကုန်များ၊ လူသုံးကုန်များ၊ စားသောက်ကုန်များနှင့် မီးဖိုချောင်သုံးပစ္စည်းများ စသည့် ကုန်ပစ္စည်း ၁၀၇ မျိုးတို့ကို ပြည်ထောင်စုနယ်မြေ(နေပြည်တော်) အတွင်း ငလျင်ဘေးသင့် ဝန်ထမ်းများနှင့် ပြည်သူများသို့ ဈေးကားကြီး (အရောင်းယာဉ်)ဖြင့် မေ ၅ ရက်မှစ၍ သက်သာသော ဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိသည်။

ထို့အပြင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေး လုပ်ငန်းအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်မှုဖြင့် ပြည်ထောင်စုနယ်မြေ (နေပြည်တော်) အတွင်း ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် ပြည်သူများသို့ အိမ်တိုင်ရာရောက် သွားရောက်ကာ သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိရာ မေ ၁၅ ရက်တွင် ကြက်သား(အကောင်) ၂၅၀၊ ကြက်ဥအလုံး ၇၅၀၀၊ ဘဲဥ အလုံး ၄၅၀၀၊ ငုံးဥအလုံး ၂၀၀၀ တို့ကို အပတ်စဉ်ကြာသပတေးနေ့တိုင်း လှည့်လည် ရောင်းချပေးလျက်ရှိသည်။

အလားတူ မေ ၁၅ ရက်တွင် စစ်ကိုင်းမြို့၌ ဈေးကားလေးစီးဖြင့် ရောင်းချပေးလျက်ရှိရာ ဆန် ၂၄ ပြည်ပါ(ရွှေဝါထွန်း) လေးအိတ်၊ စားအုန်းဆီ ၇၅ ပိဿာ၊ ဆား ၃ ပိဿာ၊ ကုလားပဲ ၁၀ ဘူး၊ ငါးပိ တစ်ပိဿာ၊ ငါးနီတူခြောက် တစ်ပိဿာ၊ ပုစွန်ခြောက် ၃၀ ကျပ်သား၊ ကြက်ဥအလုံး ၆၀၊ ဘဲဥအလုံး ၂၀၊ ကြက်သွန်နီ ၅ ပိဿာနှင့် အသားတု ၂ ပိဿာတို့ကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ပြီး မန္တလေးမြို့တွင် ဈေးကားလေးစီးဖြင့် လှည့်လည် ရောင်းချပေးလျက်ရှိရာ ဆန် ၂၄ ပြည်ပါ (မနောသုခ) ၁၈ အိတ်၊ စားအုန်းဆီပိဿာ ၂၂၀၀၊ ဆား ၁ ဒသမ ၅ ပိဿာ၊ ကုလားပဲ ၂၅ ကျပ်သားပါ လေးထုပ်၊ ငါးပိ ၂၅ ကျပ်သားပါ သုံးထုပ်၊ ငါးနီတူခြောက် ၁၀ ကျပ်သားပါလေးထုပ်၊ အာပွဲခြောက် ၁၀ ကျပ်သားပါ လေးထုပ်၊ ကြက်ဥအလုံး ၂၄၅၀၊ ဘဲဥအလုံး ၇၂၀ နှင့် ခေါက်ဆွဲခြောက်ထုပ် ၄၀ တို့ကို ရောင်းချပေးခဲ့ပြီး နေ့စဉ်ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဆင်ပေါင်ဝဲမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

**ဆင်ပေါင်ဝဲ မေ ၁၅**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် ဆင်ပေါင်ဝဲမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေး အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းက ဇောင်ချမ်းတောင်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနနှင့် ပူးပေါင်းအဖွဲ့ဝင်များက အဆိုပါကျေးရွာအတွင်း ကွင်းဆင်းဆောင်ရွက်သည်။



အဆိုပါ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းများကို ဇောင်ချမ်းတောင်ကျေးရွာ ကျေးလက် ကျန်းမာရေးဌာန ကျန်းမာရေးဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများပူးပေါင်း၍ တစ်အိမ်တက်ဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

# ငလျင်ဘေးသင့်ဒေသများ၌ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၁၅**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ ပြည်နယ်ခြောက်ခုတို့တွင် မေ ၁၅ ရက်အထိ သေဆုံးသူ ၃၇၂၃ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၈၄ ဦး ရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်း ပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၀၂ ဦး ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းမှုများအတွက် ဆက်လက်သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ကရင်စာပေနှင့်ယဉ်ကျေးမှုစုပေါင်းသင်တန်းဆင်းပွဲ တက်ရောက်ချီးမြှင့်



**ဘားအံ မေ ၁၅**

ကရင်ပြည်နယ် ဘားအံမြို့နယ် ဒုံရင်းတိုက်နယ် မြို့နယ်အဆင့် (၂)ကြိမ်မြောက် ကရင်စာပေနှင့် ယဉ်ကျေးမှုစုပေါင်းသင်တန်းဆင်းပွဲကို ယနေ့ နံနက် ၉ နာရီက လှိုင်ကမ္မာကျေးရွာ အောက်ရေတံခွန်တိုက်ကျောင်း၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများ၊ နေ့ထူးနေ့မြတ်အခမ်းအနားများ ကျင်းပနိုင်ရန်နှင့် စာပေဘာသာစကားများ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များ ဆောင်ရွက်နိုင်ရန်အတွက် နှစ်စဉ် ဘဏ္ဍာငွေများတိုးမြှင့်လျာထားပြီး ဖြည့်ဆည်းကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တိုင်းရင်းသားစာပေများကို ယခင်က ကျောင်းချိန်ပြင်ပတွင်သာ သင်ကြားခဲ့ရပြီး ယခုအခါ ကျောင်းချိန်အတွင်း သင်ကြားနိုင်အောင် ခွင့်ပြုပေးထားပြီးဖြစ်ရာ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ်တွင် ကရင် တိုင်းရင်းသားဘာသာ ကျောင်းသုံးပုံနှိပ်စာအုပ် ဆရာကိုင်နှင့် ကျောင်းသားကိုင်စာအုပ်များ ပုံနှိပ်ထုတ်ဝေပေးသွားမည်ဖြစ်ကြောင်း၊ ကျောင်းပိတ်ရက်ကာလများတွင် မိမိတို့၏စာပေကို လေ့လာသင်ယူခြင်းသည် မိမိတို့၏စာပေ၊ စကား၊ ယဉ်ကျေးမှုအမွေအနှစ်များကို တိုးတက်ပြန့်ပွားအောင်ဆောင်ရွက်ရာရောက်သကဲ့သို့ ကာကွယ်စောင့်ရှောက်ခြင်းလည်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းကျင်းပရေးကော်မတီသို့ ငွေကျပ်သိန်း ၃၀ ကို ချီးမြှင့်ပေးအပ်ရာ ကော်မတီမှ ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ချီးမြှင့်ပြီး သင်တန်းကျင်းပရေးကော်မတီအတွင်းရေးမှူးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့က သင်တန်းဘက်စုံထူးချွန်တံခွန်စိုက်ဆု၊ စာပေတံခွန်စိုက်ဆု၊ ယဉ်ကျေးမှုတံခွန်စိုက်ဆု၊ သင်တန်းစည်းကမ်းရှိမှုတံခွန်စိုက်ဆုရရှိကြသည့်ကျေးရွာများကို ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ကြပြီး**(အပေါ်ပုံ)** စုပေါင်း မှတ်တမ်းဓာတ်ပုံများ ရိုက်ကူးကြသည်။

ကရင်စာပေနှင့် ယဉ်ကျေးမှုစုပေါင်းသင်တန်းဆင်းပွဲအနေဖြင့် အောက်ရေတံခွန်တိုက်ကျောင်းတွင် မေ ၁၂ ရက်မှစ၍ ဒုံးအကပြိုင်ပွဲ၊ ရာခနာပြိုင်ပွဲ၊ တစ်ကိုယ်တော်အဆို၊ Group Song၊ ကဗျာသရုပ်ဖော်နှင့် ကရင်ရိုးရာ တူရိယာများတီးမှုတ်ပြိုင်ပွဲ၊ သူငယ်တန်းမှ စတုတ္ထတန်းအထိ ကရင်စာပေပြိုင်ပွဲ၊ ပန်းချီ၊ စာစီစာကုံး၊ ဆောင်းပါး၊ ဝတ္ထုတို၊ ကဗျာရေးဖွဲ့ပြိုင်ပွဲများကို ထည့်သွင်းကျင်းပခဲ့ပြီး ယနေ့ စုပေါင်းသင်တန်းဆင်းပွဲတွင် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## (၇၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲအခမ်းအနား ကျင်းပမည့်ရက် ပြောင်းလဲသတ်မှတ်

**နေပြည်တော် မေ ၁၅**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော (၇၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲအခမ်းအနားကို ၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်၊ ၂၀၂၅ ခုနှစ်၊ မေ ၂၀ ရက် (အစား) ၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၁ ရက်၊ ၂၀၂၅ ခုနှစ်၊ မေ ၂၂ ရက် နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ပြောင်းလဲကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနားသို့ ကြွရောက်တော်မူကြမည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဩဝါဒါစရိယဆရာတော်ကြီးများ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်များ၊ ပုစ္ဆက ဆရာတော်များ၊ ကြီးကြပ်ရေးဆရာတော်များအပါအဝင် ပင့်သံဃာ ၃၁ ပါး၊ ယခုနှစ်တွင် အောင်မြင်တော်မူကြသော တိပိဋကဓရ တိပိဋကကောဝိဒ တစ်ပါး၊ ဒီဃနိကာယကောဝိဒ နှစ်ပါး၊ ဒီဃဘာဏက ၁၁ ပါး၊ ဝိနယကောဝိဒ တစ်ပါး၊ ဝိနယဓရ ၂၉ ပါး၊ ဥဘတောဝိဘင်္ဂကောဝိဒ ခုနစ်ပါး၊ ဥဘတောဝိဘင်္ဂဓရ ၄၆ ပါး၊ စာအောင်သံဃာ ၉၇ ပါး စုစုပေါင်း သံဃာတော် ၁၂၈ ပါးတို့အား လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် ချီးကျူးပူဇော်မည်ဖြစ်သဖြင့် အလှူရှင်များအနေဖြင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ညွှန်ကြားရေးမှူး စာမေးပွဲဌာနခွဲ သာသနာရေးဦးစီးဌာန ဖုန်း-၀၉-၈၈၀ ၅၆၀၇၉၀၊ ၀၉-၄၃၀၆၇၁၆၈ သို့ဆက်သွယ်၍ ကြိုတင်လှူဒါန်းနိုင်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

သတင်းစဉ်

# လူမှုဖူလုံရေးအကျုံးဝင် မှတ်ပုံတင်ထားသည့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေး

**နေပြည်တော် မေ ၁၅**

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့ ပြည်ထောင်စုနယ်မြေ လူမှုဖူလုံရေးရုံးလက်အောက်ရှိ ပျဉ်းမနားမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်တို့မှ လူမှုဖူလုံရေးရုံးတို့တွင် လူမှုဖူလုံရေးအကျုံးဝင် မှတ်ပုံတင်ထားသည့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများအား လူမှုဖူလုံရေးအဖွဲ့-ဘေးမခရောဂါရှာဖွေရေး ရွေ့လျားဆေးကုသယာဉ် (Mobile Medical Units) ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကို ယနေ့ နံနက်ပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန ယာဉ်ရပ်နားဝင်း၌ ပြုလုပ်သည်။

အဆိုပါအဖွဲ့သည် ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိဦးစီးဌာနနှင့် လုပ်ငန်းများမှ အာမခံဝန်ထမ်းများအား အထွေထွေကျန်းမာရေးဆိုင်ရာ စစ်ဆေးဆောင်ရွက်ပေးခြင်း၊ ဆေးဝါးကုသခြင်း၊ ဓာတ်ခွဲစစ်ဆေးခြင်း၊ နှလုံးအတွက် ECG စစ်ဆေးခြင်း၊ သွေးစစ်ခြင်းအပါအဝင် လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးကြသည်။

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် လူမှုဖူလုံရေးအကျုံးဝင် မှတ်ပုံတင်ထားသည့် အလုပ်သမားများအတွက် မန္တလေးလျှောင်ကြီးလုပ်ခတ်မှုကြောင့် လုပ်ငန်းခွင်ထိခိုက်မှု အကျိုးခံစားခွင့်တွင်ပါဝင်သည့် ယာယီမသန်စွမ်း၊ အမြဲတမ်းမသန်စွမ်းနှင့် ထိခိုက်မှုများအလိုက် လစာအပေါ်ပေးသွင်းထားသည့် ထည့်ဝင်ကြေး၏ ၇၀ ရာခိုင်နှုန်း၊ လူထိခိုက်မှုမရှိဘဲ အိုးအိမ်ပျက်စီးမှုများအတွက် လစာအပေါ်ပေးသွင်းထားသည့် ထည့်ဝင်ကြေး၏ ၄၀ ရာခိုင်နှုန်းနှင့် KG မှ တက္ကသိုလ်အထိ ပညာသင်ကြားနေသော အာမခံဝန်ထမ်းများ၏ သား၊ သမီးများကိုအဆင့်အလိုက် ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်သွားနိုင်ရေးကိုလည်း စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

လူမှုဖူလုံရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကျန်းမာရေးစောင့်ရှောက်မှုအတွက် လူမှုဖူလုံရေးအဖွဲ့ပိုင်ဆေးရုံကြီး သုံးရုံ၊ မြို့နယ်လူမှုဖူလုံရေးဆေးခန်း ၉၆ ခန်း၊ ဌာနကြီးဆေးခန်း ၆၁ ခန်း၊ စာချုပ်ဆေးခန်း ၆၈ ခန်း၊ သားဖွားမီးယပ်၊ ပြင်ပလူနာကုသမှုဆောင်ရွက်သည့် စာချုပ်ဆေးခန်း ၄၈ ခန်း၊ မီးဖွားဝန်ဆောင်မှုပေးသော စာချုပ်ဆေးရုံ၊ သားဖွားခန်း ၁၆ ခန်း၊ တိုင်းရင်းဆေးခန်း တစ်ခန်းတို့ဖြင့် ဝန်ဆောင်မှုပေးလျက်ရှိသည်။



ပြည်ထောင်စုနယ်မြေ နေပြည်တော်၌လည်း မြို့နယ်လူမှုဖူလုံရေးဆေးခန်း နှစ်ခန်း၊ ဌာနကြီးဆေးခန်း လေးခန်း၊ စာချုပ်ဆေးခန်း ငါးခန်း၊ သားဖွားမီးယပ်၊ ပြင်ပလူနာကုသမှုဆောင်ရွက်သည့် စာချုပ်ဆေးခန်း သုံးခန်းတို့ဖြင့် ကျန်းမာရေးဝန်ဆောင်မှုများပေးလျက်ရှိပြီး ၂၀၂၅ ခုနှစ်အတွင်း ပထမအကြိမ်စီမံချက်အနေဖြင့် လူမှုဖူလုံရေးအကျုံးဝင် အလုပ်ဌာန ၁၀၈၉ ဌာနမှ အာမခံအလုပ်သမား ၂၇၉၃၆ ဦးတို့ကို မေ ၁၂ ရက်မှ ဇွန် ၃၀ ရက်အထိ ကျန်းမာရေးစောင့်ရှောက်မှုများ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



# မိတ္ထီလာခရိုင်အတွင်းရှိ နှမ်းစိုက်ပျိုးမည့်တောင်သူများ ဘောင်ကြီးတင်စနစ်ဖြင့် စိုက်ပျိုးထားသော ဧက ၁၀၀ နွေနှမ်းစိုက်ခင်းများသို့ လေ့လာ

**မိတ္ထီလာ မေ ၁၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ဇောင်းချမ်းကုန်းကျေးရွာ ကွင်းအမှတ်(၇၃၇)ရှိ ဘောင်ကြီးတင်စနစ်ဖြင့် စိုက်ပျိုးထားသော ဧက ၁၀၀ နွေနှမ်း(ရေဆင်း-၁၄ မျိုး)စိုက်ခင်းများသို့ ခရိုင်အတွင်းရှိ နှမ်းစိုက်ပျိုးမည့် တောင်သူများက ယနေ့ နံနက်ပိုင်းတွင် လာရောက်လေ့လာခဲ့ကြကြောင်း မိတ္ထီလာခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မိတ္ထီလာခရိုင်စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုအောက်ရှိ မိတ္ထီလာမြို့နယ် ဇောင်းချမ်းကုန်းကျေးရွာရှိ ဘောင်ကြီးတင်စနစ်ဖြင့် စိုက်ပျိုးထားသော ဧက ၁၀၀ နွေနှမ်း(ရေဆင်း-၁၄ မျိုး)စိုက်ခင်းများသို့ မိတ္ထီလာမြို့နယ်အတွင်းရှိ တောမကျေးရွာနှင့် ချောက်ပင်ကျေးရွာများမှ နှမ်းစိုက်ပျိုးမည့်တောင်သူများက လာရောက်လေ့လာရာ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်စန္ဒာလင်းက နှမ်းစိုက်ပျိုးရာတွင် သတ်မှတ်လျာထားသည့် အထွက်နှုန်းရရှိစေရေး စိုက်ပျိုးနည်းစနစ်များကို ရှင်းလင်းပြောကြားပြီး နှမ်းစိုက်ပျိုးမည့် တောင်သူများက သိလိုသည်များမေးမြန်းရာ ဒုတိယညွှန်ကြားရေးမှူးနှင့် မြို့နယ်ဦးစီးမှူး ဦးသက်နိုင်အေးတို့က ပြန်လည်ရှင်းလင်း ဖြေကြားသည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**

# နိုင်ငံတော်အနေဖြင့် နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် အီသီယိုးပီးယားနိုင်ငံသား ၇၆ ဦး ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် မေ ၁၅**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့- ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး (KK Park)နှင့် ကျောက်ခတ်နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများအား စစ်ဆေးဖော်ထုတ်၍ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ယနေ့တွင် အီသီယိုးပီးယားနိုင်ငံသား ၇၆ ဦးအား မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေ



လုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံပြည်နှင်လွှဲပြောင်းပေးသည်။

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်နှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိရေး၊ ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်နှင့် တာဝန်ရှိသူများ၊ အိန္ဒိယနိုင်ငံဆိုင်ရာ အီသီယိုးပီးယားဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံသံရုံးမှ Second Secretary Mr. Wendwosen Melkamu နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်မှ မေလ ၁၅ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၀၇၀ စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၈၃၀၂ ဦးအား ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၇၆၈ ဦးအား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင်အွန်လိုင်းလိမ်လည်မှု လုပ်ငန်းများကို စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပြီး Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများအား ဖော်ထုတ်ဖမ်းဆီးလျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတကာပြိုင်ပွဲများအတွက် လေ့ကျင့်နေသည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းနှင့် လူငယ်လက်ရွေးစင်အသင်းများအား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ အားပေးချီးမြှင့်

**ရန်ကုန် မေ ၁၅**

ယခုနှစ်အတွင်း ယှဉ်ပြိုင်ရမည့် နိုင်ငံတကာ ပြိုင်ပွဲများအတွက် စခန်းဝင်လေ့ကျင့်နေသည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း၊ လူငယ်လက်ရွေးစင် အသင်းများအား ယနေ့ ညနေပိုင်းတွင် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဦးဇော်ဇော်တွေ့ဆုံအားပေးကာ ထပ်ဆောင်းပံ့ပိုးငွေများ ပေးအပ်ချီးမြှင့်ခဲ့သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ဇွန်လတွင် ၂၀၂၆ အာရှဖလား အမျိုးသမီး ခြေစစ်ပွဲ၊ စက်တင်ဘာလတွင် အာဆီယံ အမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲ၊ ဒီဇင်ဘာလတွင် (၃၃)ကြိမ်မြောက် ထိုင်းဆီးဂိမ်းပြိုင်ပွဲ၊ မြန်မာယူ-၁၉ အမျိုးသမီးအသင်းသည် ဇွန်လတွင် အာဆီယံ ယူ-၁၉ အမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲ၊ ဩဂုတ်လတွင် အာရှဖလား ယူ-၂၀ အမျိုးသမီး ခြေစစ်ပွဲ၊ မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် ဩဂုတ်လတွင် အာဆီယံ ယူ-၁၆ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ၊ အောက်တိုဘာလတွင် အာရှဖလား ယူ-၁၇ အမျိုးသမီးခြေစစ်ပွဲ၊ မြန်မာယူ-၁၉ အမျိုးသားအသင်းသည် ၂၀၂၆ ခုနှစ်အတွင်း အာဆီယံ ယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲနှင့် အာရှဖလား ယူ-၂၀ ခြေစစ်ပွဲ၊ မြန်မာ ယူ-၁၆ အမျိုးသားအသင်းသည် နိုဝင်ဘာလတွင် အာရှဖလား ယူ-၁၇ ခြေစစ်ပွဲတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။



မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်သည် ယနေ့ညနေပိုင်းတွင် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်း၊ ယူ-၁၉ နှင့် ယူ-၁၆ အမျိုးသမီးအသင်း၊ ယူ-၁၉ နှင့် ယူ-၁၆ အမျိုးသားအသင်းတို့၏ လေ့ကျင့်ရေးကွင်းများသို့ သွားရောက်ကာ အားပေးစကားပြောကြားပြီး ယှဉ်ပြိုင်ရမည့် နိုင်ငံတကာ ပြိုင်ပွဲများတွင် ဆုတံဆိပ်ရရှိခြင်း၊ ခြေစစ်ပွဲအောင်မြင်ခြင်းများအတွက် ထိုက်တန်စွာ ဂုဏ်ပြုချီးမြှင့်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ကိုညီလေး၊ ဓာတ်ပုံ-MFF**

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် မေ ၁၅**

မန္တလေးတိုင်း ဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီ တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**မိုး/ဇလ**

◎ *ကျောဖုံးမှ*

နောက်ပိုင်း တတိယအကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့ခြင်းလည်းဖြစ်သည်။ အေစီမီလန်နှင့် ဘိုလော့ဂ်နာအသင်းတို့သည် မေ ၁၀ ရက်က အနီးစပ်ဆုံးယှဉ်ပြိုင်ကစားခဲ့ပြီး အေစီမီလန်အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိထားသည်။ သို့သော်လည်း ဘိုလော့ဂ်နာအသင်းသည် ယခုပွဲစဉ်တွင် အဆိုပါရှုံးနိမ့်မှုကိုချေဖျက်ကာ နှစ်ပေါင်းများစွာ ဝေးကွာနေသည့် ဆုဖလားကိုပါ သိမ်းပိုက်ရယူနိုင်ခဲ့သည်။

နာမည်ကြီး အေစီမီလန်အသင်းသည် ဘိုလော့ဂ်နာအသင်းထက် ဂိုးရရှိနိုင်သည့်အခွင့်အရေး ပိုမိုဖန်တီးနိုင်ခဲ့သော်လည်း ပြိုင်ဘက်အသင်းခံစစ်နှင့် ဂိုးသမားတို့ကို ကျော်ဖြတ်နိုင်ခြင်း မရှိခဲ့ချေ။ ဘိုလော့ဂ်နာအသင်းက တုံ့ပြန်တိုက်စစ်ဆင်မှုများမှတစ်ဆင့် ရရှိလာသည့်အခွင့်အရေးကို အသုံးချကာ သွင်းဂိုးအဖြစ်ပြောင်းလဲနိုင်ခဲ့ပြီး သမိုင်းဝင်နိုင်ပွဲကို ဖော်ဆောင်နိုင်ခဲ့သည်။ ဘိုလော့ဂ်နာအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲကစားချိန် ၅၃ မိနစ်တွင် အင်ဒိုယီက သွင်းယူပေးခဲ့သည်။

ဘိုလော့ဂ်နာအသင်းသည် ကိုပါအီတာလီယာဖလားကို ဆွတ်ခူးနိုင်ခဲ့သည့်အတွက် လာမည့်နှစ်တွင် ယူရိုပါလိဂ်ဖလားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကစားခွင့်ရရှိခဲ့ကြောင်း သိရသည်။ ၂၀၀၃ ခုနှစ်က ကိုပါအီတာလီယာဖလားကို နောက်ဆုံးအကြိမ် ဆွတ်ခူးနိုင်ခဲ့သော ပြိုင်ဘက် အေစီမီလန်အသင်းသည် စီးရီးအေ ပွဲစဉ် (၃၆) အပြီးတွင် ရမှတ် ၆၀ ဖြင့် အဆင့် ၈ တွင် ရပ်တည်နေသည့်အတွက် ယူရိုပါလိဂ်ဝင်ခွင့်ရရေး မသေချာသေးပေ။

**အောင်ဇော်**

❖ *ကျောဖုံးမှ*

လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် ယခုတစ်ပတ်တွင် မထင်မှတ်ဘဲ သရေကျခဲ့သဖြင့် သုံးပွဲဆက်နိုင်ပွဲရယူနိုင်မည့် အခွင့်အရေး လက်လွှတ်ခဲ့ရပြီး ရန်ကုန်ယူနိုက်တက်အသင်းက သုံးပတ်ဆက်တိုက် ထိပ်ဆုံးတွင် ဦးဆောင်လျက်ရှိသည်။ ပွဲစဉ်(၃)တွင် ရန်ကုန်ယူနိုက်တက်အသင်းက Dagon Port အသင်းကို ငါးဂိုးပြတ်၊ ဒဂုံစတားယူနိုက်တက်အသင်းက မဟာယူနိုက်တက်အသင်းကို သုံးဂိုးပြတ်၊ Junior Lions အသင်းက ရာမညယူနိုက်တက်အသင်းကို သုံးဂိုးပြတ်၊ အား/ကာသိပ္ပံအသင်းက ဟံသာဝတီယူနိုက်တက်အသင်းကို ငါးဂိုးပြတ်၊ ရတနာပုံအသင်းက ဧရာဝတီယူနိုက်တက်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး Falcon အသင်းနှင့် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်း တစ်ဂိုးစီသရေ၊ သစ္စာအားမာန်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်း တစ်ဂိုးစီ သရေကျခဲ့သည်။

ပွဲစဉ် (၃) အပြီးတွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်းတို့က ကိုးမှတ်စီ၊ ရှမ်းယူနိုက်တက်အသင်းက ခုနစ်မှတ်၊ အား/ကာသိပ္ပံ၊ Junior Lions၊ ရတနာပုံအသင်းတို့က ခြောက်မှတ်စီ၊ ရခိုင်ယူနိုက်တက်အသင်းက ငါးမှတ်၊ ဧရာဝတီယူနိုက်တက်အသင်းက လေးမှတ်၊ ရာမညယူနိုက်တက်အသင်းက သုံးမှတ်၊ သစ္စာအားမာန်အသင်းက နှစ်မှတ်၊ Falcon နှင့် Dagon Port အသင်းတို့က တစ်မှတ်စီရရှိထားပြီး ဟံသာဝတီယူနိုက်တက်နှင့် မဟာယူနိုက်တက်အသင်းတို့မှာ အမှတ်မရသေးပေ။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MNL**

## လုံခြုံရေးတပ်ဖွဲ့ဝင်များအဖြစ် အယောင်ဆောင်ကာ ဓားပြတိုက်၊ လုယက်မှုများ ကျူးလွန်နေသော ဂိုဏ်းအား ဖော်ထုတ်ဖမ်းဆီး




○ *ကျောဖုံးမှ*

မြရည်နန္ဒာရပ်ကွက်နေ နေထက်လင်း (၂၉)နှစ် (ဘ) ဦးသံချောင်းအား ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

**ထပ်မံဖော်ထုတ်ဖမ်းဆီးရမိ**

ဖမ်းဆီးရမိတရားခံ နေထက်လင်း၏ ထွက်ဆိုချက်အရ ကွင်းဆက်တရားခံများ ဖမ်းဆီးရမိရေး ဆက်လက်ဖော်ထုတ် ဖမ်းဆီးခဲ့ရာ ဓားပြတိုက်၊ လုယက်မှုများတွင် ပူးပေါင်းပါဝင်ခဲ့သူများ ဖြစ်သည့် ၎င်း၏ဇနီး မေမီမီကို (၃၁)နှစ် (ဘ) ဦးကိုကိုလွင်၊ စဉ့်ကိုင်မြို့နယ် အရေးမဆိုကျေးရွာနေ ညီညီလွင် (ခ) ညီညီ(၂၉)နှစ်(ဘ)ဦးအေးကို၊ ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာ ရပ်ကွက်နေ ကိုကိုလွင် (၆၅)နှစ် (ဘ)ဦးတင်မောင်လေး၊ အမရပူရမြို့နယ်၊ ရေကြည်ပေါက်ကျေးရွာနေသူများဖြစ်သည့် ရဲနိုင်ဝင်း(ခ) ဖိုးသား (၃၇)နှစ်(ဘ) ဦးခင်မောင်နှင့် ဟိန်းမင်းသူ(ခ) ဟူစိန်(၂၂)နှစ် (ဘ)ဦးမြင့်စိုး၊ မကွေးတိုင်းဒေသကြီး မင်းလှမြို့ အမှတ်(၁၀)ရပ်ကွက်နေ နေမင်းအောင်(ခ) ထက်လင်း (၂၆)နှစ် (ဘ)ဦးမြင့်မိုး၊ အမရပူရမြို့နယ် စာတိုးကျေးရွာနေ မျိုးဇော် (၂၆)နှစ်(ဘ) ဦးမြင့်နောင်၊ ချမ်းမြသာစည်မြို့နယ် အောင်ပင်လယ်ရပ်ကွက်နေသူများဖြစ်သည့် မင်းသက်နိုင်(ခ) ကျစ်ကျစ်(၂၈)နှစ် (ဘ) ဦးကိုကိုလွင်၊ ကျော်သီဟ (ခ) သီဟ (၂၄)နှစ် (ဘ)ဦးကျော်၊ မင်းသက်ကို(ခ) ချစ်ချစ်(၂၃)နှစ် (ဘ)ဦးကိုကိုလွင်၊ ပုသိမ်ကြီးမြို့နယ် ကုလားကြီးကျေးရွာနေ ဇာနည်ထွန်း(ခ) ဇာနည် (၃၈)နှစ် (ဘ)ဦးကြည်လေး၊ နေပြည်တော် သာဝတ္ထိမြို့ စက်ရုံစုရပ်ကွက်နေ ဉာဏ်ထက်လင်း (ခ) ကိုထက် (၃၁)နှစ် (ဘ) ဦးနေမျိုးလှိုင်၊ မုံရွာမြို့ မြဝတီရပ်ကွက်နေသူများဖြစ်သည့် သန်းသန်းမိုး(၅၁)နှစ် (ဘ) ဦးသံချောင်းနှင့် မြင့်မိုး (၅၁)နှစ် (ဘ)ဦးပေါရှိန်၊ အမရပူရမြို့နယ် ဘနေ့ာကျေးရွာနေ ဖြူစွာမင်း (ခ) ကတုံး(၃၀)နှစ် (ဘ)ဦးချွတ်၊ ဟုမ္မလင်းမြို့နေ ဇော်မျိုးထက်(ခ) ကိုမျိုး (၃၃)နှစ် (ဘ) ဦးသံချောင်းတို့ပါဝင်သော ဂိုဏ်းအဖွဲ့မှ တရားခံ အမျိုးသား ၁၅ ဦး၊ အမျိုးသမီး နှစ်ဦး စုစုပေါင်း ၁၇ ဦးတို့အား ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် ပစ္စတိုသေနတ် လေးလက်၊ မော်တော်ယာဉ် သုံးစီး၊ ဆိုင်ကယ် တစ်စီး၊ ပြောက်ကျားဝတ်စုံ လေးစုံတို့နှင့်အတူ ထပ်မံဖော်ထုတ် ဖမ်းဆီးရမိခဲ့သည်။

**စစ်ဆေးဖော်ထုတ်**

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်များအရ နေထက်လင်း၊ ညီညီလွင်၊ ဖြူစွာမင်းတို့ သုံးဦးသည် ၂၀၂၃ ခုနှစ် ဇူလိုင် ၁၃ ရက်က တံတားဦးမြို့နယ် ခင်လူးလေးကျေးရွာနေ ကိုဟန်(ခ) ကိုသီဟန် မောင်းနှင်လာသည့် YGN 2R–xxxx FORD DOUBLE CUB မော်တော်ယာဉ်ကို အကြမ်းဖက်လုယက်မှု ကျူးလွန်ရာတွင်လည်းကောင်း၊ နေထက်လင်း၊ ညီညီလွင်၊ ဖြူစွာမင်းတို့ သုံးဦးသည် ၂၀၂၃ ခုနှစ် ဇူလိုင် ၁၃ ရက်တွင် အမရပူရမြို့နယ်ရှိ မောင်ဒိန်းရွှေဆိုင်ကို လုယက်မှုကျူးလွန်ရာတွင်လည်းကောင်း၊ နေထက်လင်း၊ ရဲနိုင်ဝင်း၊ ဟိန်းမင်းသူ၊ နေမင်းအောင်တို့ လေးဦးသည် ၂၀၂၃ ခုနှစ် စက်တင်ဘာ ၁၄ ရက်တွင် ချမ်းမြသာစည်မြို့နယ်ရှိ Sky Star Mobile ဖုန်းဆိုင်မှ ဖုန်း ၈၄ လုံးနှင့် ငွေ ၇ သိန်းကျော်ကို လုယက်မှုကျူးလွန်ရာတွင်လည်းကောင်း၊ နေထက်လင်း၊ ညီညီလွင်၊ ရဲနိုင်ဝင်း၊ ဟိန်းမင်းသူ၊ နေမင်းအောင်တို့ ငါးဦးသည် ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် ကျောက်ဆည်မြို့ မြို့မဈေးအတွင်းရှိ ဦးသန်းထွန်း+ဒေါ်ခင်ရီ ရွှေဆိုင်နှင့် ဦးသန်းနိုင်+ဒေါ်သူဇာဝင်း ရွှေဆိုင်တို့ကို ဓားပြတိုက်မှု ကျူးလွန်ရာတွင်လည်းကောင်း၊ နေထက်လင်း၊ မျိုးဇော်၊ နေမင်းအောင်၊ မင်းသက်နိုင်၊ ဇာနည်ထွန်း၊ သန်းသန်းမိုး၊ မြင့်မိုးတို့ ခုနစ်ဦးသည် ၂၀၂၄ ခုနှစ် မေ ၃၁ ရက်တွင် မဟာအောင်မြေမြို့နယ်၊ ၃၈x၃၉ လမ်းနှင့် ၈၄ x ၈၅ ကြားရှိ မန်းမြို့ဈေးအတွင်းရှိ ဆယ်သန်း ရွှေဆိုင်ကို ဓားပြတိုက်မှု ကျူးလွန်ရာတွင်လည်းကောင်း၊ နေထက်လင်းနှင့် ညီညီလွင်တို့ နှစ်ဦးသည် ၂၀၂၅ ခုနှစ် မတ် ၁၇ ရက်တွင် ချမ်းမြသာစည်မြို့နယ် ထွန်းတုံးရပ်ကွက် ၅၄x ၅၅ ကြား၊ (၁၁)F လမ်းနေ ဒေါ်ဆွေဇင်ထွန်း၏ နေအိမ်အတွင်း ဝင်ရောက်၍ ငွေစက္ကူရောရော ကျပ် ၁၁၉ သိန်းကျော်ကို လုယက်မှု ကျူးလွန်ရာတွင် လည်းကောင်း၊ နေထက်လင်း၊ ညီညီလွင်၊ မင်းသက်ကို၊ ကျော်သီဟ၊ မေမီမီကို၊ ဉာဏ်ထက်လင်းတို့ ခြောက်ဦးသည် ၂၀၂၅ ခုနှစ် ဧပြီ ၅ ရက်တွင် အမရပူရမြို့နယ် ဆင်ရွာမြင်းမူကျေးရွာရှိ မြသဇင် အထည်ဆိုင်ကို ဓားပြတိုက်မှု ကျူးလွန်ရာတွင် လည်းကောင်း၊ နေထက်လင်း၊ ညီညီလွင်၊ မင်းသက်ကို၊ ကျော်သီဟ၊ မေမီမီကို၊ ကိုကိုလွင်နှင့် ဉာဏ်ထက်လင်းတို့သည် ၂၀၂၅ ခုနှစ် ဧပြီ ၂၈ ရက်တွင် ချမ်းမြသာစည်မြို့နယ် အောင်ပင်လယ်ရပ်ကွက် ၅၅ လမ်း၊ ၁၀၃x ၁၀၄ ကြားရှိ ရွှေဇာမဏီ ရွှေဆိုင်ကို ဓားပြတိုက်မှုကျူးလွန်ရာတွင်လည်းကောင်း အသီးသီး ပူးပေါင်းပါဝင် ကျူးလွန်ခဲ့ကြောင်း စစ်ဆေးဖော်ထုတ် သိရှိရသည်။

ဖော်ထုတ်ဖမ်းဆီးရမိသည့် ဓားပြတိုက်ခြင်း၊ လုယက်မှုများကို ကျူးလွန်ရာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များအဖြစ် အယောင်ဆောင် ကျူးလွန်ခဲ့ကြကြောင်း အထောက်အထားများနှင့်တကွ စစ်ဆေးပေါ်ပေါက်ပြီး ဖမ်းဆီးရမိသည့် နေထက်လင်းအပါအဝင် အမျိုးသား ၁၅ ဦး၊ အမျိုးသမီး နှစ်ဦးတို့အား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း၊ ပြစ်မှုကျူးလွန်ရာတွင် ပူးပေါင်းပါဝင်ခဲ့ပြီး ဖမ်းဆီးရန်ကျန်တရားခံများနှင့် သိမ်းဆည်းရန်ကျန် လက်နက်ခဲယမ်းများကို အမြန်ဆုံးဖော်ထုတ် ဖမ်းဆီးရမိနိုင်ရေး၊ ဖြစ်စဉ်များတွင်ပါဆုံးခဲ့သည့် သက်သေခံပစ္စည်းများကို ပြန်လည်သိမ်းဆည်းနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းထုတ်ပြန်ထားသည်။ **သတင်းစဉ်**



ဓားပြတိုက်၊ လုယက်မှုများတွင် ပူးပေါင်းပါဝင်သူများနှင့် သိမ်းဆည်းရမိသည့် သက်သေခံပစ္စည်းများကို တွေ့ရစဉ်။





သိမ်းဆည်းရမိသည့် သက်သေခံပစ္စည်းများကို တွေ့ရစဉ်။

## ပညာရေးဝန်ကြီးဌာန

ပညာ

၂၀၂၅-၂၀၂၆ ပညာသင်နှစ်
"ကျောင်းနေအရွယ်ကလေးအားလုံး
စဉ်ဆက်မပြတ်ပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့"

ကျောင်းအပ်နှံရေးသီတင်းပတ် ၂၀၂၅ ခုနှစ်၊ မေလ (၂၂) ရက်နေ့မှ ဇွန်လ (၁) ရက်နေ့



## ပညာရေးဝန်ကြီးဌာန

၂၀၂၅-၂၀၂၆ ပညာသင်နှစ်
"အသိပေးကြေညာချက်"

❖ ၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း (KG) သို့ အပ်နှံရန်။

❖ ၆ နှစ်အရွယ် ကလေးများကို ပထမတန်း (Grade 1) သို့ အပ်နှံရန်။


## ပညာရေးဝန်ကြီးဌာန

"၂၀၂၅-၂၀၂၆ ပညာသင်နှစ်"
ကျောင်းအုပ်၊ ဆရာ၊ ဆရာမများအားလုံးနှင့် အရာထမ်း၊
အမှုထမ်းများအားလုံး
သိရှိလိုက်နာရမည့်အချက်များ

❖ မည်သည့်အခကြေးငွေမျှ ကောက်ခံခြင်း/လက်ခံခြင်းမပြုရ။
❖ ငွေကြေး/လက်ဆောင်ပစ္စည်း တစ်စုံတစ်ရာ လက်ခံခြင်းမပြုရ။
❖ အတန်းတံဆိပ်၊ ကျောင်းတံဆိပ်နှင့် အခြားမည်သည့်ပစ္စည်းကိုမျှ ရောင်းချခြင်းမပြုရ။
❖ ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ်လုပ်ဆောင်ရေး၊ မိဘများနှင့် ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပေးပါရန်။
❖ ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်များအတိုင်း စစ်ဆေးရန်။
❖ ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့် ဆက်လက်ပညာသင်ယူနိုင်ရေးအတွက် မိဘများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရန်။
❖ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ E-စီးကရက်(Vape)၊ စီးကရက်၊ ကွမ်းယာ မသုံးစွဲရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
❖ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး မိဘပြည်သူ အားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
❖ ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
❖ ကျောင်းသား၊ ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်း ဆောင်ရွက်ရန်။
❖ နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ရန်နှင့် ဆေးကုသမှုခံယူရန်။
❖ အသက်(၁၂)နှစ်ပြည့်ပြီး ကျောင်းသား၊ ကျောင်းသူများ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ရာနှုန်းပြည့် ထိုးနှံပြီးစီးနိုင်ရေး သက်ဆိုင်ရာကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရန်။

## ပညာရေးဝန်ကြီးဌာန

"၂၀၂၅-၂၀၂၆ ပညာသင်နှစ်"
မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူများသို့ မေတ္တာရပ်ခံချက်

❖ မြို့နယ်အလိုက် သတ်မှတ်နယ်မြေများတွင်သာ ကျောင်းအပ်နှံကြပါရန်။
❖ ငွေကြေး သို့မဟုတ် လက်ဆောင်ပစ္စည်းများကို ကျောင်းအုပ်၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများအား ပေးအပ်ခြင်း မပြုပါရန်။
❖ ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ်လုပ်ဆောင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆွေးနွေးဆောင်ရွက်ပါရန်။
❖ ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်များအတိုင်း စစ်ဆေးနိုင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ပါရန်။
❖ ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့် ဆက်လက် ပညာသင်ယူနိုင်ရေးအတွက် ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ပေးပါရန်။
❖ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ E-စီးကရက်(Vape)၊ စီးကရက်၊ ကွမ်းယာ မသုံးစွဲရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
❖ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့်ပူးပေါင်းဆောင်ရွက်ရန်။
❖ ကျန်းမာရေးနှင့်ညီညွတ်သော လူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
❖ ကျောင်းသား၊ ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
❖ ကျောင်းသား၊ ကျောင်းသူများ နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာ ကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ပေးရန်နှင့် ဆေးကုသမှုခံယူနိုင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
❖ ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများအား လိုက်နာဆောင်ရွက်ရန်နှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအား သတ်မှတ်ကြိမ်ရေပြည့်မီအောင် ထိုးနှံကြပါရန်အတွက် ပူးပေါင်းဆောင်ရွက်ရန်။
❖ မိဘများအနေဖြင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အကြံပြုကြပါရန်။
❖ ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးသို့ အသိပေးတိုင်ကြားလိုပါက ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၁၃၊ နေပြည်တော်သို့ ပေးပို့တိုင်ကြားနိုင်ပါသည်။

# ပျဉ်းမနားမြို့နယ်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းစစ်ဆေး

**နေပြည်တော် မေ ၁၅**

နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက ပျဉ်းမနားမြို့နယ်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

**လိုအပ်သည်များ မှာကြား**

ဦးစွာ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုးသည် ပျဉ်းမနားမြို့ အဝေရာတံတား ချဉ်းကပ်လမ်းပြုပြင်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး အဝေရာဆည်သို့ရောက်ရှိရာ သက်ဆိုင်ရာတာဝန်ရှိသူများက လက်ယာမြောင်းမကြီးမှ ရေများ လက်တံမြောင်းများတစ်လျှောက် စီးဝင်လာမှု၊ စိုက်ခင်းများသို့ ရေရောက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကာ ဆည်ရေသောက်လယ်များသို့ အချိန်တိုအတွင်း ရေပေးဝေနိုင်ရေး ဆောင်ရွက်ရန်၊ ဆည်ရေများကို ရေသွယ်မြောင်းများ တူးဖော်၍ ရေပေးသွင်းနိုင်ရေး၊ ရေကြီးရေလျှံမှုများ မဖြစ်ပေါ်စေရေး စီမံဆောင်ရွက်ရန်၊ စိုက်ပျိုးရေများ အချိန်မီရရှိအသုံးပြုနိုင်ရေး ဆောင်ရွက်သွားရန်နှင့် တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

**ပိုက်ဆံလျှော်မျိုးစေ့များ ပေးအပ်**

ဆက်လက်၍ နေပြည်တော်ကောင်စီဝင်သည် နှမ်းတောကျေးရွာ၊ ညောင်ပင်သာကျေးရွာနှင့် ဇီးဖြူပင်ကျေးရွာများရှိ တောင်သူများနှင့်တွေ့ဆုံပြီး စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခြေခံဖြစ်သည့် မျိုး၊ မြေ၊ ရေ၊ နည်းပညာသော မျိုးကောင်းမျိုးသန့်ရရှိအောင် ဆောင်ရွက်ရန်၊ မြေကိုစနစ်တကျပြုပြင်ဆောင်ရွက်ရန်၊ အောင်ရေ ရရှိ



ရန်၊ စိုက်နည်းစနစ်များမှန်ကန်ရန် အဓိကကျကြောင်း ပြောကြားကာ တောင်သူများအား ပိုက်ဆံလျှော် မျိုးစေ့များ ပေးအပ်ခဲ့ကြောင်း သိရသည်။

မျိုးသီဟ (ပြန်/ဆက်)

နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့၊ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့။

# အမေရိကန် ဒေါ်လာ ဘီလီယံ ၂၄၀ ကျော်တန်ဖိုးရှိ သဘောတူညီမှုစာချုပ်များ အမေရိကန်နှင့် ကာတာနိုင်ငံတို့ လက်မှတ်ရေးထိုး

**ဒိုဟာ မေ ၁၅**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ၎င်း၏ အရှေ့အလယ်ပိုင်း ခရီးစဉ်ဒုတိယနေ့အဖြစ် ကာတာနိုင်ငံသို့ရောက်ရှိနေရာ အမေရိကန်နှင့်ကာတာနိုင်ငံတို့သည် အမေရိကန်ဒေါ်လာ ဘီလီယံ ၂၄၀ ကျော်တန်ကြေးရှိ သဘောတူစာချုပ်များ လက်မှတ်ရေးထိုးခဲ့သည်ဟု အိမ်ဖြူတော်က ကြေညာသည်။

ထရမ့်သည် ကာတာစော်ဘွား ရှိတ်ခ်တာမင်ဘင် ဟာမတ်အယ်သာနီနှင့် ဒိုဟာမြို့၌ မေ ၁၄ ရက်က တွေ့ဆုံခဲ့ကြောင်း ၎င်းတို့၏ ပူးပေါင်းဆောင်ရွက်မှုများထဲတွင် ကာတာလေကြောင်းလိုင်းအနေဖြင့် ဘိုးရင်းမှ လေယာဉ်အစင်း ၂၁၀ ကို ဝယ်ယူမည့်အစီအစဉ်လည်း ပါဝင်ကြောင်း သိရသည်။

အဆိုပါကိစ္စသည် ဘိုးရင်းကုမ္ပဏီသမိုင်းတွင် ဂျက်လေယာဉ် မှာယူမှုအများဆုံးဖြစ်သည်။

အမေရိကန်၏ အဆင့်မြင့်လက်နက်စနစ်များကိုလည်း ကာတာနိုင်ငံက ဝယ်ယူမည်ဖြစ်ပြီး ၎င်းတို့ထဲမှ တစ်ခုမှာ ဒရုန်းများကို ရင်ဆိုင်နိုင်ရန် ဒီဇိုင်းထုတ်ထားသည့် စနစ်တစ်ခုလည်း ပါဝင်သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ၎င်း၏ အရှေ့အလယ်ပိုင်းခရီးစဉ်အဖြစ် ဆော်ဒီအာရေဗျသို့ သွားရောက်ခဲ့ပြီးနောက် ကာတာနိုင်ငံသို့ လာရောက်ခဲ့ခြင်းဖြစ်သည်။

**အင်န်အိတ်ချ်ကေ**



အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ကာတာစော်ဘွား ရှိတ်ခ်တာမင်ဘင် ဟာမတ်အယ်သာနီ။

# ကာကွယ်ရေးဆိုင်ရာအသုံးစရိတ်နှင့်ပတ်သက်ပြီး နေတိုးအဖွဲ့ဝင်နိုင်ငံခြားရေးဝန်ကြီးများ ဆွေးနွေး

**ဘရပ်ဆဲလ် မေ ၁၅**

လာမည့်လတွင် ကျင်းပမည့် နေတိုး ထိပ်သီးအစည်းအဝေး မတိုင်မီ ကိစ္စအမျိုးမျိုးကို ဆွေးနွေးရန် နေတိုး နိုင်ငံခြားရေးဝန်ကြီးများသည် တူကီယဲနိုင်ငံတွင် တွေ့ဆုံဆွေးနွေးလျက်ရှိသည်။

ဆွေးနွေးမှုများတွင် အဖွဲ့ဝင်နိုင်ငံများ၏ ကာကွယ်ရေးအသုံးစရိတ်တိုးမြှင့်ပေးရန် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်၏ တောင်းဆိုမှုပါဝင်ကြောင်း သိရသည်။ နေတိုး နိုင်ငံခြားရေးဝန်ကြီးများသည် အဆိုပါနှစ်ရက်ကြာ အစည်းအဝေးကို မေ ၁၄ ရက်က တူကီယဲနိုင်ငံ အန်တယ်ရာတွင် စတင်ခဲ့သည်။

လာမည့်လတွင် နယ်သာလန်နိုင်ငံ၌ကျင်းပမည့် နေတိုး ထိပ်သီးအစည်းအဝေးတွင် ကာကွယ်ရေးအသုံးစရိတ်တိုးမြှင့်ရေးဆိုင်ရာ သဘောတူညီချက်တစ်ရပ်ရရှိမည်ဟုမျှော်လင့်ကြောင်း နေတိုးအတွင်းရေးမှူးချုပ် မာ့ခ်ရုသ်က ထုတ်ဖော်ပြောကြားခဲ့သည်။

**ငါးရာခိုင်နှုန်း မြှင့်တင်ရန် တောင်းဆို**

နေတိုးအဖွဲ့ဝင်နိုင်ငံများသည် ၎င်းတို့၏ ကာကွယ်ရေးအသုံးစရိတ်ကို ပြည်တွင်းအသားတင်ထုတ်လုပ်မှုဂျီဒီပီ၏ ငါးရာခိုင်နှုန်းအထိ မြှင့်တင်ရန် သမ္မတထရမ့်က တောင်းဆိုထားသည်။



မစ္စတာရုသ်က အဖွဲ့ဝင်နိုင်ငံများသည် ၂၀၃၂ ခုနှစ်ကို နောက်ဆုံးထားပြီး ကာကွယ်ရေးအသုံးစရိတ်ကို ဂျီဒီပီ၏ ၃ ဒသမ ၅ ရာခိုင်နှုန်းအထိ တိုးမြှင့်သင့်ကြောင်း အကြံပြုခဲ့ရာ ဂျီဒီပီ၏ နောက်ထပ် ၁ ဒသမ ၅ ရာခိုင်နှုန်းကို လုံခြုံရေးဆိုင်ရာပစ္စည်းများအတွက် သုံးစွဲသင့်သည်ဟု ၎င်းက ပြောသည်။

ထိုသို့ လုပ်ဆောင်ခြင်းဖြင့် မစ္စတာထရမ့်၏ ရည်မှန်းချက်များကို ဖြည့်ဆည်းနိုင်လိမ့်မည်ဟု ၎င်းက ပြောသည်။ အဆိုပါ ပြုထားသည့် ကိန်းဂဏန်းရည်မှန်းချက်များပြည့်မြောက်ရန် နိုင်ငံခြားရေးဝန်ကြီးများ ဆွေးနွေးသွားမည်ဟု မျှော်လင့်ကြောင်း နေတိုးအရာရှိများက ပြောသည်။

**အင်န်အိတ်ချ်ကေ**

# ဘင်္ဂလားဒေ့ရှ် ရေကြီးမှုဘေးအန္တရာယ်လျှော့ချရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် ကမ္ဘာ့ဘဏ်ပံ့ပိုး

**ဒါကာ မေ ၁၅**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ရေကြီးရေလျှံမှု ပြန်လည်ထူထောင်ရေး ကြိုးပမ်းမှုများ အားကောင်းလာစေရန်နှင့် အနာဂတ်သဘာဝဘေးအန္တရာယ်များ ခံနိုင်ရည်ရှိအောင် မြှင့်တင်ပေးရန်အတွက် ကမ္ဘာ့ဘဏ်၏အမှုဆောင်ဒါရိုက်တာများဘုတ်အဖွဲ့သည် အမေရိကန်ဒေါ်လာ သန်း ၂၇၀ ကူညီမည်ဟု မေ ၁၅ ရက်တွင် အတည်ပြုခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ စဉ်ဆက်မပြတ် ပြန်လည်ထူထောင်ရေး၊ အရေးပေါ် ကြိုတင်ပြင်ဆင်မှုနှင့် တုံ့ပြန်ရေးစီမံကိန်းသည် ချာတိုဂရမ်နှင့် ဆလက်တိုင်းဒေသကြီးများတွင် ရေဘေးကာကွယ်ရေး အခြေခံအဆောက်အအုံများ ပြန်လည်တည်ဆောက်မည်ဖြစ်ပြီး လူပေါင်း ၁ ဒသမ ၆ သန်းကို အကာအကွယ်ပေးနိုင်မည်ဟု ကမ္ဘာ့ဘဏ်က ပြောသည်။

ကျယ်ကျယ်ပြန့်ပြန့် ချဉ်းကပ်ဆောင်ရွက်မှုများဖြင့် အဆိုပါစီမံကိန်းသည် ရာသီဥတုဒဏ်ခံနိုင်သော စိုက်ပျိုးရေးကဏ္ဍကိုလည်း မြှင့်တင်နိုင်မည်ဖြစ်ပြီး ထိခိုက်လွယ်သည့် ရပ်ရွာများကို အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပံ့ပိုးကူညီပေးမည်ဟု သတင်းထုတ်ပြန်ထားသည်။

အဆိုပါစီမံကိန်းတွင် ရေဘေးခိုလှုံရေး အဆောက်အအုံ ၇၉ ခုကို ပြုပြင်တည်ဆောက်ကာ ရာသီဥတုဒဏ်ခံနိုင်သော လမ်းများနှင့် တံတားများဆောက်လုပ်ပေးမည်ဟု ကမ္ဘာ့ဘဏ်က ပြောသည်။

**ဆင်ဟွာ**

# လာအိုနိုင်ငံ၌ အဆိပ်ရှိသည့် မှိုစားမိသည့်အတွက် ခြောက်ဦးသေဆုံး

**ဗီယင်ကျန်း မေ ၁၅**

အဆိပ်ရှိ တောရိုင်းမှို စားမိသည့်အတွက် ခြောက်ဦးသေဆုံးခဲ့ပြီးနောက် လာအိုနိုင်ငံမြောက်ပိုင်း ရှယာဘူရီပြည်နယ်ရှိ ကျန်းမာရေးအာဏာပိုင်များက သတိပေးချက် ထုတ်ပြန်ခဲ့သည်။

ပြည်သူများ သတိပြုနေထိုင်ရန်နှင့် နောက်ထပ်လူသေဆုံးမှုများမှ ကြိုတင်ကာကွယ်နိုင်ရေး တိုက်တွန်းမှုများ ပြုလုပ်ထားသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ စတင်ကာ အဆိပ်ရှိသည့်မှိုစားမိသည့်အတွက် သေဆုံးသူ ခြောက်ဦးအထိရှိလာပြီး ဒဏ်ရာရရှိသူနှစ်ဦးရှိသည်ဟု ပြည်နယ်ကျန်းမာရေး အာဏာပိုင်များက မေ ၁၃ ရက် ထုတ်ပြန်ချက်တွင် ပါဝင်သည်။

မှိုစားသုံးပြီးနောက် မကြာမီ ခေါင်းကိုက်ခြင်း၊ ပျို့အန်ခြင်း၊ အော့အန်ခြင်း၊ ဗိုက်နာခြင်းနှင့် ဝမ်းလျှောခြင်း စသည့်ရောဂါလက္ခဏာများ ခံစားရကြောင်း ဒေသဆိုင်ရာ သတင်းဝက်ဘ်ဆိုက်ဖြစ်သည့် လာအိုဖသန်နာ သတင်းအေဂျင်စီတွင် မေ ၁၅ ရက်က ဖော်ပြထားသည်။

မှိုဆိပ်သင့်မှု ဖြစ်ပွားပါက သက်ဆိုင်ရာဌာနများသို့ ဆောလျင်စွာ သတင်းပို့ရန် ပြည်နယ်ကျန်းမာရေးရုံးက တိုက်တွန်းထားသည်။

**ပညာပေးမှုပြုလုပ်ရန် တိုက်တွန်း**

ထို့ပြင် ပြည်သူ့ကျန်းမာရေး ပညာပေးလုပ်ငန်းများဆောင်ရွက်ရန် အမည်မသိမှိုနှင့် အခြားအဆိပ်သင့် အစားအစာများ စားသုံးခြင်း အန္တရာယ်များအကြောင်း အသိပညာပေးမှုပြုလုပ်ရန် တိုက်တွန်းထားသည်။

**ဆင်ဟွာ**

# ထရမ့်အစိုးရ၏ အခွန်စည်းကြပ်မှု မူဝါဒများနှင့် ပတ်သက်သည့် မသေချာမှုများက ဂျပန်ကား ထုတ်လုပ်သူများ၏ စီးပွားရေးအပေါ် မရေရာမှုများဖြစ်စေ

**တိုကျို မေ ၁၅**

ထရမ့်အစိုးရ၏ အခွန်စည်းကြပ်မှု မူဝါဒများနှင့်ပတ်သက်သည့် မသေချာမှုများသည် ဂျပန်မော်တော်ကားထုတ်လုပ်သူများ၏ စီးပွားရေး အလားအလာအပေါ် ရေရာမှုမရှိသည့် စိတ်ခံစားချက်များ ဖြစ်ပေါ်စေကြောင်း အင်န်အိတ်ချ်ကေ က ဖော်ပြသည်။

မတ်လအထိ သတ်မှတ်ထားသော လက်ရှိဘဏ္ဍာရေးနှစ်အတွက် အမြတ်ငွေကျဆင်းမည်ဟု ခန့်မှန်းခြင်း သို့မဟုတ် ကြိုတင်ခန့်မှန်းချက်တစ်စုံတစ်ရာ ပြုလုပ်နိုင်ခြေမရှိဆိုသည့် မရေရာသည့် စိတ်ခံစားချက်များ ဖြစ်ပေါ်လျက်ရှိသည်။

တိုယိုတာကားထုတ်လုပ်ရေးကုမ္ပဏီက အသားတင်အမြတ်ငွေ ၃၄ ဒသမ ၉ ရာခိုင်နှုန်းကျဆင်းပြီး ယန်း ၃ ဒသမ ၁ ထရီလီယံ သို့မဟုတ် အမေရိကန်ဒေါ်လာ ၂၁ ဘီလီယံရှိမည်ဟု ခန့်မှန်းထားသည်။ ဟွန်ဒါကားထုတ်လုပ်ရေးကုမ္ပဏီက ၇၀ ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းပြီး ယန်း ၂၅၀ ဘီလီယံ သို့မဟုတ် အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံ ရှိမည်ဟု ခန့်မှန်းထားသည်။

မာဇဒါကားထုတ်လုပ်ရေးကုမ္ပဏီနှင့် ဆူဘာရူကားထုတ်လုပ်ရေး ကုမ္ပဏီတို့က အမေရိကန်စည်းကြပ်ခွန်၏ အကျိုးသက်ရောက်မှုကို တွက်ချက်ရန် ခက်ခဲသည်ဟု ဆိုသည်။ နစ်ဆန်းကားထုတ်လုပ်ရေး ကုမ္ပဏီက အမြတ်အစွန်းခန့်မှန်းချက်ကို မဆုံးဖြတ်ရသေးဟု ပြောကြားသည်။

အခြားကားထုတ်လုပ်သူများက နှစ်စဉ်ဝင်ငွေအပေါ် အမေရိကန် အမြတ်ခွန်စည်းကြပ်မှု၏ သက်ရောက်မှုကို တွက်ချက်ခဲ့ကြသည်။ ဟွန်ဒါက လုပ်ငန်းလည်ပတ်မှုအမြတ်ငွေ ဒေါ်လာ ၄ ဒသမ ၅ ဘီလီယံ ကျော် ကျဆင်းမည်ဟု ခန့်မှန်းထားသည်။

**အင်န်အိတ်ချ်ကေ**

# ဖိလစ်ပိုင်နိုင်ငံ၌ ယခုနှစ်ဇန်နဝါရီလမှ မတ်လအတွင်း အေအိုင်ဒီအက်စ်ရောဂါကြောင့် သေဆုံးသူ ၁၄၅ ဦးရှိ

**မနီလာ မေ ၁၅**

ဖိလစ်ပိုင်နိုင်ငံ၌ ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ မတ်လအတွင်း အိတ်ချ်အိုင်ဗွီ(အေအိုင်ဒီအက်စ်) ကူးစက်ရောဂါဖြစ်ပွားသူအသစ် ၅၁၀၀ ဦးရှိပြီး ယင်းရောဂါနှင့်ဆက်စပ်၍ ၁၄၅ ဦး သေဆုံးကြောင်း ကျန်းမာရေးဌာန(ဒီအိုအိတ်ချ်) က ထုတ်ပြန်သည့်အချက်အလက်များအရ သိရသည်။

အဆိုပါ ကူးစက်ရောဂါခံရသူသစ် ၄၈၄၉ ဦး သို့မဟုတ် ၉၅ ရာခိုင်နှုန်းမှာ အမျိုးသားများဖြစ်ပြီး ရောဂါဖြစ်ပွားသူ ၅ ရာခိုင်နှုန်းမှာ အမျိုးသမီးများဖြစ်ကြောင်း၊ ထို့ပြင် ရောဂါဖြစ်ပွားသူ ၈၀ ရာခိုင်နှုန်းမှာ အသက် ၁၅ နှစ်မှ ၃၄ နှစ်အကြား ဖြစ်ကြောင်း သိရသည်။ ၂၀၂၅ ခုနှစ် ပထမသုံးလအတွင်း အိတ်ချ်အိုင်ဗွီပိုးကူးစက်ခံရသူ လစဉ်ပျမ်းမျှ အရေအတွက်မှာ ၁၇၀၀ ရှိပြီး ယမန်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ကြည့်ပါက ၅၀ ရာခိုင်နှုန်းတိုးလာကြောင်း သိရသည်။ ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၅ ခုနှစ်မတ်လအတွင်း ဖိလစ်ပိုင်နိုင်ငံ၌ အိတ်ချ်အိုင်ဗွီနှင့်ဆက်စပ်ပြီး သေဆုံးသူ ၄၁၄၆ ဦးရှိကြောင်း၊ ၂၀၁၆ ခုနှစ်မှစကာ ဖိလစ်ပိုင်နိုင်ငံ၌ အိတ်ချ်အိုင်ဗွီကြောင့် နှစ်စဉ်သေဆုံးသူ ၅၀၀ ကျော်ရှိကြောင်း ဒီအိုအိတ်ချ်က ထုတ်ပြန်ထားသည်။

ဖိလစ်ပိုင်နိုင်ငံ၌ ပထမဆုံးအိတ်ချ်အိုင်ဗွီပိုးကို ၁၉၈၄ ခုနှစ်တွင် တွေ့ရှိခဲ့ပြီး ယင်းနောက်တွင် နိုင်ငံတစ်ဝန်း ကူးစက်ဖြစ်ပွားသူ စုစုပေါင်း ၁၄၈၈၃၁ ဦး၊ သေဆုံးသူ ၉၂၂၂ ဦးရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# အပူပိုင်းတက်တိမ်များ ဖြစ်ထွန်းမှု အားကောင်း၊ အချို့ဒေသများ နေရာကွက်၍ မိုးကြီးမည်

**နေပြည်တော် မေ ၁၅**


ယနေ့ညနေ ၄ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် လေထုမငြိမ်မသက်မှုများဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ မုတ်သုံလေ ဆက်လက်ဝင်ရောက်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ အပူပိုင်းတက်တိမ်များဖြစ်ထွန်းမှုအားကောင်းခြင်းကြောင့်လည်းကောင်း ယနေ့ညနေမှ မေ ၂၀ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးမည်။

**အကြံပြုချက်**


သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**


၁၆-၅-၂၀၂၅ ရက်နေ့မှ ၁၇-၅-၂၀၂၅ ရက်နေ့အတွင်း
မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့်
မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ




၁၈-၅-၂၀၂၅ ရက်နေ့မှ ၁၉-၅-၂၀၂၅ ရက်နေ့အတွင်း
မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့်
မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ




၂၀-၅-၂၀၂၅ ရက်နေ့အတွက်
မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့်
မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ




# တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ တရားမဝင်ကုန်ပစ္စည်းတင် ရေယာဉ်နှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၅**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ မေ ၁၄ ရက်တွင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မိုးကောင်းမြို့ (၃)မိုင် လမ်းဆုံအနီး၌ လိုင်စင်မဲ့မော်တော်ယာဉ်သုံးစီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့ အမှတ် (၆)ရပ်ကွက် ဗိုလ်ချစ်သူလမ်းနှင့် ပင်လောင်း (၇) လမ်းအနီး၌ စုပုံထားသော အကောက်ခွန်မဲ့ လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၇၈၂၀၀၀) ကိုလည်းကောင်း၊ သံလွင်တံတား(တရုတ်လှဘက်ခြမ်း) ပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၅၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၂၈၂၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ ဘားအံမြို့မှ မန္တလေးမြို့သို့မောင်းနှင်လာသည့် မော်တော်ယာဉ်နှစ်စီးနှင့် မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်နှစ်စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ငါးမျိုး၊ လုပ်ငန်းသုံးပစ္စည်း သုံးမျိုး၊ လူသုံးကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၃၈၆၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Golden Dragon Bus တစ်စီး၊ Nissan Diesel Truck တစ်စီး၊ Hyundai Starex တစ်စီးနှင့် စက်မှုဇုန်ထုတ် Top Super Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၀၀၀၀၀၀) တို့ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ပဲခူးမြို့နယ်နှင့် ဒိုက်ဦးမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ပဲခူးခရိုင်၊ တောင်ငူခရိုင်၊ ညောင်လေးပင်ခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၀ ဒသမ ၈၁၂ တန်၊ သစ်မာ ၁ ဒသမ ၈၉၃ တန်၊ အခြားသစ် ၄ ဒသမ ၇၂၁ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၄၈၂၄၆) ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၆၈၃၄၂၄၆ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးဂိတ်၌ ရန်ကုန်မြို့မှ မန္တလေးမြို့သို့မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၉၀၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ပလိပ်မြို့အနီး၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း အမျိုး ၂၀၊ လူသုံးကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၂၃၄၆၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Sunglong Bus တစ်စီး၊ Higer Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၈၇၂၄၆၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မှော်ဘီမြို့နယ်၌ လိုင်စင်မဲ့ Honda Fit မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ တာမွေမြို့နယ် ဗညားဒလလမ်း မင်္ဂလာရုပ်ရှင်ရုံအနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားမဝင်ကျွန်းသစ် ၀ ဒသမ ၅၂၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၈၀၀၀၀)နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Pickup မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀) ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၈၈၀၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်အောင်ခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် ၀ ဒသမ ၉၈၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာငါးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၆၇၅၆၆၄၀၀) ကိုလည်းကောင်း၊ မုတ္တမဆိပ်ကမ်း၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသော ရေယာဉ်တစ်စင်းပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၄၀၃၇၅၂) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် MV. Taw Win Min Tha Mee ရေယာဉ်တစ်စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၁၅၉၇၀၁၅၂ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် မေ ၁၄ ရက်တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၃၅ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၇၁၇၈၀၉၉၈) ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ထိခိုက်နစ်နာမှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှု စွမ်းအားကျဆင်းခြင်းတို့ဖြစ်ပေါ်စေပြီး နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာခြင်းများဖြစ်ပေါ်စေသည်။ သို့ဖြစ်ပါ၍ ဆိပ်ကမ်းများနှင့် နယ်စပ်ဒေသများမှ တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများ၌ တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၅**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှု သတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၈ ရက်မှ မေ ၄ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း ၅ ဒသမ ၈၀၉၈ တန်၊ သစ်မာ ၂ ဒသမ ၈၇၀၀ တန်၊ အခြား ၅၀ ဒသမ ၄၅၁၄ တန် စုစုပေါင်း ၅၉ ဒသမ ၁၃၁၂ တန်၊ ယာဉ်/ ယန္တရားသုံးစီး၊ တရားခံ ၁၂ ဦး ဖမ်းဆီးရမိခဲ့သည်။

အလားတူ မေ ၅ ရက်မှ ၁၁ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသောစာရင်းများအရ တရားမဝင် ကျွန်း ၇ ဒသမ ၅၃၀၆ တန်၊ သစ်မာ ၂ ဒသမ ၀၇၄၀ တန်၊ အခြား ၂၃ ဒသမ ၉၃၄၆ တန် စုစုပေါင်း ၃၃ ဒသမ ၅၃၉၂ တန်၊ ယာဉ်/ယန္တရား သုံးစီး၊ တရားခံ ၁၃ ဦး ဖမ်းဆီးရမိကြောင်း မြန်မာနိုင်ငံသစ်တောဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

# ခရီးသွားအတွေ့အကြုံများမှ စိုက်ပျိုးမွေးမြူရေး၊ သစ်တော၊ ပတ်ဝန်းကျင်နှင့် ဆက်စပ်ဘာသာရပ်များအတွက် အတွေးများ (အမှတ်-၁)

ဒေါက်တာမျိုးကြွယ်

ဩစတြေးလျနိုင်ငံတွင် ၂၀၂၃-၂၀၂၄ စာရင်းဇယားအရ စပျစ်စိုက်ပျိုးသူ ပေါင်း ၆၀၀၀ ကျော်က ၁၄၆၄၄ ဟက်တာ (၃၆၁၂၂၂ ဧက) တွင် စပျစ်သီး ပေါင်း ၁ ဒသမ ၄၃ တန်သန်း ကြိတ်ပြီး ၁၀၄၂ လီတာ သန်းပေါင်း ထုတ်လုပ်ပါသည်။ တရုတ်၊ အမေရိကန်၊ ယူကေ၊ ဟောင်ကောင်၊ ကနေဒါနိုင်ငံများသို့ အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၉ ဘီလီယံဖိုးခန့် တင်ပို့ပါသည်။ (နိုင်ငံအတွင်းရှိ စပျစ်စိုက်တောင်သူ ၆၀၀၀ ခန့်မှ နိုင်ငံဝင်ငွေ ၂ ဘီလီယံကျော် ရှာဖွေပေးခြင်းပါ၊ အားကျအတုယူစရာပါ)

၁၉၈၆ ခုနှစ်က ကျွန်တော် မဟာစိုက်ပျိုးရေးပညာ သင်ကြားခဲ့သော ဩစတြေးလျနိုင်ငံကို ခေတ္တ ရောက်ရှိစဉ် တွေးမိသည့် စိုက်ပျိုးမွေးမြူရေး၊ သစ်တောနှင့် အထွေထွေအတွေးအစတစ်စကို ဆွေးနွေးပါရစေ။

**(က) အိမ်သာအသုံးပြုပုံ (Use of Restrooms in Australia)**

ဩစတြေးလျ၊ ဥရောပ၊ အမေရိကနိုင်ငံ အများစုက အိမ်သာသုံးစက္ကူလိပ် (Toilet Papers) ကို သုံးပါသည်။ ကျွန်တော်တို့ အာရှနိုင်ငံအများစုက ရေကို အသုံးပြုပါသည်။

ဤစနစ်က စက္ကူများစွာကုန်၍ သစ်ပင်များ ကုန်ဆုံးနိုင်သလား။ (Is this methods environ-mently friendly?)

ဩစတြေးလျမှာ အိမ်သာသုံးစက္ကူလိပ်အသုံးပြုရခြင်းက-

(က-၁) **ဗြိတိသျှလူမျိုးများ၏ ယဉ်ကျေးမှုအငွေ့ အသက်လွှမ်းမိုးနေခြင်း (Cultural Norms and British Influence)**။ အိမ်သာသုံးစနစ် (Bathroom Practices)က သူတို့ ဘိုးဘေးဘီဘင်များသုံးစွဲမှု အတိုင်း လိုက်သုံးနေသည်ဟု သိရှိရပါသည်။


(က-၂) **အိမ်သာ/ရေချိုးခန်း ဆောက်လုပ်ပုံနှင့် ရေပိုက်စနစ် (Plumbing and Infrastructure)**။ ဩစတြေးလျမှာ တိုက်အိမ်ဆောက်ပုံနှင့် အိမ်သာစနစ်က သမိုင်းအရ ရေသုံးမှုမပါဘဲ ဆောက်ထားပြီး ရေသုံးခြင်းက မလိုအပ်ဘူးဟုယူဆပါသည်။ ဆောင်းရာသီ ရာသီဥတုအေးလွန်း၍လည်း ရေမသုံးဟု ထင်ပါသည်။

(က-၃) **တစ်ကိုယ်ရေသန့်ရှင်းမှုနှင့် အသုံးပြုရလွယ်ကူခြင်း (Perceived Hygiene and Conven-ience)**။ ဩစတြေးလျလူမျိုးအများစုက ဤစနစ်က လွယ်ကူလုံလောက်ပြီး အဆင်ပြေနေပါသည်ဟု ယူဆပါသည်။

(က-၄) **ရေချွေတာမှုရှုထောင့်မှကြည့်ရှုခြင်း (Water Conservation Concerns)**။ ဩစတြေးလျနိုင်ငံသည် မိုးခေါင်သောနိုင်ငံ (Drought-prone Country) ဖြစ်သောကြောင့် ပြည်သူအများစုက ရေချွေတာခြင်းရှုထောင့်မှ အသုံးပြုသည်ဟု ထင်ပါသည်။

ဤစနစ်ကြောင့် ဆိုးကျိုးများမှာ

(၁) **သစ်တောပြုန်းတီးခြင်း (Deforestration)**။ ပြန်လည်အသုံးပြုခြင်းစနစ် (Recycling System) ကို အသုံးပြုသော်လည်း တစ်ကမ္ဘာလုံး အိမ်သာသုံး စက္ကူထုတ်လုပ်မှုက သစ်ပင်သန်းပေါင်းများစွာ ခုတ်ယူနေရပါသည်။




စက္ကူနှင့်ရေအသုံးပြုမှုကွာခြားပုံ။

ဇယား - ၁ စက္ကူနှင့် ရေအသုံးပြုမှုကွာခြားပုံ

| အမျိုးအစား | ရေအသုံးပြုမှု | စက္ကူအသုံးပြုမှု |
|---|---|---|
| ရေကုန်ဆုံးမှု (Water Use) | အလွန်နည်း (တစ်ခါသုံး ၁-၂ လီတာ)+ ဘိုထိုင်ဆိုလျှင် ရေဆွဲချမှု | စက္ကူ တစ်လိပ် ရေ ၃၅-၅၀ လီတာ + ရေဆွဲချမှု |
| သစ်ပင်အသုံး (Tree Usage) | မရှိပါ၊ | စက္ကူပျော့ဖတ်အတွက် သစ်ပင်သန်းပေါင်းများစွာ ခုတ်ပစ်ရ |
| စွမ်းအင် (Energy Use) | အနည်းငယ် | အလွန်များ |
| ဓာတုညစ်ညမ်းမှု (Chemical Pollution) | မရှိပါ | အရောင်ချွတ်ဆေးသုံးရ၊ ရေညစ်ညမ်း |
| ကာဗွန်ထုတ်လုပ်မှု (Carbon Emissions) | မရှိပါ | စက်ရုံများ၊ သယ်ယူပို့ဆောင်မှုကြောင့် များပြား |
| ဖြုန်းတီးမှု (Waste Produced) | မရှိပါ | စက္ကူများကြောင့် ပတ်ဝန်းကျင် ညစ်ညမ်း |
| စနစ်ပြောင်းလဲမှု (User Habit Change) | အနောက်နိုင်ငံသားများအတွက် မူလအသုံးပြုပုံဓလေ့ ပြောင်းရန်လို | အသုံးပြုပုံဓလေ့/စနစ်ပြောင်းရန်မလို |

(၂) **ရေအသုံးပြုမှု (Water Usage)**။ သုတေသနတွေ့ရှိချက်အရ ယင်းစက္ကူတစ်ထုပ် (Single roll of toilet paper) ထုတ်လုပ်ရန် ရေ ၃၅-၅၀ လီတာ အသုံးပြုနေရပါသည်။

(၃) **စွမ်းအင်နှင့် ဓာတုပစ္စည်းများ ကုန်ကျမှု (Energy and Chemicals)**။ စက္ကူထုတ်လုပ်စက်ရုံများ (Paper Industries)က လျှပ်စစ်၊ ချွတ်ဆေး (Bleach) ဓာတုပစ္စည်း များစွာသုံးနေရပြီး ပတ်ဝန်းကျင် ညစ်ညမ်းမှုကို ဖြစ်စေပါသည်။

(၄) **စွန့်ပစ်ပစ္စည်းများ ပြုန်း/ဖြုန်းတီးမှု (Waste Generation)**။ အသုံးပြုပြီး စက္ကူများအတွက် ရေများစွာဖွင့်ချရန် လိုအပ်ပြီး မလိုလားအပ်သော ပတ်ဝန်းကျင်ညစ်ညမ်းမှုများ ဖြစ်စေနိုင်ပါသည်။

**(ခ) ဩစတြေးလျတိုက်၏ ဝိုင်ထုတ်လုပ်ရေးလုပ်ငန်း (Wine Industry in Australia)**

ဩစတြေးလျနိုင်ငံတွင် ၂၀၂၃-၂၀၂၄ စာရင်းဇယားအရ စပျစ်စိုက်ပျိုးသူပေါင်း ၆၀၀၀ ကျော်က ၁၄၆၄၄ ဟက်တာ (၃၆၁၂၂၂ ဧက)တွင် စပျစ်သီးပေါင်း ၁ ဒသမ ၄၃ တန်သန်း ကြိတ်ပြီး ၁၀၄၂ လီတာ သန်းပေါင်း ထုတ်လုပ်ပါသည်။ တရုတ်၊ အမေရိကန်၊ ယူကေ၊ ဟောင်ကောင်၊ ကနေဒါနိုင်ငံများသို့ အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၉ ဘီလီယံဖိုးခန့် တင်ပို့ပါသည်။ **(နိုင်ငံအတွင်းရှိ စပျစ်စိုက်တောင်သူ ၆၀၀၀ ခန့်မှ နိုင်ငံဝင်ငွေ ၂ ဘီလီယံကျော် ရှာဖွေပေးခြင်းပါ၊ အားကျအတုယူစရာပါ)**

တက္ကသိုလ်များမှလည်း စပျစ်စိုက်ပျိုးရေးနှင့် ဝိုင်ထုတ်လုပ်ရေးကို ဦးစားပေးသင်ကြား၊ သုတေသနပြုနေပါသည်။

(ခ-၁) အက်ဒီလိတ်တက္ကသိုလ်၊ တောင်ဩစတြေးလျ ပြည်နယ် (University of Adelaide, South Australia)


စပျစ်စိုက်ပျိုးခြင်းနှင့် ဝိုင်ထုတ်လုပ်ခြင်း (B.Sc./M.Sc./Graduate Diploma in Viticulture and Oenology/Wine Science) ပညာရပ်ကို ပထမဘွဲ့၊ ဘွဲ့လွန်၊ ဘွဲ့လွန်ဒီပလိုမာဘွဲ့များ ပေးနေသော ကမ္ဘာ့နာမည်ကြီးတက္ကသိုလ် ဖြစ်ပါသည်။ ဤတက္ကသိုလ်ဝိတ်နယ်မြေ (Waite Campus) တွင် သင်ကြား၊ သုတေသနပြုနေပြီး ဩစတြေးလျနိုင်ငံ၏ နှစ်စဉ် ပြည်တွင်း၊ ပြည်ပစပျစ်နှင့် ဝိုင်သုတေသနပညာရှင် ၇၀ ရာခိုင်နှုန်းခန့် မွေးထုတ်ပေးရာ ဘူမိနက်သန်တက္ကသိုလ်နယ်မြေ ဖြစ်ပါသည်။

တက္ကသိုလ်အတွင်း ဝိုင်သုတေသနအဖွဲ့ (WIC-Wine Innovation Cluster) ကနေ ဝိုင်အနံ့နှင့် အရသာဓာတုဗေဒ (Wine Aroma and Flavour Chemistry)၊ ဝိုင်သုံးစွဲသူများဆိုင်ရာ သိပ္ပံ (Wine Consumer Science)၊ ရာသီဥတုပြောင်းလဲမှုကြောင့် ဝိုင်အရည်အသွေးပြောင်းလဲသွားခြင်း (Impact of Climate Change on Wine Composition) သုတေသနများ ပြုလုပ်ပါသည်။

(ခ-၂) ချားစတူဝပ်တက္ကသိုလ်၊ နယူးဆောက်ဝေးပြည်နယ် (Charles Stuart University, New South Wales)

*စာမျက်နှာ ၁၇ သို့*





အက်ဒီလိတ်တက္ကသိုလ်နှင့် စပျစ်သုတေသနခင်းများ။

## တပ်ကုန်းမြို့နယ်၌ ကျေးလက်ဒေသ အခြေခံအိမ်ထောင်စုများ၏ အသက်မွေးဝမ်းကျောင်း မြှင့်တင်ရေးစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်း



**နေပြည်တော် မေ ၁၅**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်ဒေသ အခြေခံ အိမ်ထောင်စုများ၏ အသက်မွေးဝမ်းကျောင်း မြှင့်တင်ရေးစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့ နံနက်ပိုင်းတွင် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကြို့ပင်သာကျေးရွာ၌ ကွင်းဆင်းဆောင်ရွက်သည်။

ဦးစွာ တပ်ကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်းထွန်းက စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ စီမံခန့်ခွဲမှုနှင့် ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်ပြီး မိတ်ဆက်ရှင်းလင်းသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာရှိ အခြေခံအိမ်ထောင်စုများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်း၊ သွင်းအားစုများ ထောက်ပံ့ခြင်း၊ နည်းပညာအကူအညီများ ပံ့ပိုးပေးခြင်း၊ စွမ်းဆောင်ရည်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက်ကြို့ပင်သာကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူကျေးရွာသားများအား ကျေးရွာအတွက် အမှန်တကယ် ဖွံ့ဖြိုးရေးဆောင်ရွက်နိုင်သည့် ကျေးရွာကော်မတီ ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးကြောင်း သိရသည်။

မောင်ခိုင်

## မနေပြုမြို့နယ်၌ ကျန်းမာရေးအသိပညာပေးဟောပြော၊ ဖုံး၊ သွန်၊ လဲ၊ စစ်၊ အဘိတ်ဆေးခတ်ခြင်းများ ဆောင်ရွက်

**မနေပြု မေ ၁၅**

ရောဝတီတိုင်းဒေသကြီး မနေပြုမြို့နယ်၌ ကျန်းမာရေးအသိပညာပေးဟောပြောခြင်းနှင့် ဖုံး၊ သွန်၊ လဲ၊ စစ်၊ အဘိတ်ဆေး ခတ်ခြင်းလုပ်ငန်းကို ယနေ့ နံနက်ပိုင်းတွင် အမှတ်(၁၅)ရပ်ကွက်၌ ဆောင်ရွက်ခဲ့သည်။



ဦးစွာ မနေပြုမြို့နယ် အမှတ်(၁၅)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ မနေပြုမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သူနာပြုဆရာမကြီး ဒေါ်စန်းစန်းမိုးက ရပ်ကွက်၊ ကျေးရွာများ၌ မိုးရာသီကာလအတွင်း ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဖြစ်သည့် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများအား အသိပညာပေး ဟောပြောပြီး ရပ်ကွက်အတွင်း ပိုးလောက်လမ်းပေါက်ပွားနိုင်သည့်နေရာများကို ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အဘိတ်ဆေးခတ်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ကျန်းမာရေးအသိပညာပေးလုပ်ငန်းများနှင့် အဘိတ်ဆေး ခတ်ခြင်းလုပ်ငန်းများအား မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာနှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ထိုက်စုကြည်နှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ပြည်သူများ ပူးပေါင်း၍ ရပ်ကွက်အတွင်း ဆောင်ရွက်ခဲ့ကြပြီး သွေးလွန်တုပ်ကွေး ရောဂါကူးစက်မှု မဖြစ်ပွားစေရေးအတွက် အဘိတ်ဆေး ခတ်ခြင်းကို ခြောက်ပတ်လျှင် တစ်ကြိမ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)



## ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများ၌ လူအများ အစုလိုက်ထိခိုက်ဒဏ်ရာရရှိမှုဖြစ်ပေါ်လာပါက တုံ့ပြန်ဆောင်ရွက်နိုင်ရန် ဇာတ်တိုက်လေ့ကျင့်

**အိမ်မဲ မေ ၁၅**

ရောဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများ၌ လူအများအစုလိုက် ထိခိုက်ဒဏ်ရာရရှိမှုဖြစ်ပေါ်လာပါက တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် စီမံချက်ရေးဆွဲပြီး ဇာတ်တိုက်လေ့ကျင့်ခြင်းကို ယမန်နေ့နံနက်ပိုင်းက ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ဆေးရုံ၌ အိမ်မဲမြို့နယ်ကုသရေးစီးဌာနမှူး ဒေါက်တာ မျိုးကျော်အောင် ဦးဆောင်၍ ဆောင်ရွက်ခြင်းဖြစ်ပြီး လူအများအစုလိုက် ထိခိုက်ဒဏ်ရာရရှိမှု ဖြစ်ပေါ်လာပါက တုံ့ပြန်ဆောင်ရွက်နိုင်ရန် စီမံချက်များရေးဆွဲရာတွင် ရှေ့ပြေးဆေးအဖွဲ့၊ ကွပ်ကဲရေးအဖွဲ့၊ ကုသရေးအဖွဲ့၊ လူနာလွှဲပြောင်းကုသရေးအဖွဲ့၊ အထောက်အကူပြုအဖွဲ့များ ဖွဲ့စည်း၍ စနစ်တကျစီမံခန့်ခွဲထားရှိပြီး ဇာတ်တိုက်လေ့ကျင့်ရာတွင် မီးသတ်ဦးစီးဌာန၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့များ၊ ဆေးရုံဝန်ထမ်းများက စားပွဲတင်လေ့ကျင့်ခြင်း၊ လက်တွေ့လေ့ကျင့်ခြင်း၊ အခြားဌာနများနှင့် ပူးပေါင်းလေ့ကျင့်ခြင်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

*စာမျက်နှာ ၁၆ မှ*

ဤတက္ကသိုလ်၌ စပျစ်စိုက်ပျိုးခြင်းနှင့် ဝိုင်ထုတ်လုပ်ခြင်း သိပ္ပံနှင့် အသုံးချသိပ္ပံ ပထမဘွဲ့ (Bachelor of Science and Applied Science in Viticulture and Wine Production) ပေးအပ်ပြီး ဂူဘယ်နီသုတေသနဌာန (Gulbali Institute) တွင် ဝိုင်ဓာတုဗေဒ (Wine Chemistry)၊ စပျစ်အပင်ရောဂါဗေဒ (Grapevine Plant Pathology)၊ အသင့်စားသုံးရသော စပျစ်သီးနှင့် ဝိုင်အရည်အသွေး မြန်ဆန်စွာ စစ်ဆေးခြင်း (Rapid Assessment methods for Table–type Grape and Wine Quality) သုတေသနများ ပြုလုပ်နေပါသည်။

(ခ–၃) ကွင်းစလန်တောင်ပိုင်းတက္ကသိုလ်၊ ကွင်းစလန်ပြည်နယ် (University of Southern Queen–sland, Queensland)

ဤတက္ကသိုလ်တွင် ဒီပလိုမာနှင့် ပထမဘွဲ့ ဝိုင်သိပ္ပံပညာ (Diploma and Bachelor Degree in Wine Science)ကို ပေးအပ်ပြီး ကွင်းစလန်ပြည်နယ်၏သမန္တေးပိုင်း၊ အပူပိုင်း ရာသီဥတုနှင့် လိုက်လျောညီထွေရှိသော စပျစ်စိုက်ပျိုးရေးနှင့်ဝိုင်ထုတ်လုပ်မှုအကြောင်းကို လေ့လာသုတေသနပြုနေပါသည်။ ၁၉၈၆–၁၉၈၉ ခုနှစ်အတွင်း ကျွန်တော် မဟာစိုက်ပျိုးရေးသိပ္ပံ ပညာသင်ကြားခဲ့ရသော ကွင်းစလန်တက္ကသိုလ် (UQ – University of Queensland)သည် ဤပြည်နယ်အတွင်းတွင် ရှိပါသည်။

(ခ–၄) မဲလဘမ်း အသက်မွေးဝမ်းကျောင်းသိပ္ပံ၊ ဗစ်တိုးရီးယားပြည်နယ် (Melbourne Polytechic, Victoria)







ဟန်းတားလွင်ပြင် စပျစ်လေ့လာရေးအစီအစဉ်။

ဤအသက်မွေးဝမ်းကျောင်းသိပ္ပံ (TVET – Technical and Vocational Education Training) ရှိ စပျစ်စိုက် ဟက်တာ ၄၀ (ဧက ၁၀၀ ခန့်)နှင့် တန် ၁၀၀ ထုတ်နိုင်သော ဝိုင်စက်ရုံ (100–tons Winery) တွင် စပျစ်စိုက်ပျိုးခြင်းနှင့် ဝိုင်ပြုလုပ်နည်းသင်တန်းလက်မှတ်ရနှင့် ဒီပလိုမာသင်တန်းများ (Certificate and Diploma Courses in Viticulture and Winemaking) ကို နိုင်ငံတကာသင်တန်းသားများအတွက် နှစ်စဉ်လေ့ကျင့်သင်ကြားပေးလျက်ရှိပါသည်။

စပျစ်နှင့် ဝိုင်လုပ်ငန်းတစ်ခုထဲမှပင် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် တောင်သူပညာပေးသင်တန်း၊ ဘွဲ့ဒီဂရီနှင့် တစိုက်မတ်မတ် ပြုလုပ်နေခြင်းကို အားကျအတုယူစေချင်တာပါ။

ကျွန်တော် နယူးဆောက်ဝေးပြည်နယ် ဟန်းတားလွင်ပြင် (Hunter Valley, NSW) လေ့လာရေးရောက်ခဲ့ရာ စပျစ်စိုက်ခင်းများနှင့် ဝိုင်အမျိုးမျိုး ထုတ်လုပ်ပြီး ပြည်တွင်း၊ ပြည်ပ ခရီးသွားများနှင့် လေ့လာရေးအစီအစဉ်များ (Domestic and International Wine Tour) ပြုလုပ်ထားသည်မှာ အလွန်အတုယူဖွယ်ကောင်းလှပါသည်။

**ဩစတြေးလျနိုင်ငံ ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံခြားဝင်ငွေရရှိသော စပျစ်စိုက်ပျိုးရေးနှင့် ဝိုင်ထုတ်လုပ်ရေးအတွက်တောင်သူ ၆၀၀၀ ခန့်စိုက်ပျိုးနေသည်ကို တက္ကသိုလ် သုံးကျောင်းနှင့် အသက်မွေးဝမ်းကျောင်းသိပ္ပံ တစ်ကျောင်းက တစိုက်မတ်မတ် သင်ကြား၊ သုတေသနပြု၊ တောင်သူပညာပေးလုပ်ငန်းများ ဆောင်ရွက်နေခြင်းကို ကျွန်တော်တို့ နိုင်ငံသားများ အားကြအတုယူစေရန် ရည်ရွယ်ရေးသားပါသည်။**

*(ဆက်ပါဦးမည်)*

**မှီငြမ်းစာအုပ် (Reference Book) နှင့် စာတမ်း (Reference Paper)**

Syme, G.J. and Nancarrow, B.E. (2011) Over–coming Water Scarcity in Perth, Western Australia. Cambridge University Press.

Zheng, H.; F.H.S. Chiew1, N.J. Potter1 and D.G.C. Kirono (2019) Projections of water futures for Australia: an update. International Congress on Water Technology.

# လယ်ဝေးမြို့ သမိုင်းဝင်ဖောင်တော်ချက်မစေတီတော်မြတ်ကြီး ပြန်လည်ပြုပြင်မွမ်းမံရေး မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ တာဝန်ရှိသူများနှင့် ဆွေးနွေး

နေပြည်တော် မေ ၁၅

**နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် ယနေ့နံနက်ပိုင်းက လယ်ဝေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည့် မန္တလေးလျောင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လယ်ဝေးမြို့ သမိုင်းဝင်ဖောင်တော်ချက်မ စေတီတော်မြတ်ကြီး ပြန်လည်ပြုပြင်မွမ်းမံရေးအတွက် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။**

အစည်းအဝေးတွင် နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးက သမိုင်းဝင် ဖောင်တော်ချက်မ စေတီတော်မြတ်ကြီးအား မူလလက်ရာအတိုင်း ပုံစံမပျက် ပြန်လည်ပြုပြင်မွမ်းမံရေးအတွက် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ပြောကြားပြီး စေတီတော်ဂေါပကအဖွဲ့နာယက ဦးတင်ငွေက ဘုရားကြီး ပြန်လည်ပြုပြင်ရေးအတွက် အလှူရှင်များမှ လှူဒါန်းမည့်အကြောင်း ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ဒုတိယဥက္ကဋ္ဌ ဦးဘငြိမ်းနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူရ၊ အဖွဲ့ဝင်ဦးဝင်းအောင်နှင့် မြို့နယ်သာသနာရေးမှူး ဦးမျိုးဝင်းအောင်တို့က စေတီတော်မြတ်ကြီးအား ရှေးဟောင်းလက်ရာမပျက် ပြန်လည်မွမ်းမံရန်အတွက် ဆောင်ရွက်မည့် အချက်များကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ နေပြည်တော်ကောင်စီဝင်သည် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ဒုတိယဥက္ကဋ္ဌနှင့် အသင်းဝင်များ၊ တာဝန်ရှိသူများသည် ဖောင်တော်ချက်မဘုရားသို့သွားရောက်၍ ထိခိုက်ပျက်စီးမှုများကို ကြည့်ရှုသည်။

ဆက်လက်၍ လယ်ဝေးမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ နေပြည်တော်ကောင်စီဝင်သည် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးလုပ်ငန်းကြီးကြပ်မှုအဖွဲ့ဝင် သက်ဆိုင်ရာဌာနများ၊ MSME လုပ်ငန်းရှင်များနှင့် လယ်ဝေးမြို့နယ် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပသည်။




ဦးစွာ နေပြည်တော်ကောင်စီဝင်က လယ်ဝေးမြို့နယ်အတွင်း လျာထားစိုက်ပျိုးဧက ပြည့်မီရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ သီးထပ်သီးညှပ်ရာနှုန်းပြည့် သုံးသီးစိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီအားဖြည့်ခြင်း၊ နည်းပညာအရင်းအနှီး ပံ့ပိုးခြင်းများ ဆောင်ရွက်နိုင်ရေး၊ သဘာဝဘေးကြောင့် လျော့နည်းသွားသည့် စိုက်ဧကများကို ပြန်လည် ဖြည့်ဆည်းစိုက်ပျိုးရေး၊ သွင်းကုန်အစားထိုး ဆီထွက်သီးနှံနှင့် ဆီဖူလုံရေးအတွက်၊ မွေးမြူရေးကဏ္ဍတွင် ဥစားကြက်များ မွေးမြူနိုင်ရေး ပုဂ္ဂလိကလုပ်ငန်းရှင်များအား ပူးပေါင်းဆောင်ရွက်ရန် မှာကြားသည်။

မြို့နယ်(ပြန်/ဆက်)

# မိုင်းယောင်းမြို့နယ်ရှိ ကျေးရွာနှစ်ရွာ၌ ဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု ကွင်းဆင်းစစ်ဆေး

**မိုင်းယောင်း မေ ၁၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယမ်းခမ်းကျေးရွာနှင့် ဟောင်ကွေ့ကျေးရွာတို့၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများဖြင့် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုကို ယမန်နေ့တွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာ မိုင်းယောင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းစိုးစိုး၊ မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဝင်းနှင့် တာဝန်ရှိသူများသည် ယမ်းခမ်းကျေးရွာနှင့် ဟောင်ကွေ့ကျေးရွာများ၌ စီမံကိန်းလည်ပတ်ရန်ပုံငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။



ယမ်းခမ်းကျေးရွာနှင့် ဟောင်ကွေ့ကျေးရွာတို့၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ အဆိုပါကျေးရွာရှိ အသင်းသား အသင်းသူ ၄၃ ဦးအား ဒသမအကြိမ်မြောက် ရန်ပုံငွေကျပ် ၄၃၅ သိန်း အတိုးနှုန်းသက်သာစွာ ထုတ်ချေးထားနိုင်ခဲ့ကြောင်း သိရသည်။

**မောင်နိုင်**

# လှည်းကူးမြို့နယ်၌ တန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်

**ရန်ကုန် မေ ၁၅**

ရန်ကုန်တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်း အစီအစဉ်ဖြင့် တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းကို လှည်းကူးမြို့နယ် မင်းကုန်းကျေးရွာအုပ်စုရှိ တပ်ဦးမင်းကုန်း ဘုန်းတော်ကြီးကျောင်းတိုက်၌ ယနေ့ ဖွင့်လှစ်သည်။

အခမ်းအနားတွင် လှည်းကူးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးရဲထွန်းနောင်က အမှာစကားပြောကြားပြီး မော်ဘီခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲဇော်ထွန်းက ဌာန၏လုပ်ဆောင်နေမှုများ၊ စီမံကိန်းလုပ်ငန်းဆောင်ရွက်ရခြင်းရည်ရွယ်ချက်များ၊ စီမံကိန်းအကျိုးကျေးဇူးများ၊ လုပ်ငန်းထူထောင်နိုင်ရန် လုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပေးမည့်အစီအစဉ်များ၊ လုပ်ငန်းထူထောင်မည့်သူများရွေးချယ်ရာတွင် အမှန်တကယ် လုပ်ငန်းထူထောင်မည့်သူများကိုသာ ရွေးချယ်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါ တန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်မှု နည်းပညာသင်တန်းကို ခုနစ်ရက်ကြာ စာတွေ့ ၃၀ ရာခိုင်နှုန်းနှင့် လက်တွေ့ ၇၀ ရာခိုင်နှုန်း သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၁၅ ဦး တက်ရောက်ကြကြောင်း သိရသည်။

**ဇင်မင်းထိုက်(ပြန်/ဆက်)**



# သထုံမြို့နယ်၌ ဆေးဝါးပစ္စည်းများနှင့် အလှကုန်ပစ္စည်းအရောင်းဆိုင်များ ကွင်းဆင်းစစ်ဆေး

**သထုံ မေ ၁၅**

မွန်ပြည်နယ် သထုံမြို့နယ်အတွင်းရှိ ဆေးဝါးပစ္စည်းများနှင့် အလှကုန်ပစ္စည်း အရောင်းဆိုင်များကို မြို့နယ် အစားအသောက်နှင့် ဆေးဝါး ကြီးကြပ်ကွပ်ကဲရေး ကော်မတီမှ တာဝန်ရှိသူများ ပူးပေါင်း၍ ဈေးကွက်ကွင်းဆင်း စစ်ဆေးခြင်းကို ယနေ့ နံနက်ပိုင်းက လိုက်လံဆောင်ရွက်ခဲ့ကြသည်။




ကွင်းဆင်း စစ်ဆေးရာတွင် မြို့နယ် အစားအသောက်နှင့် ဆေးဝါးကြီးကြပ် ကွပ်ကဲရေး ကော်မတီဥက္ကဋ္ဌ သထုံခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းဦး ဦးဆောင်မှုဖြင့် တာဝန်ရှိသူများ ပူးပေါင်းကာ သထုံမြို့ပေါ် ရပ်ကွက်များရှိ လိုင်စင်ရ ဆေးဝါးအရောင်းဆိုင်များနှင့် အလှကုန်ပစ္စည်း အရောင်းဆိုင်များ၌ သတ်မှတ်လိုင်စင် စည်းကမ်းများနှင့်အညီ ရောင်းချခြင်း ရှိ မရှိ၊ ဈေးနှုန်း မှန်ကန်စွာ ရောင်းချခြင်း ရှိ မရှိ၊ သက်တမ်းလွန် ဆေးဝါးများ ရောင်းချခြင်း ရှိ မရှိ တို့ကို လိုက်လံစစ်ဆေးကာ လိုအပ်သည်များကို အသိပညာပေးညှိနှိုင်း ဆွေးနွေးခဲ့ကြသည်။

အဆိုပါ ကွင်းဆင်းစစ်ဆေးခြင်းကို ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ခရိုင်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ မြို့နယ်တိုင်းရင်းဆေးပညာဦးစီးဌာန၊ ခရိုင်စားသုံးသူရေးရာဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့မှ တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# လှိုင်လင်မြို့နယ် ဆင်တောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ ထုတ်ချေး



**လှိုင်လင် မေ ၁၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) လှိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ဒုတိယအကြိမ် ထုတ်ချေးပေးခြင်းကို ယနေ့ နံနက်ပိုင်းက ဆင်တောင်ကျေးရွာ၌ ကျင်းပသည်။

ဦးစွာလှိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေပိုးဦးက ဆင်တောင်ကျေးရွာရှိ ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန်နှင့် တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ချက်များဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ဦးစီးအရာရှိက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ကျပ်သိန်း ၂၁၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဆင်တောင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်မည့် စုစုပေါင်း အသင်းသား အသင်းသူ ၁၉ ဦးအား အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ကျပ်သိန်း ၂၁၀ ကို အတိုးနှုန်းသက်သာစွာ ပထမအကြိမ်ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**JJJ**

## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် မေ ၁၅**
ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ်စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၁၇ - ၅ - ၂၀၂၅ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၇)၊ အမှတ် (၂၀) တွင် မုန့်ဖတ်သည် ဦးလေးကြီးသည် ခိုကလေးများကို နေ့စဉ်စေတနာထား အစာကျွေးရာက ခိုလေးများ၏ ကျေးဇူးရှင်အပေါ် ကျေးဇူးသိတတ်မှုကို ပြန်လည်ခံစားရပုံအကြောင်း သရုပ်ဖော်ထားသည့် "မေတ္တာရောင်ပြန်" မျက်နှာဖုံးကာတွန်း၊ အပူလျှပ်ခြင်း၏ လက္ခဏာများနှင့်အပူမလျှပ်စေရန်အတွက် သတိပြုဆင်ခြင်နိုင်သည့် နည်းလမ်းကောင်းများ အကြောင်း တင်ဆက်ထားသည့် "အပူလျှပ်ခြင်း" သုတဆောင်းပါးကဏ္ဍ၊ ကလေးတို့ကိုယ်တိုင် ရေးဆွဲထားသည့် ပန်းချီလက်ရာများကို တင်ဆက်ထားသည့် "ရွှေသွေးတို့လက်ရာ" ကဏ္ဍ၊ ဖေဖေနှင့်မေမေ ပြောသည့်စကားကို တစ်သဝေမတိမ်းလိုက်နာကြသော ကီးကီးနှင့် ဂျိုးဂျိုးအကြောင်း သရုပ်ဖော်ထားသည့် "ကီးကီး၊ ဂျိုးဂျိုးနဲ့ မိဘစကားမဖယ်ရှား" နှစ်မျက်နှာကာတွန်း၊ ကလေးတို့အနေဖြင့် ငယ်ရွယ်ချိန်ကတည်းက အသုံးနှင့်အဖြုန်းကို ခွဲခြားသိပြီး မကုန်သင့်သည်ကို မကုန်အောင် စည်းကမ်းတကျ ပြုမူနေထိုင်တတ်ရမည်ဖြစ်ကြောင်း တင်ဆက်ထားသည့် "စိုပြည်သာယာ တို့ကမ္ဘာ" ဝတ္ထုကဏ္ဍ၊




ရပ်ကွက်လမ်းသန့်ရှင်းရေးတွင် ပါဝင်ကူညီကြမည်ဆိုသော တင်မျိုးဇော်တို့ သူငယ်ချင်းတစ်စုအကြောင်း သရုပ်ဖော်ထားသည့် "ရန်ပိုင်စိုး" တစ်မျက်နှာကာတွန်း၊ သူငယ်ချင်းများနှင့်အတူ မွေးနေ့ပွဲကို ပျော်ရွှင်စွာကျင်းပရသည့်အတွက် ပျော်ရွှင်မဆုံးဖြစ်ရပုံအကြောင်း ရေးဖွဲ့ထားသည့် ဆရာမင်းနီခိုင် (မောင်တော) ၏ "သားသားမွေးနေ့" ကဗျာကဏ္ဍ အပါအဝင် အင်္ဂလိပ်စာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍ စုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နွဲနွဲ ဂျာနယ် ထွက်ရှိ



၁၅-၅-၂၀၂၅ ရက်နေ့ထုတ် အတွဲ (၂၂)၊ အမှတ် (၁၀) တွင်
- မြန်မာ့စိန်တစ်လုံးသရက်သီးနှင့် သရက်သီးခြောက်များ ဝယ်ယူလိုကြောင်း ရုရှားကမ်းလှမ်း
- အသိဉာဏ်နှင့်ရှောင်ဖယ်ပေး ဆေးလိပ်အန္တရာယ်ဘေး
- အပူရှိန်လွန်ကဲမှု အန္တရာယ်ကာကွယ်ရန် ငါးမွေးမြူသူများအား အကြံပြုနှိုးဆော်
- ဆောက်လုပ်ရေးပစ္စည်းများ သက်သာသော ဈေးနှုန်းဖြင့် ဝယ်ယူနိုင်ရန် ဈေးရောင်းပွဲတော်ကျင်းပမည်
- စွန့်ပစ်လောင်စာဖြင့် လျှပ်စစ်ဓာတ်အားထုတ်ယူနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်
- နွေစပါးစိုက်ခင်းအတွင်း ဖျက်ပိုးများ နှိမ်နင်းနိုင်ရန် ဥကပ်ပါးနဂ်ီလွှတ်ခြင်းဆောင်ရွက်
- အီရတ်နိုင်ငံတွင် မိုးခေါင်ရေရှားမှုကြောင့် စိုက်ပျိုးမွေးမြူရေးတွင် အခက်အခဲကြုံနေရ
- ကမ္ဘာပေါ်ရှိ သီးနှံစိုက်ခင်းမြေဆီလွှာ ၁၅ ရာခိုင်နှုန်း အဆိပ်သင့်နေ စသည်တို့အပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ သုတရသ စုံလင်စွာဖြင့် ထွက်ရှိပြီ ဖြစ်ပါသည်။

တစ်စောင် (၅၀၀) ကျပ်
အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။
DKY Journal

**ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ**



## သာယာဝတီမြို့နယ်၌ လူငယ်ကင်းထောက် မောင်မယ်များအား ကြိုဆိုပွဲကျင်းပ

**သာယာဝတီ မေ ၁၅**
ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ပဲခူးတိုင်း(အရှေ့နှင့်အနောက်) မှ ကျောင်းသား ကျောင်းသူ ၁၂၀ ပါဝင်သည့် လူငယ်ကင်းထောက်လေ့လာရေးအဖွဲ့သည် အုပ်ချုပ်ကြီးကြပ်သူ ဆရာ ဆရာမများနှင့် ယနေ့နံနက် ၁၀ နာရီခွဲက သာယာဝတီမြို့နယ် ဆရာစံခန်းမ၌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ထွေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဆန်းဟိုနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများက လှိုက်လှဲစွာကြိုဆိုခဲ့ကြသည်။

အဆိုပါ ပဲခူးတိုင်း(အရှေ့ပိုင်းမှ လူငယ်ကင်းထောက်လေ့လာရေးအဖွဲ့ ၆၀ နှင့် ကြီးကြပ်သူဆရာ ဆရာမများ၊ ပဲခူးအနောက်လူငယ်ကင်းထောက်လေ့လာရေးအဖွဲ့မှ ၆၀ နှင့် ကြီးကြပ်သူဆရာ ဆရာမများက သာယာဝတီမြို့ ဆရာစံခန်းမ၌ တွေ့ဆုံမိတ်ဆက်ကြကာ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ **သန့်ဇော် (သာယာဝတီ)**

## မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် အာမခံအကာအကွယ် လျော်ကြေးငွေပေးအပ်

**မန္တလေး မေ ၁၅**
မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော မန္တလေး ငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် မန္တလေးမြို့ မဟာအောင်မြေမြို့နယ် (၅၉) လမ်းနှင့် သိပ္ပံလမ်းထောင့်ရှိ ဟိုတယ်ပျက်စီးမှုအတွက် သဘာဝဘေးအန္တရာယ် အာမခံအကာအကွယ်လျော်ကြေးငွေကို ဂလိုဘယ်ဝေါလ် အာမခံကုမ္ပဏီ(GWI) မှ တာဝန်ရှိသူများက ယနေ့ နံနက်ပိုင်းတွင် ဟိုတယ်ပိုင်ရှင်လက်ဝယ်အရောက် သွားရောက်ပေးအပ်ခဲ့သည်။




အဆိုပါ လျော်ကြေးငွေ ပေးအပ်ပွဲတွင် GWI မှ တာဝန်ရှိသူတစ်ဦးက လျော်ကြေးငွေ ပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အာမခံ လျော်ကြေးငွေကျပ်သိန်း ၃၅၀၀ ကို ပေးအပ်ရာ GWI မှ ကိုယ်စားလှယ် ဦးအောင်သော်မန်းမောင်နှင့် ဟိုတယ်ပိုင်ရှင် ဦးမိုးဇော်ဇော်တို့က အာမခံလျော်ကြေးငွေကို မြန်ဆန်စွာညှိနှိုင်းပေးမှုအတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဂလိုဘယ်ဝေါလ် အာမခံကုမ္ပဏီအနေဖြင့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ဒေသအချို့မှ ငလျင်ဘေးအကာအကွယ် အာမခံထားရှိသူများ၏ ရသင့်ရထိုက်သော လျော်ကြေးငွေများကို ငလျင်ကြီးလှုပ်ခတ်ပြီးနောက် ရက်သတ္တပတ်အကြာခန့်မှစတင်၍ အမြန်ဆုံးစိစစ် ပေးလျော်လျက်ရှိကြောင်း သိရသည်။ **အာကာလင်း**

## ပြေစာများအပေါ်၌ အခွန်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များ ရှင်းလင်းဆွေးနွေး



**နေပြည်တော် မေ ၁၅**
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များ ဦးစီးဌာနက ပြေစာများအပေါ်၌ အခွန်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ဇမ္ဗူသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ဇမ္ဗူသီရိမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေနော်ဝင်းက အမှာစကားပြောကြားပြီး သီရိငါးမြို့နယ် အခွန်ဦးစီးဌာနခွဲမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးလှငွေက ပြေစာများအပေါ်၌ အခွန်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များကို ပြောကြားသည်။ **နီလာ(ပြန်/ဆက်)**



## ကလေး၌ ဆင်းသုခနွေစပါး စံကွက်ရိတ်သိမ်း

**ကလေး မေ ၁၅**
စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် နတ်ကြီးကုန်း(ပျဉ်း)အုပ်စု နန်းဇလူကျေးရွာ၌ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်မာန်အွေး၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးအောင်ဖြိုးသော်နှင့် တာဝန်ရှိသူများက ယနေ့ နံနက်ပိုင်းတွင် တောင်သူ ဦးလူဝင်း၏ နွေလယ် ဆင်းသုခစပါးစိုင်ခင်းကို စံကွက်ရိတ်သိမ်းရာ တစ်ဧကအထွက်နှုန်း အစိုတင်း ၁၃၀ ထွက်ရှိခဲ့ကြောင်း သိရသည်။

နွေစပါးစံကွက်ရိတ်သိမ်းခြင်းကို တောင်သူဦးလူဝင်း၏ ဆင်းသုခနွေစပါးစိုက်ခင်း ဧရိယာ ၉ ဒသမ ၀၀ ဧကတွင် ရိတ်သိမ်းရာ စပါးအစိုတင်း ၁၃၀ ထွက်ရှိခဲ့ပြီး စံကွက်ရိတ်သိမ်းပွဲသို့ ကလေး ခရိုင်/ မြို့နယ်စိုက်ပျိုး ညှိနှိုင်းအဖွဲ့ဝင်များ၊ စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဒေသခံတောင်သူများ တက်ရောက်ကြသည်။ **ခရိုင်(ပြန်/ဆက်)**

## ပဲခူးမြို့နယ်အတွင်းရှိ အသင်းသားပြည်သူများသို့ သားငါးများ ဈေးနှုန်းချိုသာစွာရောင်းချ

**ပဲခူး မေ ၁၅**
ပဲခူးတိုင်းဒေသကြီးအတွင်း စားရေရိက္ခာဖူလုံစေရန်နှင့် စားသုံးသူပြည်သူများဈေးနှုန်း သက်သာစွာ ဝယ်ယူနိုင်စေရန်ရည်ရွယ်၍ ဥသာ စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်



သမဝါယမအသင်း လီမိတက်က ငါးမွေးမြူရေးလုပ်ငန်းကို အဓိကထား ဆောင်ရွက်လျက်ရှိပြီး အသင်းပိုင် ငါးကန်ဧရိယာ အကျယ်အဝန်း ၁၁၃ ဒသမ ဝ၆ ရှိသည်။ အသင်းတွင် ငါးမွေးမြူရေးကန် ၃၄ ကန်နှင့် တူးဖော်ဆဲကန် ၁၆ ကန် စုစုပေါင်း ကန် ၅၀ ရှိပြီး ငါးမုတ်၊ ငါးတန်နှင့် ငါးမြစ်ချင်းငါးမျိုးများ အဓိကထားမွေးမြူလျက်ရှိသည်။

ထို့ပြင် အသင်းမှ တိုင်းဒေသကြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ပံ့ပိုးမှုရယူ၍ ကြက်မွေးမြူရေးလုပ်ငန်းကို ကြက်သားပေါက်ကောင်ရေ ၅၀၀၀ ဖြင့် ကြက်ခြံ တည်ဆောက်ကာ ကြက်၊ ဘဲနှင့် ငါးများကို ပဲခူးမြို့နယ်အတွင်းရှိ အသင်းသားပြည်သူများသို့ ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။ **သတင်းစဉ်**




## အမည်ပြောင်း

သရက်မြို့၊ အမက (ရွှေဘုံသာ)၊ G-2(ဒုတိယတန်း)မှ ဦးကျော်သူရမျိုး ၈/သရန(နိုင်)၀၇၇၆၃၀၈၏သား မောင်ဟန်ဘုန်းပြည့်စုံအား မောင်သာထက်လျှံဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ဖခင်အမည်မှန်

မော်လမြိုင်ကျွန်းမြို့နယ်၊ ဝဲဒေါင့်ကျေးရွာအုပ်စု၊ ကျိုးတပင်ကျေးရွာနေ မတင်ပပလှိုင် ၁၄/မမက(နိုင်)၃၀၈၉၆၄ ၏ ဖခင်အမည်မှန်မှာ ဦးဘိုချို ဖြစ်ပါကြောင်း။

**ဖခင်-ဦးဘိုချို**

## မိခင်အမည်တစ်ဦးတည်း ဖြစ်ပါကြောင်း

အဝေးသင်တက္ကသိုလ် (တောင်ငူမြို့)၊ တတိယနှစ်(သင်္ချာ)မှ မချစ်အားပို၏မိခင် ဒေါ်စန်းစန်းနွယ်(ခ) ဒေါ်စမ်းစမ်းနွယ်မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဒေါ်စန်းစန်းနွယ်(ခ)**
**ဒေါ်စမ်းစမ်းနွယ်**

## ပတ်စ်ပို့ပျောက်

(ဘ)ဦးစောဝေ၏သား ကိုဇော်ရဲနောင် ၇/ကဝန(နိုင်) ၁၀၄၄၈၉၏ နိုင်ငံကူးလက်မှတ် (နံပါတ်မမှတ်မိ) သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၀၆၀၃၄၃၉**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

မင်းဘူးမြို့၊ အမှတ်(၃)ရပ်ကွက်၊ အကွက်အမှတ်(F1-မြောက်ရွာတောင်)၊ ဦးပိုင်အမှတ်(၄)၊ ဧရိယာ(၀ဒသမ၁၀၉)ကေရှိမြေအား ဦးဝင်းမောင် အမည်ဖြင့် အမည်ပြောင်း သက်တမ်းတိုး မြေငှားဂရန် လျှောက်ထားမှုနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မင်းဘူးမြို့**

## အများသိစေရန် ကြေညာခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ လှိုင်ရပ်ကွက်၊ လှိုင်ဈေးလမ်း၊ အမှတ်(၆/ဒီ)နေ ဒေါ်သန်းသန်းဝင်း (ဘ) ဦးချန်တိတ် (၁၀/မလမ(နိုင်)၀၄၇၄၃၀)၏ လွှဲအပ်ညွှန်ကြားချက်၏အရ အောက်ပါအတိုင်းအများသိစေရန်ကြေညာအပ်ပါသည်-

မော်လမြိုင်မြို့၊ လှိုင်ရပ်ကွက်၊ ကွင်းအမှတ်(၁၉/ရှမ်းစု)၊ ဧရိယာ(၀.၀၃၄)ဧက၊ မြေအကျယ် (၂၉x၅၅)ပေရှိ မြေကွက်ပေါ်တွင် **"နှစ်ဦးသဘောတူ အဆောက်အအုံ လုပ်ငန်းအကျိုးတူ ဆောက်လုပ်ခွင့်နှင့် ရောင်းချခွင့်အပ်နှံခြင်းကတိစာချုပ်"**အား (၇-၁၂-၂၀၂၄)ရက်တွင် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်သန်းသန်းဝင်းနှင့် ဒေါ်အိပြည့်စုံ(၁၀/မလမ(နိုင်)၂၅၄၃၇၄)တို့ နှစ်ဦးသဘောတူဆန္ဒဖြင့် ရေးချုပ်ခဲ့ကြပါသည်။ ယင်း(၇-၁၂-၂၀၂၄)ရက် ဒေါ်အိပြည့်စုံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သန်းသန်းဝင်းထံသို့ ပထမအရစ်အနေဖြင့် ငွေကျပ်သိန်း(၁၀၀၀)တိတိအား ပေးအပ်ခဲ့ပါသည်။ ဒုတိယအရစ်အနေဖြင့် ငွေကျပ်သိန်း(၁၁၅၀)တိတိအား မြေပြင်ရှင်းလင်းပြီး ဖောင်ဒေးရှင်းချသည့်အချိန်တွင် ပေးအပ်ရန် ချိန်းဆိုထားသော်လည်း ဒေါ်အိပြည့်စုံမှ ဒုတိယအရစ်ငွေများအား ပေးသွင်းခဲ့ခြင်းမရှိပါ။ တတိယအရစ်အနေဖြင့် ငွေကျပ်သိန်း (၁၁၅၀)တိတိအား (၇-၂-၂၀၂၅)ရက်တွင် ပေးချေရန် ဝန်ခံကတိပြုထားသော်လည်း ကျွန်ုပ်မိတ်ဆွေထံသို့ ဒေါ်အိပြည့်စုံမှ ငွေများလာရောက်ပေးသွင်းခြင်းမရှိပါ။ စတုတ္ထအရစ်အနေဖြင့် ငွေကျပ်သိန်း(၁၂၀၀)တိတိအား (၇-၃-၂၀၂၅)ရက်တွင် ပေးချေရန် ဝန်ခံကတိပြုထားသော်လည်း ကျွန်ုပ်မိတ်ဆွေထံသို့ ဒေါ်အိပြည့်စုံမှ ငွေများ လာရောက်ပေးသွင်းခြင်းမရှိပါ။ (၇-၁၂-၂၀၂၄)ရက်စွဲပါ **"နှစ်ဦးသဘောတူ အဆောက်အအုံ လုပ်ငန်းအကျိုးတူဆောက်လုပ်ခွင့်နှင့် ရောင်းချခွင့်အပ်နှံခြင်းကတိစာချုပ်"**တွင် ကန်ထရိုက်တာ ဒေါ်အိပြည့်စုံဘက်မှ ဤကတိစာချုပ်နှင့်ပတ်သက်၍ တစ်စုံတစ်ရာ ပျက်ကွက်ခဲ့ပါက ဆောက်လုပ်ရေးလုပ်ငန်းအား လုံးဝရပ်ဆိုင်းမည်ဖြစ်ပြီး အကျိုးခံစားခွင့် တစ်စုံတစ်ရာကိုလည်းရရှိမည် မဟုတ်ကြောင်းကို ဒေါ်အိပြည့်စုံမှ သိရှိသဘောတူညီပါကြောင်း ဝန်ခံလက်မှတ်ရေးထိုးထားပါသည်။

ကျွန်ုပ်မိတ်ဆွေဘက်မှ ဒေါ်အိပြည့်စုံထံသို့ အကြိမ်ကြိမ် ဆက်သွယ်ခဲ့ပြီး စာချုပ်ပါကတိအတိုင်းငွေများ ပေးသွင်း၍ ဆောက်လုပ်ရေးလုပ်ငန်းအား ဆက်လက်ဆောက်လုပ်ရန် အကြောင်းကြားခဲ့သော်လည်း ဒေါ်အိပြည့်စုံမှ ကျန်ငွေများအား ဆက်လက်မသွင်းနိုင်ကြောင်း၊ စာချုပ်ပါကတိအတိုင်း ဆက်လက်ဆောင်ရွက်နိုင်ခြင်း မရှိကြောင်းနှင့် ကျွန်ုပ်မိတ်ဆွေထံသို့ ပထမအရစ်အနေဖြင့် ပေးသွင်းထားသည့် ငွေကျပ်သိန်း(၁၀၀၀)ကိုလည်း ဆုံးရှုံးခံမည်ဖြစ်ကြောင်း ပြောဆိုခဲ့ပါသည်။

ထို့ကြောင့် (၇-၁၂-၂၀၂၄)ရက်စွဲပါ **"နှစ်ဦးသဘောတူ အဆောက်အအုံ လုပ်ငန်း အကျိုးတူ ဆောက်လုပ်ခွင့်နှင့် ရောင်းချခွင့်အပ်နှံခြင်းကတိစာချုပ်"** သည် ကျွန်ုပ်မိတ်ဆွေ ဒေါ်သန်းသန်းဝင်းနှင့် ဒေါ်အိပြည့်စုံတို့အကြား လုံးဝသက်ဆိုင်ခြင်း မရှိတော့ပါကြောင်းနှင့် အလိုအလျောက် ပျက်ပြယ်သွားပြီး ဖြစ်ကြောင်း ယခုကဲ့သို့ အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဘုန်းဇေယျစိုး(LL.B) Advocate**
**(စဉ်-၉၀၅၉) (၂၃-၅-၂၀၁၃)**
**အမှတ် (၃၈)၊ ယုဇနလမ်း၊ ကွင်းရပ်၊ မော်လမြိုင်မြို့၊**
**ဖုန်း-၀၉-၄၃၀၇၁၃၇၃**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ တော်ဝင်(၁၈)လမ်း၊ မြေကွက်အမှတ်(အ/၁၃)ဟုခေါ်တွင်သော အလျားxအနံ (၄၀ x၆၀)ပေအကျယ်ရှိ ဦးခင်မောင်အေး အမည်ပေါက် မြေကွက်နှင့် အဆောက်အအုံအပါအဝင် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်သက်သက်ဦး ၁၂/သဃက(နိုင်) ၁၀၅၄၃၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးသီဟ ၉/မရမ(နိုင်)၀၀၂၇၂၉က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအားစရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ယနေ့မှစ၍ ခုနစ်ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့် ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇာနည်(LL.B,D.B.L)(စဉ်-၁၄၆၆၈) ဒေါ်ခင်သီတာမြင့်အောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၅၂၀၆၄) အထက်တန်းရှေ့နေ**
**အမှတ်(၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ သောက်တော်တွင်းရပ်ကွက်၊**
**သန်လျင်မြို့၊ ဖုန်း-၀၉-၄၂၀၃၀၀၂၆၂**

## အများပြည်သူသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၇ သမိုင်း၊ မြေကွက်အမှတ်-၂/ဃ၃/၂A-၁ ၊ မြေဧရိယာ-(၀.၂၂၇)ဧကရှိ၊ မြေပိုင်မြေ (အိမ်ရာမြေသတ်မှတ်) မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၁၀A၊ ကုန်းမြင့်ရိပ်သာလမ်းသွယ်လမ်း၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့တို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် တရားဝင်အမည်ပေါက်ပိုင်ဆိုင်သူ ဝေါင်ရုတ်ထိုင် (ခ) ဦးခင်မောင်မြင့် (ဘ) ဦးဝမ်ဟိုလျောင် (၁၂/လမတ (ဧည့်) ၀၀၀၅၅၄)၏ GP အမှတ်-၂၄၈၇၇/၂၀၂၃ (၂၁-၁၁-၂၀၂၃) (ရန်ကုန်) ရရှိပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုရှိသူ ဦးရာဇာမျိုးဝင်း(ဘ) ဦးမျိုးတင့်ကြည် (၁၂/ရကန(နိုင်)၀၆၄၉၈၁)၊ အမှတ်-၅၆၊ အင်းလျားလမ်း၊ (၁၀)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့နေသူထံမှဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံအား အရောင်းအဝယ်ပြုလုပ်သည့် ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ခင်ဝင်းမြင့်(B.Sc, PGDL)** | **ဒေါ်ခင်မြတ်သူ (H.GP, LL.B, D.M.L)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၁၉၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၅၁၅)** |
| **အမှတ်-၁၂၂၊ ၂-လမ်း၊ အရှေ့ကြို့ကုန်း** | **အမှတ်-၁၂၂၊ ၂-လမ်း၊ အရှေ့ကြို့ကုန်း** |
| **အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။** | **အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊** |
| **ဖုန်း-၀၉-၅၁၇၁၄၃၃** | **ဖုန်း-၀၉-၈၆၃၅၁၂၂၊၀၉-၂၅၄၄၈၈၃၃၀** |

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/17323, Honda Wave 100 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ချစ်စုထွေး ၁၄/ပသန(နိုင်) ၁၅၁၂၃၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 49W/9650, Kenbo 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးရဲဇော်ဦး ၁၄/မမန(နိုင်) ၂၃၇၂၃၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 72W/35614, P&C 110 ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်းလင်း (၁၄/ကခန(နိုင်) ၀၈၆၄၅၆) က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဟင်္သာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4E/2644, Lifan LFJ305361, Dump Truck ယာဉ်လက်ဝယ်ရှိသူ ဦးသော်ဇင်ထွန်း ၁၂/ခရန(နိုင်) ၀၉၈၁၆၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံးခွဲ**
**(ရွာသာကြီး)ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ မြို့မရပ်ကွက်၊ ယုဇနလမ်း၊ မြေကွက်ကြီး အမှတ် ၈/၂၊ မြေကွက်ငယ်အမှတ် ၃၆၊ ဦးအောင်ကြွယ်အမည်ပေါက် မြေကွက်၊ဧရိယာ ၄၀ပေx ၆၀ပေရှိမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်လက်ရှိ ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးဇော်မိုးအောင်(၁၂/ဒဂရ(နိုင်)၀၀၀၇၉၉)ထံမှ ဦးထွန်းထွန်းဝင်း (၁၂/မရက(နိုင်)၀၇၆၃၀၈)က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ် တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းအပြည့်အစုံဖြင့် ယခုသတင်းစာကြော်ငြာပါသည့်ရက်မှသည်(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်းကန့် ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြိုးမမ(စဉ်-၁၃၆၂၈) တရားလွှတ်တော်ရှေ့နေ**
**စျ/၁၁၅ ကုန်သည်လမ်း၊ ဈေးကြီးရပ်ကွက်၊ လှည်းကူးမြို့၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၂၆၇၁၈၈၅၆၉**

## အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၁၂၂)လမ်းထောင့်၊ (၅၈)လမ်း၊ အမှတ်-ညည/၁၉(၂-က)နေ ဦးအောင်ထွန်း(ဘ) ဦးထီအောင် ၉/ပကခ(နိုင်)၀၇၉၃၆၆နှင့် ဒေါ်နန်းခင်သိန်းဟန်(ဘ)ဦးထွန်းမောင် ၁၃/ကမန(နိုင်)၀၇၀၆၅၈တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ အောင်ချမ်းသာကျေးရွာအုပ်စု၊ အောင်ချမ်းသာကျေးရွာ၊ အိမ်အမှတ်(၁၅၁)၊ အရှေ့လားသော်-ဦးထွန်းငွေ၏ နေအိမ်၊ အနောက်လားသော်-ဦးတင့်လွင်၏နေအိမ်၊ တောင်လားသော်- ဦးထွန်းရွှေ၏ နေအိမ်၊ မြောက်လားသော်-(၄)လမ်း အနားလေးရပ်အတွင်းရှိ မြေအကျယ်အဝန်း (၁၀၀/၈၀x၄၄/၃၈)ပေရှိ မြေနှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံတို့အား ဦးခင်မောင်မြင့် အမည်ဖြင့် ဝယ်ယူထားသည့်မြေဖြစ်ကြောင်း၊ ယခုအခါ ဦးခင်မောင်မြင့် ကွယ်လွန်ပြီးနောက် ၎င်း၏ တရားဝင်ဇနီး မယားဖြစ်သူ ဒေါ်ခင်မာကြည်မှ အမွေဆက်ခံပိုင်ဆိုင်သည့် မြေကွက်ဖြစ်ကြောင်း၊ ၎င်းမှ ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးအောင်ထွန်းနှင့် ဒေါ်နန်းခင်သိန်းဟန်တို့မှ အဆိုပါ အိမ်ခြံမြေအား အပြီးအပိုင်ဝယ်ယူရန် ရောင်းကြေးစရန်ငွေကျပ် တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အိမ်ခြံမြေ အရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ဆိုင်ကြောင်း ပြောဆိုကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု အထောက်အထား မူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| **လွှဲအပ်သူ** | **လွှဲအပ်ချက်အရ-** |
|---|---|
| **ဦးအောင်ထွန်း** | **ဒေါ်နော်ဆာဝါးထူး(LL.B,D.I.L)** |
| **၉/ပကခ(နိုင်)၀၇၉၃၆၆** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၈၁၅)** |
| **ဒေါ်နန်းခင်သိန်းဟန်** | **ယုဇနလမ်းနှင့်ပြည်ယာယာလမ်းထောင့်၊** |
| **၁၃/တမန(နိုင်)၀၇၀၆၅၈** | **ရပ်ကွက်ကြီး(၈)၊ ပြင်ဦးလွင်မြို့၊** |
| | **ဖုန်း-၀၉-၄၀၂၅၁၀၈၁၈** |

## ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

ဟုမ္မလင်းမြို့၊ နောင်ပကျစ်ရပ်ကွက်၊ အမှတ်(၄)၊ အကွက်အမည် နောင်ပကျစ်အရှေ့၊ ဦးပိုင်အမှတ်(၃၁)၊ မြေဧရိယာ(၀ဒသမ၀၅၄)ကေရှိ မြေနေရာသည် ဦးစန်မောင်အမည်ဖြင့် (၁၀)နှစ်မြေဂရန်ရရှိ ပိုင်ဆိုင်ခဲ့သော မြေနေရာအား သားဖြစ်သူ ဦးဇော်မင်းထွန်း ၅/ဟမလ(နိုင်) ၀၇၉၁၃၁မှ မြေငှားဂရန် အမည်ပြောင်း/သက်တမ်းတိုး လျှောက်ထားခြင်းအပေါ် ကန့်ကွက်လိုသူများရှိပါက မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**ဟုမ္မလင်းမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်(၄/ရွှေကြာပင်)ရှိ Moon Rays Co. Ltd အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ် ZC-၀၁၁၊ မြေဧရိယာ(၁၈)ကေအတွင်း အဆင့်မြင့်အိမ်ရာစီမံကိန်း ဖော်ဆောင်ရန်အတွက် နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ အတည်ပြုပြီးဖြစ်သည့် အကွက်ချပုံစံ(Plot Plan) ပါ မြေကွက်(၆၅)ကွက်အား မြေငှားစာချုပ်စာအုပ် (၆၅)အုပ်ဖြင့် မြေငှားစာချုပ်ခွဲစိတ်ခွင့်ပြုပါရန် ဦးသက်တင်ဝင်း(MD)၊ Moon Rays Co.,Ltd မှ မြေပိုင်ဆိုင်မှုအထောက်အား မူရင်းများတင်ပြပြီး လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်ခွဲစိတ်ခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပတ်စ်ပို့ပျောက်

မလီဟွန်တီး ၁၃/ကလတ(နိုင်)၀၄၇၀၃၁၏ နိုင်ငံကူးလက်မှတ် အမှတ် ME 334286 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၉၇၈၈၁၇၁၆**

## အမည်ပြောင်း

ပူတာအိုမြို့နယ်၊ နမ်ဘော်ကျေးရွာနေ (ဘ)ဦးဂယ်ဆော့မို ၁/ပတအ(နိုင်)၀၅၅၀၈၂နှင့် ဒေါ်ရှီဖန် ရှင်းရမ် ၁/ပတအ(နိုင်)၀၅၅၄၈၃တို့၏သား မောင်ရှင်းဇီအောင်အား မောင်ဂျော်ဆာဒီးဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ဂျော်ဆာဒီး**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁)၊ ကွင်း/အကွက်အမှတ် ၁၂/ညံတောအနောက်၊ ဦးပိုင်အမှတ်(၄၇)၊ မြေဧရိယာ(၀ဒသမ၀၉၈)ကေရှိ မြေကွက်အား မြေငှားဂရန် (သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဒေါ်အေးနွယ် ၉/မမန(နိုင်)၀၃၇၀၇၃ မှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့ ၊ ရပ်ကွက်ကြီး (၈)၊ ကွင်းအကွက်အမှတ်၊ မ - ၂/ပဒေသာ၊ ဦးပိုင်အမှတ် (၁၂)၊ မြေဧရိယာ(၀.၀၅၅)ကေရှိ မြေကွက်အား မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားနိုင်ရေး မောင်ကောင်းမြတ်ဟန် (၉/အမဇ(နိုင်)၁၁၀၅၃၄) မှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင် / မြို့နယ်အထွေထွေအုပ်ချုပ်ဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေ**
**အုပ်ချုပ်ရေး ဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထဲရေးဝန်ကြီးဌာန
## ပဲခူးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
## ပဲခူးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၅-၂၀၂၆ ခု၊ ဘဏ္ဍာရေးနှစ်တွင် ပဲခူးတိုင်းဒေသကြီးအတွင်း အောက်ပါ အကြီးစားပြင်ဆင်ခြင်းလုပ်ငန်းအား ဆောက်လုပ်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

**(က) Lot-1 တိုင်းဒေသကြီး ဖက်တန်းဝန်ထမ်းအိမ်ရာအကြီးစားပြုပြင်ခြင်း ထွေ/အုပ် (၆ခန်းတွဲ ၁ ထပ်)(၄)လုံး**

၂။ **တင်ဒါလျှောက်လွှာရောင်းချမည့်နေ့ရက်** - (၁၅-၅-၂၀၂၅)ရက်မှ (၂၈-၅-၂၀၂၅)ရက်ထိ
**တင်ဒါလျှောက်လွှာပိတ်မည့်နေ့ရက်နှင့်အချိန်** - (၂၉-၅-၂၀၂၅)ရက် (၁၆:၀၀) နာရီ
**တင်ဒါတင်သွင်းရမည့်နေရာ** - ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

၃။ ဈေးပြိုင်အဆိုပြုလွှာပုံစံနှင့် တင်ဒါစည်းကမ်းများအား တင်ဒါတင်သွင်းမည့် ပုဂ္ဂိုလ်/သက်ဆိုင်ရာကုမ္ပဏီ/အဖွဲ့အစည်းကိုယ်တိုင် (သို့မဟုတ်) ၎င်းတို့၏ တရားဝင် ကိုယ်စားလှယ်အဖြစ် လွှဲအပ်ခြင်းခံရသူကသာ ဝယ်ယူခွင့်ရှိသည်။
၄။ ဈေးပြိုင်အဆိုပြုလွှာတင်သွင်းသည့် ပုံစံများအား တစ်စုံလျှင် (၁၀၀၀၀ိ/-) (ကျပ်တစ်သောင်းတိတိ)ဖြင့် ဝယ်ယူရရှိနိုင်ပါသည်။
၅။ ဈေးပြိုင်အဆိုပြုလွှာများကို တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး၊ ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့ထံလိပ်မူ၍ (၂၉-၅-၂၀၂၅) ရက်(၁၆:၀၀)နာရီအချိန် နောက်ဆုံးထားပြီး ပဲခူးတိုင်းဒေသကြီးအထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့ရှိ တင်ဒါပုံးအတွင်းသို့ တင်သွင်းရမည်ဖြစ်ပါသည်။ သတ်မှတ်ရက်အချိန်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၆။ အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ်၊ ၀၅၂-၂၂၀၁၈၃၇သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## ကရင်ပြည်နယ်၊ဘားအံမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုလယ်ယာဦးစီးဌာန၊ ကရင်ပြည်နယ်အတွင်း အောက်ဖော်ပြပါ မြေလွတ်မြေရိုင်း (လယ်လုပ်)အား စိုက်ပျိုးမြေဖော်ထုတ်ဆောင်ရွက်သွားမည် ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **Lot No** - (6)
(ခ) **ဆောင်ရွက်မည့်လုပ်ငန်း** - မြေလွတ်မြေရိုင်း(လယ်လုပ်)အား စိုက်ပျိုးမြေ ဖော်ထုတ်ခြင်းလုပ်ငန်း
(ဂ) **လုပ်ငန်းပမာဏ(ဧက)** - ၂၀၀ ဧက
(ဃ) **ဆောင်ရွက်မည့်တည်နေရာ** - ကရင်ပြည်နယ်၊ဘားအံမြို့နယ်၊ ကော့မူးတာကျေးရွာအုပ်စု၊ မူးကဝါကျေးရွာ
(င) **တင်ဒါပုံစံရောင်းချမည့်ရက်** - (၁၅-၅-၂၀၂၅) ရက်မှ (၂၈-၅-၂၀၂၅) ရက်ထိ
(စ) **တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့်ရက်/အချိန်** - (၂၉-၅-၂၀၂၅) ရက် (၁၆:၃၀)နာရီထိ
(ဆ) **တင်ဒါတင်သွင်းရမည့်နေရာ** - ပြည်နယ်ဦးစီးဌာနမှူးရုံး စက်မှုလယ်ယာဦးစီးဌာန ကရင်ပြည်နယ်၊ ဘားအံမြို့
(ဇ) **တင်ဒါဖွင့်မည့်ရက်** - ထပ်မံအကြောင်းကြားပါမည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်သိရှိလိုသည့်အချက်များကို ကရင်ပြည်နယ်၊ စက်မှုလယ်ယာဦးစီးဌာန၊ ဖုန်း-၀၉-၈၆၄၀၈၈၄၁၈၊ ၀၉-၅၁၉၂၇၇၅ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့
## တနင်္သာရီတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့
## မြိတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## ကြော်ငြာစာအမှတ်( ၁ / ၂၀၂၅ )
## (၂၀၂၅ ခုနှစ် ၊ မေလ ၁၅ ရက်)
## (၁၃၈၇ ခုနှစ် ၊ ကဆုန်လပြည့်ကျော် ၄ ရက်)

၁။ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်စည်ပင်သာယာရေး အဖွဲ့၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများအတွက်လိုအပ်သောလုပ်ငန်းသုံးပစ္စည်းအား အိတ်ဖွင့် တင်ဒါခေါ်ယူလိုပါသည်။
၂။ လိုအပ်သောလုပ်ငန်းသုံးပစ္စည်း၏ အမျိုးအစား၊ အရေအတွက်၊ ဝယ်ယူလိုသည့်အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်း သတ်မှတ်ချက် များကို မြိတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ကြော်ငြာသင်ပုန်းတွင် ဖော်ပြထားမည်ဖြစ်ပါသည်။

(က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၁၅-၅-၂၀၂၅ရက်
(ခ) **တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်နှင့်အချိန် (တင်ဒါလျှောက်လွှာနောက်ဆုံးတင်သွင်း ရမည့်ရက်နှင့်အချိန်)** - ၂၉-၅-၂၀၂၅ရက် (၁၆:၃၀)နာရီ
(ဂ) **တင်ဒါလျှောက်လွှာ တင်သွင်းရမည့်နေရာ** - မြိတ်မြို့နယ်စည်ပင်သာယာ ရေးအဖွဲ့ရုံး၊ကန်ဖျားရပ်ကွက်၊ မြိတ်မြို့

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါကဖုန်းနံပါတ် ၀၉-၄၂၂၁၀၉၂၉၉၀၊ ၀၉-၄၂၆၉၈၅၉၉၆ သို့ ဆက်သွယ်စုံစမ်းမေးမြန်း နိုင်ပါသည်။
မှတ်ချက် ။ အိတ်ဖွင့်တင်ဒါရွေးချယ်မည့် နေ့ရက်/အချိန်/နေရာကို ထပ်မံကြေညာပေးမည်ဖြစ်ပါသည်။

**မြို့နယ်တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ပတ်စ်ပို့ပျောက်

(ဦးသင်ဟန်)၏သား ဦးဟန်ထက် ၇/ပမန(နိုင်)၁၆၅၁၇၅၇၏ နိုင်ငံကူးလက်မှတ် (MA 191540) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၉၈၂၀၉၀၄၅**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီး(အရှေ့)ရပ်ကွက်၊ အုန်းပင်လမ်း၊ (၇၆)၊ ၄လွှာနေ ဒေါ်လင်းလင်းဝေ ၁၁/စတန(နိုင်) ၀၈၀၂၅၁၏ ဖခင် ဦးဦးသန်းရွှေနှင့် ဦးသန်းရွှေ မှာ လူတစ်ဦးတည်းဖြစ်ပါကြောင်း၊ မိခင် ဒေါ်မခင်ဝင်းနှင့် ဒေါ်ခင်ဝင်းမှာ လူတစ်ဦးတည်းဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AYY/72881, Honda Click 160, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသော်ဇင် ၁၄/ဖပန(နိုင်) ၁၃၄၁၉၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(ဖျာပုံမြို့)**

## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ပြည်သူ့ဆေးရုံကြီး၊ မကွေးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်သူ့ဆေးရုံကြီး၊ မကွေးမြို့တွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန် (၂၀၂၅-၂၀၂၆)ခု ဘဏ္ဍာရေးနှစ်အတွက် လိုအပ်သော FDA အသိအမှတ်ပြု ဆေးဝါးများ၊ Speciality ဆေးဝါးများ၊ ခွဲစိတ်ခွဲခန်းသုံးဆေးပစ္စည်းများ၊ ခွဲစိတ်မှန်ခန်းသုံးဆေးပစ္စည်းများ၊ အောက်ဆီဂျင်အပါအဝင် Basic Consumables များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ လိုင်စင်ရကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၉-၅-၂၀၂၅ရက်
**တင်ဒါပုံစံဝယ်ယူရန်နှင့် တင်သွင်းရန်နေရာ** - ပြည်သူ့ဆေးရုံကြီး၊ မကွေးမြို့
**တင်ဒါပုံစံနောက်ဆုံးပေးသွင်း ရမည့်ရက်** - ၁၈-၆-၂၀၂၅ရက်

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးပစ္စည်းများစာရင်းကို အသေးစိတ် သိရှိလိုပါက ပြည်သူ့ဆေးရုံကြီး၊ မကွေးသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ပြည်သူ့ဆေးရုံကြီး၊ မကွေးမြို့**
**ဖုန်း-၀၉-၅၃၃၃၂၂၉**

## အရွယ်မရောက်သေးသူအတွက် အုပ်ထိန်းသူအဖြစ် ခန့်ထားရန် လျှောက်ထားကြောင်း အကြောင်းကြားစာ
## (အုပ်ထိန်းသူနှင့်အုပ်ထိန်းခံရသူတို့၏ အက်ဥပဒေပုဒ်မ ၁၁)
## ဒဂုံမြို့သစ်ခရိုင်တရားရုံး
## ၂၀၂၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်- ၂၈

ဒေါ်ခင်သူဇာထွန်း လျှောက်ထားသူ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၂)ရပ်ကွက်၊ ဗိုလ်ဗစိုးလမ်း၊ အမှတ်(၃၉၄/ခ)နေ အရွယ်မရောက်သေးသူ မောင်ဟိန်းခန့်ဖြိုး၊ ၎င်းကိုယ်ကို ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ (၂) ရပ်ကွက်၊ ဗိုလ်ဗစိုးလမ်း၊ အမှတ်(၃၉၄/ခ)နေ ဒေါ်ခင်သူဇာထွန်းက အထက်အမည်ပါသော အရွယ်မရောက်သေးသူ မောင်ဟိန်းခန့်ဖြိုး၏အဒေါ် အရင်းဖြစ်သည်ဟူ၍ လည်းကောင်း၊ သူ၏ကိုယ်ကို အုပ်ထိန်းသူအဖြစ် ခန့်ထားပါမည့်အကြောင်း လျှောက်ထားသည်ဖြစ်၍ ထိုလျှောက်ထားချက်ကို လူအများသိစေရန် အလို့ငှာ ဤကြော်ငြာစာကို ထုတ်ဆင့်လိုက်သည်။ ထိုလျှောက်ထားချက်ကို ၂၀၂၅ ခုနှစ်၊ မေလ ၂၈ရက် (၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၂ရက်) တွင်ဆိုင်ဆိုရန် ချိန်းဆိုသည်။

၂၀၂၅ ခုနှစ်၊ မေလ ၁၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဉာဏ်လူလင်း)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**ဒဂုံမြို့သစ်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၈)၊ အောင်သီရိလမ်း၊ မြေကွက်အမှတ် (၈၄၈)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဦးကောင်းဇေသူ (၁၂/သဃက (နိုင်) ၁၇၁၆၄၁) နှင့် ဒေါ်ဇင်မာဝင်း (၇/အဖန (နိုင်) ၀၈၃၂၀၅) တို့အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင်များဖြစ်သော ဦးကောင်းဇေသူ နှင့် ဒေါ်ဇင်မာဝင်း တို့၏ (၃-၂-၂၀၂၁)နေ့စွဲပါ စင်္ကာပူနိုင်ငံ၊ မြန်မာသံရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအရ ရောင်းချပိုင်ခွင့်ရှိသူ ဦးအောင်စိုး (၁၂/သဃက (နိုင်) ၁၀၄၀၃၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဒေါ်အေးအေးမူ** |
| **LL.B, D.B.L, D.I.L.,** | **LL.B, D.B.L., M.A. (Business Law)** |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၇၀၉) |

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၃၁၁ ၅၁၀၅

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၈/ဒက္ခိဏသီရိအလယ်ရပ်)၊ ပေ(၈၀x၈၀)၊ မြေကွက်အမှတ်(ဒ-၃၁၃၄၅)၊ ဦးမြင့်ကြည်(ဘ) ဦးမောင်ချစ် ၁၂/မကန(နိုင်)၀၈၈၄၈၇ အမည်ပေါက်မြေကွက်၏ မြေကွက်နေရာ (ယာယီ)ချထားပေးသည့်လက်မှတ်မူရင်း ပျောက်ဆုံးသွားပါသဖြင့် ပျောက်ဆုံးကြောင်း မှတ်ပုံတင်တရားရုံးကျမ်းကျိန်လွှာမူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြ၍ မြေကွက်နေရာ (ယာယီ)ချထားပေးသည့် လက်မှတ်မိတ္တူမှန်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ် စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)အတွင်း လာရောက်ကန့်ကွက် နိုင်ကြောင်းနှင့် သတ်မှတ်ကာလ အတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေကွက်နေရာ (ယာယီ)ချထားပေးသည့်လက်မှတ် (မူရင်း)အား ပယ်ဖျက်၍ မိတ္တူမှန်လျှောက်ထားမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်(၃)ရပ်ကွက်၊ မြေကွက်အမှတ်(၇၃/က)၊ မြေကွက်တည်နေရာအမှတ်(၇၃/က)၊ ဗဟိုလမ်း၊ (၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးရွှေ (၁၂/ဥကတ(နိုင်)၀၄၇၅၀၇)၊ ဦးမြင့်ဦး (၁၂/ဥကတ(နိုင်)၀၄၆၄၄၃)၊ ဦးမျိုးဆွေ(၁၂/ဥကတ(နိုင်)၀၄၆၄၄၆)၊ ဦးမြင့်ခိုင်(၁၂/ဥကတ(နိုင်)၀၇၀၅၇၉)အမည်ပေါက် နှစ်(၆၀)မြေငှားဂရန် အမည်ပေါက် ဦးရွှေ၊ ဦးမြင့်ဦး၊ ဦးမျိုးဆွေ၊ ဦးမြင့်ခိုင်မြေကွက်အား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးရွှေ(ဖခင်) နှင့် ဒေါ်ခင်ကြွယ် (မိခင်)တို့ ကွယ်လွန်သဖြင့် ကျန်အမည်ပေါက်သားများဖြစ်ကြသော ဦးမြင့်ဦး၊ ဦးမျိုးဆွေ၊ ဦးမြင့်ခိုင်တို့မှ သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာအမှတ်(၆၇၄/၂၀၂၅/၂၀-၁-၂၀၂၅)၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဂရန်နိုင်ကတ်များ၊ သေစာရင်းများ၊ အိမ်ထောင်စုစာရင်းများ၊ ဝန်ဆောင်ခတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဝိုင်းမော်မြို့နေ ဦးအင်ခွမ် နောနော် ၁/ဝမန(နိုင်)၀၉၀၂၈၉ နှင့် ဦးနောနော် သည် အမည်(၂)မျိုး ကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

နွားထိုးကြီးမြို့နယ်၊ ခက်လန်းအုပ်စု၊ ရွာသစ်ကျေးရွာနေ (ဘ) ဦးတင်ဆန်း၏သမီး မစုလှိုင်မိုး ၉/နထက(နိုင်)၁၉၀၆၇၄ ၏ မွေးသက္ကရာဇ်မှန်မှာ ၃-၆-၁၉၉၉ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

ပြည်မြို့၊ ရွာဘဲရပ်ကွက်၊ အကွက်အမှတ်(၁၅D)မူရာပင်မြင်းပြိုင်ကွက်၊ဦးပိုင်အမှတ်(၆၆ဇ၊ ၇၂ဏ၊ ၇၃ကဇ) မှ မြေဧရိယာစုစုပေါင်း (၀ဒသမ၀၇၀)ဧကရှိ မြေသည် မူလတွင်ဦးအောင်သိန်းအမည်ဖြင့် (၁၀-၁၂-၁၉၉၃)မှ (၉-၁၂-၂၀၂၃)အထိ နှစ်(၃၀) ဂရန်ရရှိထားပြီး၊ မြေကွက်အမည်ပေါက်သူ ဦးအောင်သိန်းနှင့်ဇနီးဖြစ်သူ ဒေါ်တင်ကြည်တို့ကွယ်လွန်သွားသဖြင့် အမွေဆက်ခံရန်ကျန်ရှိသူ ဦးဌေးအောင်၊ဒေါ်ခင်နွယ်၊ ဦးခင်မောင်လွင်၊ ဦးဇော်မင်းဦး၊ ဦးအောင်ဇေယျနှင့် ဒေါ်ခင်ဌေးလွင်တို့(၆)ဦးမှ လျှောက်ထားမြေကွက်အား လက်ရှိပိုင်ဆိုင်အကျိုးခံစားလျက်ရှိကြောင်း တရားရုံး ကျမ်းကျိန်လွှာနှင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟစာချုပ်ချုပ်ဆိုပြီး မြေငှားဂရန်အမည်ပြောင်း/သက်တမ်းတိုးရရှိရေး လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤရုံးသို့ လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပြည်ခရိုင်၊ ပြည်မြို့၊ ခေတ္တရာရပ်ကွက်၊ အကွက်အမှတ်(၁၅E)ရှမ်းစုကွက်၊ ဦးပိုင်အမှတ်(၂၂က)မှ မြေဧရိယာ(၀ဒသမ၅၄၉)ဧကရှိ မြေသည် မူလတွင်ဦးကျော်မြင့်ဦး၊ ဦးဌေးဝင်း၊ ဒေါ်အေးအေးမာ၊ ဒေါ်ဥမ္မာကျော်၊ ဒေါ်ရူပါကျော်၊ ဒေါ်ခင်ထွေးလွင်တို့(၆)ဦးအမည်ဖြင့် (၂၀-၂-၂၀၂၅)မှ (၁၉-၂-၂၀၃၅)ထိ (၁၀)နှစ်ဂရန်ရရှိထားပြီး အမည်ပေါက်သူ (၆)ဦးတို့မှ အဆိုပါမြေကွက်အား ဒေါ်သန့်သန့်စိုးကို (၁၆-၂-၂၀၂၃)ရက်တွင် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ စာချုပ်အမှတ်(၀၂၆/၂၀၂၃) ဖြင့် မှတ်ပုံတင်၍ လွှဲပြောင်းရောင်းချပြီးဖြစ်ပါသောကြောင့် ဝယ်ယူသူအမည်ဖြင့် မြေငှားဂရန်အမည်ပြောင်းရရှိရေး လျှောက်ထားလာပါ၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက် နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်မြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/ရွှေကြာပင်)၊ မြေကွက်အမှတ်(၃၀၇)၊ ဧရိယာ(၀.၀၈၂)ဧကရှိ ဦးညွန့်မောင်(ဘ) ဦးကြက်ရိုး၊၉/ပမန(နိုင်)၁၀၉၃၆၅ အမည်ပေါက် ပါမစ်မြေကွက်၏ ယာယီမြေပေး လက်မှတ်မူရင်းပျောက်ဆုံးသွားသဖြင့် ယာယီမြေပေးလက်မှတ်မိတ္တူမှန် ထုတ်ယူခွင့်ပြုပါရန် အမည်ပေါက်သူမှ ဝန်ခံကတိပြုချက်၊ တရားရုံးကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ်(၉၆၆/၂၀၂၄)၊ ပတ်ဝန်းကျင်အသိသက်သေ(၃)ဦး သက်သေထွက်ဆိုချက်၊ ရပ်ကွက်နှင့် ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်း နှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၃၀)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပေးစလစ်မိတ္တူမှန် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ သစ်ရာကောက်တိုက်နယ်၊ သစ်ရာကောက်ကျေးရွာနေ ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဦးခင်မောင်မြင့် (၈/မကန(နိုင်) ၀၆၈၂၈၁)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ ရွှေအိုး(၂)ရပ်ကွက်၊ (၁)လမ်းရှိ အလျား (၄၁)ပေ၊ အနံ (၂၁)ပေ အတိုင်းအတာရှိပြီး အရှေ့လားသော် - ဦးသန်းထွန်း၊ အနောက်လားသော် - မစီစီဝေ၊ တောင်လားသော် - ဒေါ်ခင်စိန်၊ မြောက်လားသော်- လမ်း နယ်နိမိတ်လေးရပ်အတွင်းရှိ ဝိုင်းမြေကွက်နှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ကျွန်ုပ်၏အမှုသည် ဦးခင်မောင်မြင့် ပိုင်ဆိုင်သောဝိုင်းမြေကွက်ဖြစ်ပြီး ယင်းမြေကွက်ကို ဦးခင်မောင်မြင့်က အပြီးအပိုင်လွှဲ ပြောင်းရောင်းချမည်ဖြစ်ပါ၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏အမှုသည်ထံသို့ဖြစ်စေ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးကျော်ဝင်းနိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် ၄၉၅၆/၈၉ )**
**ပြည်လမ်း၊ ရွှေကြာအင်း (၂) ရပ်ကွက်၊ တောင်တွင်းကြီးမြို့၊**
**ဖုန်း - ၀၉ - ၅၃၃၃၁၀၆၊ ၀၉-၆၉၅၃၃၃၁၀၆**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7L/3763 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

ရွှေဘိုမြို့၊ အမှတ်(၄)ရပ်ကွက်၊ အကွက်အမည်နှင့် အမှတ်(၂၆)၊ (အောင်ဇေယျကွင်း)၊ ဦးပိုင်အမှတ် (၆၈)၊ဧရိယာ(၀ဒသမ၁၁၀)ဧကရှိမြေကို ဦးကျော်တင် လျှောက်ထားသူက (၂၄-၁၁-၁၉၉၅)ရက်မှ (၂၃-၁၁-၂၀၀၅)ရက်ထိ (၁၀)နှစ် မြေငှားဂရန် ရရှိထားပြီး သက်တမ်းကုန်းဆုံးပြီဖြစ်သဖြင့် ပုဂ္ဂလိက မြေငှားဂရန် အသစ်ထပ်မံခွင့်ပြုချထားပေးနိုင်ပါရန် လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ရွှေဘိုမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက မြေငှားဂရန် ထုတ်ပေးခြင်းလုပ်ငန်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ရွှေဘိုမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရွှေဘိုမြို့**

## တောင်ကြီးမြို့နယ်စည်ပင်သာယာရေးဌာန
## တောင်ကြီးမြို့နယ်၊ ရွှေညောင်မြို့၊ စဉ့်ဟယ်ဈေး၊ အဆင့်မြှင့်တင် တည်ဆောက်ခြင်းလုပ်ငန်းအတွက် စိတ်ဝင်စားမှုအဆိုပြုလွှာ Expression Of Interest (EOI) ခေါ်ယူခြင်း

၁။ တောင်ကြီးမြို့နယ်၊ ရွှေညောင်မြို့၊ စဉ့်ဟယ်ရပ်ကွက်ရှိ တောင်ကြီးမြို့နယ်စည်ပင်သာယာရေးဌာနပိုင် စဉ့်ဟယ်ဈေးအား အဆင့်မြှင့်တင် တည်ဆောက်သွားမည်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ (၁၀၀%) ရင်းနှီးမြှုပ်နှံတည်ဆောက်နိုင်ရေးအတွက် စိတ်ဝင်စားမှုအဆိုပြုလွှာ Expression Of Interest (EOI) တင်သွင်းရန် ကြေညာခေါ်ယူအပ်ပါသည်။

၂။ အဆိုပြုလွှာတင်သွင်းသူများအနေဖြင့် မိမိဆောင်ရွက်လိုသည့် အဆိုပြုလုပ်ငန်းများနှင့်ပတ်သက်၍ သတ်မှတ်သည့်ရက်အတွင်း (EOI)၊ စိစစ်ရွေးချယ်ရေးအဖွဲ့ထံ ရှင်းလင်းတင်ပြရမည်ဖြစ်ပြီး ရွေးချယ်ခံရသည့် အဆိုပြုလွှာကိုသာ လုပ်ငန်းအပ်နှံဆောင်ရွက်နိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ စိတ်ဝင်စားမှုအဆိုပြုလွှာပုံစံနှင့် အဆိုပြုလွှာတွင် ပါဝင်ရမည့်လုပ်ငန်းများအတွက် လိုအပ်သည့် အခြေခံအချက်များကို (၁၆-၅-၂၀၂၅)ရက်မှ (၁၆-၆-၂၀၂၅)ရက်အထိ တောင်ကြီးမြို့နယ်၊ စည်ပင်သာယာရေးဌာန၊ အင်ဂျင်နီယာ ဌာနခွဲတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အဆိုပြုလွှာများကို (၁၆-၆-၂၀၂၅)ရက် ညနေ (၁၆:၃၀) နာရီ နောက်ဆုံးထား၍ တောင်ကြီးမြို့နယ်စည်ပင်သာယာရေးဌာနတွင် တင်သွင်းရမည်ဖြစ်ပါသည်။ အဆိုပြုလွှာတင်သွင်းရမည့်ရက်နှင့် အချိန်ထက် နောက်ကျတင်သွင်းလာသော အဆိုပြုလွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက တောင်ကြီးမြို့နယ်စည်ပင်သာယာရေးဌာန အင်ဂျင်နီယာဌာနခွဲ တယ်လီဖုန်းအမှတ် ၀၈၁-၂၁၂၁၀၂၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တောင်ကြီးမြို့နယ်စည်ပင်သာယာရေးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ပန်းတနော်မြို့၊ အရှေ့ပိုင်းရပ်ကွက်၊ အကွက်အမှတ် (၁၅၊ အရှေ့ပိုင်း)၊ ဦးပိုင်အမှတ် (၂၀၉)၊ ဧရိယာ ၀ ဒသမ ၀၂၉ ဧကရှိမြေအား မအူပင်ခရိုင်၊ ပန်းတနော်မြို့၊ အလယ်ပိုင်းရပ်ကွက်၊ သီဟလမ်းနေ ဒေါ်မြင့်ကြည်မှ မြေငှားဂရန်အသစ်လျှောက်ထားမှုနှင့်ပတ်သက်၍ ပိုင်ဆိုင်မှုအထောက်အထားများနှင့်အတူ မအူပင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ တင်ပြလျှောက်ထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာစာပါသည့်ရက်မှ (၁၅)ရက်အတွင်း ပန်းတနော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မအူပင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်မြင့်ကြည် ၁၄/ပတန(နိုင်) ၁၃၀၂၇၄**
**သီဟလမ်း၊ အလယ်ပိုင်းရပ်ကွက်**
**ပန်းတနော်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-အောင်ချမ်းသာတိုးချဲ့၊ နှင်းဆီလမ်း၊ မြေကွက်အမှတ်(၂၂၉)ဟုခေါ်တွင် သောအလျား x အနံ (၄၀ x ၆၀)ပေ အကျယ်ရှိ ဒုအရာခံဗိုလ်မြင့်ထွန်း အမည်ပေါက်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်တင်သွဲ့ဝင်း ၁၂/သဃက(နိုင်) ၀၀၈၈၅၃ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်စိုးမိုး ၁၂/ကမရ(နိုင်) ၀၁၅၈၀၉က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအား စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဇာနည်(LL.B,D.B.L)** | **ဒေါ်အိအိမော်(ခ)အိသဉ္ဇာအောင်(LL.B)** |
| **(စဥ်-၁၄၆၆၈)** | **(စဥ်-၁၈၇၂၆)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ သောက်တော်တွင်းရပ်ကွက်၊ သန်လျင်မြို့၊ ဖုန်း-၀၉-၄၂၀၃၀၀၂၆၂**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 35W/37241, Yunde 110 ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်းလင်း ၁၄/ကခန(နိုင်)၀၈၆၄၅၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟင်္သာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1I/4104, Toyota Vitz SCP90, Hatch Back (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြင့်မြင့်စန်း ၁၄/ဟသတ(နိုင်) ၀၆၇၇၈၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 70W/6278, Honda Wave 100 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းလွင် ၁၄/မမန(နိုင်) ၁၉၄၁၉၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ၊ ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 71W/74857, Luojia 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နှင်းရည်ဦး ၁၄/မမန(နိုင်) ၁၈၄၃၀၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်နှင့် ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
## ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများအတွက် သင်တန်းသားသစ်များခေါ်ယူခြင်း

၁။ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းနှင့် အစိုးရ နည်းပညာအထက်တန်းကျောင်းတို့တွင် လျှောက်ထားနိုင်ပါသည်။

**အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများ**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ | ဖွင့်လှစ်မည့်ကျောင်းများ | |
|---|---|---|---|
| ၁။ | ကချင်ပြည်နယ် | (၁) အထက(၂) မိုးညှင်း | |
| ၂။ | ချင်းပြည်နယ် | (၂) အထက(၂) ဟားခါး | |
| ၃။ | စစ်ကိုင်းတိုင်းဒေသကြီး | (၃) အထက (၁)ရွှေဘို | (၄) အထက-အုန်းတော |
| ၄။ | တနင်္သာရီတိုင်းဒေသကြီး | (၅) အထက-အောက်လိပ် | |
| ၅။ | ပဲခူးတိုင်းဒေသကြီး | (၆) အထက-အုန်းနဲ | (၈) အထက- ပဲနွယ်ကုန်း |
| | | (၇) အထက- အေးမြသာယာ | (၉) အထက-သဲကုန်း |
| ၆။ | မကွေးတိုင်းဒေသကြီး | (၁၀) အထက-စကု | (၁၂) အထက(၁)သရက် |
| | | (၁၁) အထက-ပြလို့ | (၁၃) အထက-ငွေးချို |
| ၇။ | မန္တလေးတိုင်းဒေသကြီး | (၁၄) အထက(၁)ပျော်ဘွယ် | (၁၇) အထက-ပလစ(၂)(အမရပူရ) |
| | | (၁၅) အထက-လက်ပံပြား | (၁၈) အထက(ခွဲ)လ-၁ (ပြင်ဦးလွင်) |
| | | (၁၆) အထက-တံတားဦး | |
| ၈။ | မွန်ပြည်နယ် | (၁၉) အထက-ဟံဂံ | (၂၁) အထက(၂) ကျိုက်ထို |
| | | (၂၀) အထက(၁)သထုံ | |
| ၉။ | ရခိုင်ပြည်နယ် | (၂၂) အထက(၃)ကျောက်ဖြူ | |
| ၁၀။ | ရန်ကုန်တိုင်းဒေသကြီး | (၂၃) အထက-စိုက်မွေး | (၂၈) အထက- သုဝဏ္ဏ |
| | | (၂၄) အထက-ညောင်နှစ်ပင် | (၂၉) အထက(၂)သာကေတ |
| | | (၂၅) အထက-ငါးဆူတောင် | (၃၀) အထက-ဖားကူး(သန်လျင်) |
| | | (၂၆) အထက-တိုက်ကြီး | (၃၁) အထက(၆)မြောက်ဥက္ကလာ |
| | | (၂၇) အထက(၄)မင်္ဂလာဒုံ | |
| ၁၁။ | ရှမ်းပြည်နယ်(တောင်) | (၃၂) အထက-ဝမ်ဟတ် | (၃၄) အထက(ခွဲ)လေတပ်(နမ့်စန်-တ) |
| | | (၃၃) အထက(၇)အင်းခေါင်း | (၃၅) အထက-မိုင်းနောင် |
| ၁၂။ | ရှမ်းပြည်နယ်(ရှေ့) | (၃၆) အထက-တပ်တွင်း (မိုင်းယောင်း) | (၃၈) အထက-နားကောင်းမူ (မိုင်းတုံ) |
| | | (၃၇) အထက(ခွဲ)(မိုင်းဆတ်) | (၃၉) အထက-မိုင်းကိုး |
| ၁၃။ | ဧရာဝတီတိုင်းဒေသကြီး | (၄၀) အထက (၁) ဒေးဒရဲ | (၄၃) အထက-ဂုန်နီ |
| | | (၄၁) အထက-ချင်းမြောင် | (၄၄) အထက(၃)မိုင် (လပွတ္တာ) |
| | | (၄၂) အထက(၂)ကျုံပျော် | |
| ၁၄။ | နေပြည်တော် | (၄၅) အထက(၂၀)ပုဗ္ဗသီရိ | (၄၇) အထက-MRTV (တပ်ကုန်း) |
| | | (၄၆) အထက-ပျံချီ | |
| ၁၅။ | **ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ** | | |
| | ပအိုဝ့် | (၄၈) အထက(ခွဲ) ပေါင်လင်း | |
| | ဓနု | (၄၉) အထက-ကျုံး | |
| | နာဂ | (၅၀) အထက-နန်းယွန်း | |

**အစိုးရနည်းပညာအထက်တန်းကျောင်းများ**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ | ဖွင့်လှစ်မည့်ကျောင်းများ | |
|---|---|---|---|
| ၁။ | ကချင်ပြည်နယ် | (၁) အစိုးရနည်းပညာအထက်တန်းကျောင်း(မြစ်ကြီးနား) | (၂) အစိုးရနည်းပညာအထက်တန်းကျောင်း(ပူတာအို) |
| ၂။ | ကယားပြည်နယ် | (၃) အစိုးရနည်းပညာအထက်တန်းကျောင်း(လွိုင်ကော်) | |
| ၃။ | ကရင်ပြည်နယ် | (၄) အစိုးရနည်းပညာအထက်တန်းကျောင်း(ဘားအံ) | |
| ၄။ | စစ်ကိုင်းတိုင်းဒေသကြီး | (၅) အစိုးရနည်းပညာအထက်တန်းကျောင်း(မုံရွာ) | (၇) အစိုးရနည်းပညာအထက်တန်းကျောင်း(ခန္တီး) |
| | | (၆) အစိုးရနည်းပညာအထက်တန်းကျောင်း(ကလေး) | |
| ၅။ | တနင်္သာရီတိုင်းဒေသကြီး | (၈) အစိုးရနည်းပညာအထက်တန်းကျောင်း(မြိတ်) | (၁၀) အစိုးရနည်းပညာအထက်တန်းကျောင်း(ထားဝယ်) |
| | | (၉) အစိုးရနည်းပညာအထက်တန်းကျောင်း(ကော့သောင်း) | |
| ၆။ | ပဲခူးတိုင်းဒေသကြီး | (၁၁) အစိုးရနည်းပညာအထက်တန်းကျောင်း(တောင်ငူ) | (၁၂) အစိုးရနည်းပညာအထက်တန်းကျောင်း(ပြည်) |
| ၇။ | မကွေးတိုင်းဒေသကြီး | (၁၃) အစိုးရနည်းပညာအထက်တန်းကျောင်း(မကွေး) | (၁၄) အစိုးရနည်းပညာအထက်တန်းကျောင်း(ပခုက္ကူ) |
| ၈။ | မန္တလေးတိုင်းဒေသကြီး | (၁၅) အစိုးရနည်းပညာအထက်တန်းကျောင်း(မိတ္ထီလာ) | (၁၇) အစိုးရနည်းပညာအထက်တန်းကျောင်း(မန္တလေး) |
| | | (၁၆) အစိုးရနည်းပညာအထက်တန်းကျောင်း(ကျောက်ဆည်) | (၁၈) အစိုးရနည်းပညာအထက်တန်းကျောင်း(မြင်းခြံ) |
| ၉။ | မွန်ပြည်နယ် | (၁၉) အစိုးရနည်းပညာအထက်တန်းကျောင်း(မော်လမြိုင်) | |
| ၁၀။ | ရခိုင်ပြည်နယ် | (၂၀) အစိုးရနည်းပညာအထက်တန်းကျောင်း(စစ်တွေ) | |
| ၁၁။ | ရန်ကုန်တိုင်းဒေသကြီး | (၂၁) အစိုးရနည်းပညာအထက်တန်းကျောင်း(လက်ခုပ်ကုန်း) | (၂၂) အစိုးရနည်းပညာအထက်တန်းကျောင်း(ရွာမ) |
| ၁၂။ | ရှမ်းပြည်နယ်(တောင်) | (၂၃) အစိုးရနည်းပညာအထက်တန်းကျောင်း(တောင်ကြီး) | (၂၅) အစိုးရနည်းပညာအထက်တန်းကျောင်း(ပင်းပက်) |
| | | (၂၄) အစိုးရနည်းပညာအထက်တန်းကျောင်း(ပင်လုံ) | |
| ၁၃။ | ရှမ်းပြည်နယ်(ရှေ့) | (၂၆) အစိုးရနည်းပညာအထက်တန်းကျောင်း(ကျိုင်းတုံ) | |
| ၁၄။ | ဧရာဝတီတိုင်းဒေသကြီး | (၂၇) အစိုးရနည်းပညာအထက်တန်းကျောင်း(မအူပင်) | (၂၉) အစိုးရနည်းပညာအထက်တန်းကျောင်း(ဟင်္သာတ) |
| | | (၂၈) အစိုးရနည်းပညာအထက်တန်းကျောင်း(ပုသိမ်) | |
| ၁၅။ | နေပြည်တော် | (၃၀) အစိုးရနည်းပညာအထက်တန်းကျောင်း(နေပြည်တော်) | |
| ၁၆။ | နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ | (၃၁) အစိုးရနည်းပညာအထက်တန်းကျောင်း(လဟယ်) | |

အောက်ဖော်ပြပါ သင်တန်းသားသစ်များ ခေါ်ယူမည် ဖြစ်ပါသည်-

၂။ လျှောက်ထားသူသည်
(က) နည်းပညာနှင့် သက်မွေးပညာလုပ်ငန်းသဘာဝအရ ကျန်းမာရေးကောင်းမွန်သူဖြစ်ပြီး လက်တွေ့လုပ်ငန်းနှင့် စက်ရုံ/ ကုမ္ပဏီများသို့ ကွင်းဆင်းဆောင်ရွက်နိုင်သူဖြစ်ရမည်။
(ခ) ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် အခြေခံပညာ အလယ်တန်းအဆင့် (Grade 9) အောင်မြင်သူ ဖြစ်ရမည်။
(ဂ) ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် အခြေခံပညာ အလယ်တန်းအဆင့် (Grade 9) အောင်မြင်သူ ဖြစ်ရမည်။
(ဃ) ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် အခြေခံပညာ Grade 10 အောင်မြင်သူများ (သို့မဟုတ်) ကျရှုံးသူများ (သို့မဟုတ်) ရပ်နားထားသူများ ဖြစ်ရမည်။

၃။ သင်တန်းသားရွေးချယ်ရာတွင် အပိုဒ်(၂) (ခ)၊ (ဂ)၊ (ဃ)ပါ အစီအစဉ်အလိုက် သတ်မှတ်ဦးရေပေါ်မူတည်၍ ဦးစားပေးရွေးချယ်သွားမည်ဖြစ်သည်။

၄။ (၃)နှစ်သင်တန်းတွင် အဆင့်မီဖြင့်အောင်မြင်ပါက A.G.T.I ပထမနှစ်သင်တန်းသို့လည်းကောင်း၊ အထူးအောင်ဖြင့်အောင်မြင်ပါက B.Tech ပထမနှစ်သင်တန်းနှင့် BE ပထမနှစ်သင်တန်းသို့လည်းကောင်း သက်ဆိုင်ရာကျောင်းများ၏ ဝင်ခွင့်ရွေးချယ်ရေးမူများအတိုင်း လျှောက်ထားနိုင်မည်ဖြစ်ပါသည်။

၅။ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများသို့ တက်ရောက်ခွင့်ရရှိသော ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်မည်ဖြစ်ပြီး သင်ကြားသင်ယူမှုအတွက် လိုအပ်သည့် ပုံနှိပ်စာအုပ်များနှင့် စာရေးကိရိယာများ ပေးအပ်မည့်အစီအစဉ်ရှိပါသည်။

**ဖွင့်လှစ်မည့် သင်တန်းများ**

၆။ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများနှင့် ခရိုင်တူ အစိုးရနည်းပညာအထက်တန်းကျောင်းများတွင် အောက်ပါသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးပါမည်-
(က) အဆောက်အဦနည်းပညာသင်တန်း (Building Technology)
(ခ) လျှပ်စစ်နည်းပညာသင်တန်း (Electrical Technology)
(ဂ) စက်ပစ္စည်းအစိတ်အပိုင်းများ ထုတ်လုပ်ခြင်းနည်းပညာသင်တန်း (Machining Technology)

၇။ အစိုးရနည်းပညာအထက်တန်းကျောင်းများတွင် အောက်ပါသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးပါမည်-
(က) အဆောက်အဦနည်းပညာသင်တန်း (Building Technology)
(ခ) အီလက်ထရောနစ်နည်းပညာသင်တန်း (Electronics Technology)
(ဂ) လျှပ်စစ်နည်းပညာသင်တန်း (Electrical Technology)
(ဃ) မော်တော်ယာဉ်နည်းပညာသင်တန်း (Automotive Technology)
(င) စက်ပစ္စည်းအစိတ်အပိုင်းများ ထုတ်လုပ်ခြင်းနည်းပညာသင်တန်း (Machining Technology)
(စ) အဆောက်အဦပြုပြင်ထိန်းသိမ်းမှု နည်းပညာသင်တန်း (Building Service Technology)
(ဆ) သတ္တုပစ္စည်းထုတ်လုပ်မှု နည်းပညာသင်တန်း (Metal Process Technology)
(ဇ) သုတနည်းပညာသင်တန်း (Information Technology)

၈။ ကျောင်းဝင်ခွင့်လျှောက်လွှာများကို အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများတွင် ၁၆-၅-၂၀၂၅ ရက်မှ စတင်ထုတ်ယူနိုင်ပြီး ၂၂-၅-၂၀၂၅ ရက် နောက်ဆုံးထား၍ မိမိတို့တက်ရောက်လိုသည့်ကျောင်းများသို့ လျှောက်လွှာတင်သွင်းရမည်ဖြစ်သည်။

၉။ အသေးစိတ်သိရှိလိုပါက အပိုဒ်(၁)ပါ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများ၊ အစိုးရနည်းပညာအထက်တန်းကျောင်းများနှင့် သင်တန်းရေးရာဌာနခွဲ၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန (ရုံးချုပ်)၊ ၀၆၇- ၃၄၀၄၃၉၀၊ ၀၆၇-၃၄၀၄၁၈၂ သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## ၂၀၂၅-၂၀၂၆ ပညာသင်နှစ်
## အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများအတွက် သင်တန်းသားသစ်များခေါ်ယူခြင်း

၁။ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း တို့တွင် လျှောက်ထားနိုင်ပါသည်။

**အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများ**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ | ဖွင့်လှစ်မည့်ကျောင်းများ | |
|---|---|---|---|
| ၁။ | ကချင်ပြည်နယ် | (၁) အထက(၂) မိုးညှင်း | (၃) အထက-ဒုတ္တန် |
| | | (၂) အထက(၁)ဝိုင်းမော် | |
| ၂။ | ကယားပြည်နယ် | (၄) အထက-ချီကယ် | |
| ၃။ | ကရင်ပြည်နယ် | (၅) အထက-ဒုံရင်း | |
| ၄။ | ချင်းပြည်နယ် | (၆) အထက(၂) ဟားခါး | |
| ၅။ | စစ်ကိုင်းတိုင်းဒေသကြီး | (၇) အထက (၁)ရွှေဘို | (၉) အထက-အုန်းတော |
| | | (၈) အထက (၂) အလုံ | |
| ၆။ | တနင်္သာရီတိုင်းဒေသကြီး | (၁၀) အထက(၄)ထားဝယ် | (၁၂) အထက(၂)ကော့သောင်း |
| | | (၁၁) အထက-သမုတ် | (၁၃) အထက-အောက်လိပ် |
| ၇။ | ပဲခူးတိုင်းဒေသကြီး | (၁၄) အထက-အုန်းနှဲ | (၁၇) အထက-အေးမြသာယာ |
| | | (၁၅) အထက-ညောင်ခြေထောက် | (၁၈) အထက-ရွှေတောင် |
| | | (၁၆) အထက-ပဲနွယ်ကုန်း | (၁၉) အထက-သဲကုန်း |
| ၈။ | မကွေးတိုင်းဒေသကြီး | (၂၀) အထက-စကု | (၂၃) အထက(၁)သရက် |
| | | (၂၁) အထက-ပြလို့ | (၂၄) အထက-ငွေးချို |
| | | (၂၂) အထက-မြေပြင်သာ | (၂၅) အထက(၃) ပခုက္ကူ |
| ၉။ | မန္တလေးတိုင်းဒေသကြီး | (၂၆) အထက(၁)ပျော်ဘွယ် | (၃၁) အထက-ပလစ(၂)(အမရပူရ) |
| | | (၂၇) အထက(၆) မိတ္ထီလာ | (၃၂) အထက-တံတားဦး |
| | | (၂၈) အထက-လက်ပံပြား | (၃၃) အထက(၃)မြင်းခြံ |
| | | (၂၉) အထက-မြစ်သား | (၃၄) အထက(ခွဲ)လ-၁ (ပြင်ဦးလွင်) |
| | | (၃၀) အထက(၂၇) ပြည်ကြီးတံခွန် | |
| ၁၀။ | မွန်ပြည်နယ် | (၃၅) အထက-ဟံဂံ | (၃၇) အထက(၂) ကျိုက်ထို |
| | | (၃၆) အထက(၁)သထုံ | (၃၈) အထက-ရွာလွတ် (ချောင်းဆုံ) |
| ၁၁။ | ရခိုင်ပြည်နယ် | (၃၉) အထက(၁)စစ်တွေ | (၄၀) အထက(၃)ကျောက်ဖြူ |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | (၄၁) အထက-စိုက်မွေး | (၄၇) အထက(၄) မင်္ဂလာဒုံ |
| | | (၄၂) အထက-သဝန်းတော | (၄၈) အထက-သုဝဏ္ဏ |
| | | (၄၃) အထက-ညောင်နှစ်ပင် | (၄၉) အထက(၂) သာကေတ |
| | | (၄၄) အထက-ငါးဆူတောင် | (၅၀) အထက-ဖားကူး (သန်လျင်) |
| | | (၄၅) အထက(၇) အင်းစိန် | (၅၁) အထက(၆)မြောက်ဥက္ကလာ |
| | | (၄၆) အထက-တိုက်ကြီး | |
| ၁၃။ | ရှမ်းပြည်နယ်(တောင်) | (၅၂) အထက(၁)အေးသာယာ | (၅၅) အထက(၇) အင်းခေါင်း |
| | | (၅၃) အထက(ခွဲ)လေတပ်(နမ့်စန်-တ) | (၅၆) အထက(၁)ပင်လုံ |
| | | (၅၄) အထက-ဝမ်ဟတ် | (၅၇) အထက-မိုင်းနောင် |
| ၁၄။ | ရှမ်းပြည်နယ်(ရှေ့) | (၅၈) အထက-ဝမ်အွယ် | (၆၁) အထက-နားကောင်းမူ (မိုင်းတုံ) |
| | | (၅၉) အထက-တပ်တွင်း (မိုင်းယောင်း) | (၆၂) အထက-မိုင်းကိုး |
| | | (၆၀) အထက(ခွဲ) (မိုင်းဆတ်) | |
| ၁၅။ | ဧရာဝတီတိုင်းဒေသကြီး | (၆၃) အထက(၁)ဒေးဒရဲ | (၆၇) အထက(၂)ကျုံပျော် |
| | | (၆၄) အထက-စကြော့ | (၆၈) အထက-နတ်မော် (ဟင်္သာတ) |
| | | (၆၅) အထက-ကန်ကြီးထောင့် | (၆၉) အထက-ဂုန်နီ |
| | | (၆၆) အထက-ချင်းမြောင် | (၇၀) အထက (၃)မိုင် (လပွတ္တာ) |
| ၁၆။ | နေပြည်တော် | (၇၁) အထက(၂၀)ပုဗ္ဗသီရိ | (၇၃) အထက-ပျံချီ |
| | | (၇၂) အထက(၁) ပျဉ်းမနား | (၇၄) အထက-MRTV(တပ်ကုန်း) |
| ၁၇။ | **ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ** | | |
| | ပအိုဝ့် | (၇၅) အထက(ခွဲ) ပေါင်လင်း | |
| | ဓနု | (၇၆) အထက-ကျုံး | |
| | နာဂ | (၇၇) အထက-နန်းယွန်း | (၇၈) အထက-လဟယ် |

အောက်ဖော်ပြပါ သင်တန်းသားသစ်များ ခေါ်ယူမည်ဖြစ်ပါသည်-

၂။ လျှောက်ထားသူသည်

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးပညာရပ်များ၏ လက်တွေ့လုပ်ငန်းများအား ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(ခ) ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် အခြေခံပညာ အလယ်တန်းအဆင့် (Grade 9) အောင်မြင်သူ ဖြစ်ရမည်။

(ဂ) ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် အခြေခံပညာ အလယ်တန်းအဆင့် (Grade 9) အောင်မြင်သူ ဖြစ်ရမည်။

(ဃ) ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် အခြေခံပညာ Grade 10 အောင်မြင်သူများ (သို့မဟုတ်) ကျရှုံးသူများ (သို့မဟုတ်) ရပ်နားထားသူများ ဖြစ်ရမည်။

၃။ သင်တန်းသားရွေးချယ်ရာတွင် အပိုဒ်(၂) (ခ)၊ (ဂ)၊ (ဃ)ပါ အစီအစဉ်အလိုက် သတ်မှတ်ဦးရေပေါ် မူတည်၍ ဦးစားပေး ရွေးချယ်သွားမည်ဖြစ်သည်။

၄။ စိုက်ပျိုးရေးအတတ်ပညာ (၃)နှစ်သင်တန်းတွင် အဆင့်မီဖြင့် အောင်မြင်ပါက စိုက်ပျိုးရေးနှင့်မွေးမြူရေး သိပ္ပံ/အစိုးရစက်မှုလက်မှုသိပ္ပံ (Farm Machinery) ပထမနှစ်သင်တန်းများသို့ လည်းကောင်း၊ အထူးအောင်ဖြင့်အောင်မြင်ပါက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပထမနှစ်သင်တန်းသို့လည်းကောင်း၊ မွေးမြူရေးအတတ်ပညာ (၃)နှစ်သင်တန်းတွင် အဆင့်မီဖြင့်အောင်မြင်ပါက စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ/ ငါးလုပ်ငန်းသိပ္ပံကျောင်းများ၏ ပထမနှစ်သင်တန်းသို့လည်းကောင်း၊ အထူးအောင်ဖြင့် အောင်မြင်ပါက မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ပထမနှစ်သင်တန်းသို့လည်းကောင်း သက်ဆိုင်ရာကျောင်းများ၏ ဝင်ခွင့်ရွေးချယ်ရေးမူများအတိုင်း လျှောက်ထားနိုင်မည်ဖြစ်ပါသည်။

၅။ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများသို့ တက်ရောက်ခွင့်ရရှိသော ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်မည်ဖြစ်ပြီး သင်ကြားသင်ယူမှုအတွက် လိုအပ်သည့် ပုံနှိပ် စာအုပ်များ ပေးအပ်မည့် အစီအစဉ်ရှိပါသည်။

**ဖွင့်လှစ်မည့်သင်တန်းများ**

၆။ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများတွင် အောက်ပါသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးပါမည်-

(က) စိုက်ပျိုးရေးသင်တန်း

(ခ) မွေးမြူရေးသင်တန်း

၇။ ကျောင်းဝင်ခွင့်လျှောက်လွှာများကို အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများတွင် ၁၆-၅-၂၀၂၅ ရက်မှ စတင်ထုတ်ယူနိုင်ပြီး ၂၂-၅-၂၀၂၅ ရက် နောက်ဆုံးထား၍ မိမိတို့တက်ရောက်လိုသည့် ကျောင်းများသို့ လျှောက်လွှာတင်သွင်းရမည်ဖြစ်သည်။

၈။ အသေးစိတ်သိရှိလိုပါက အပိုဒ်(၁)ပါ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများ၊ တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံးများ၊ ဝန်ထမ်းလေ့ကျင့်ရေးသင်တန်းကျောင်းနှင့် စိုက်ပျိုးရေး သိပ္ပံဌာနခွဲ၊ စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်)၊ ၀၆၇-၃၄၁၀၂၉၆ သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

---

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ကျန်စစ်သားရပ်ကွက်၊ ငထွေးရူးလမ်း၊ မြေတိုင်းရပ်ကွက် အမှတ်(၄)၊ မြေကွက်အမှတ်(၂၅၇၇)၊ အကျယ် (၂၅x၅၀)ပေရှိ ဦးတင်ဆန်း အမည်ပေါက်သည့် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူ၍ တရားဝင်လက်ဝယ်ထား ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဝေဝေပြုံး ၁၂/ဒလန(နိုင်)၀၃၃၅၃၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရာ ရောင်းဖိုးစရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်၍ ဆိုင်ရေးဆိုင်ခွင့် ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ပြီးပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ တရားဝင်ဖြစ်စေရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်နိုင်ထူး စဉ်(၁၃၅၇၅)**
**LL.B., WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၅၀)၊ မြေညီထပ်၊ (၃၉)လမ်းအောက်၊ (၈)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်**
**ဖုန်း-၀၉-၄၂၀၀၈၈၉၇၀**

---

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ကျန်စစ်သားရပ်ကွက်၊ နဝဒေးလမ်း၊ မြေတိုင်းရပ်ကွက် အမှတ်(၄)၊ မြေကွက်အမှတ်(၂၉၅၁ + ၂၉၅၂)၊ အကျယ် (၅၀ x ၅၀)ပေရှိ ဒေါ်ခင်မျိုးဝင်း အမည်ပေါက်သည့် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်အရပ်ကတိ စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူ၍ တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးမင်းကိုကို ၉/အမဇ(နိုင်)၀၀၉၄၄၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရာ ရောင်းဖိုးစရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း)များဖြင့် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ပြီးပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ တရားဝင်ဖြစ်စေရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်နိုင်ထူး စဉ်(၁၃၅၇၅)**
**LL.B., WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၅၀)၊ မြေညီထပ်၊ (၃၉)လမ်းအောက်၊ ကျောက်တံတားမြို့နယ်**
**ဖုန်း-၀၉-၄၂၀၀၈၈၉၇၀**

---

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ အောင်ဇမ္ဗူရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/အောင်ဇမ္ဗူ မြေကွက်အမှတ်(၂၃၈)၊ ရေိယာ ၀ ဒသမ ၀၅၁ဧကရှိ ဦးယီရွှင်လင့် (ဘ) ဦးယီရွှင်လန့် ၁၃/နခန(နိုင်)၀၄၁၉၆၉ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူမှ မြေငှားစာချုပ်၊ နိုင်ငံသား စိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဦးဇွန်သန့် (ဘ) ဦးစောခူ ၁၂/ဒလန(နိုင်)၀၄၇၈၀၇နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထား လာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက် သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ညောင်ပင်ကြီးစုကွက်သစ်၊ မြေတိုင်း ရပ်ကွက်အမှတ် ၁၆/ညောင်ပင်ကြီးစုရပ်၊ မြေဧရိယာ ၀ ဒသမ ၀၈၂ဧကရှိ မြေကွက်အမှတ်(ပ-၂၉၃)ကို အမည်ပေါက် ဒေါ်တင်တင်မာ (ဘ) ဦးတင်မောင် ၉/ပမန(နိုင်)၁၇၀၁၇၇မှ ဦးအောင်ချိုမြတ် (ဘ) ဦးငွေးဝင်း ၉/ကပတ(နိုင်) ၁၈၉၈၉၂ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ ၁၅ ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

### အများသိစေရန်အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ပြင်ဦးလွင်မြို့၊ အောင်ချမ်းသာကျေးရွာအုပ်စု၊ မြတ်မင်္ဂလာကွက်သစ်၊ အမှတ် (၁၄၁)နေသူ ဒေါ်လွင်လွင်ပြုံး (ဘ) ဦးမောင်လှိုင် ၉/ပဥလ(နိုင်)၀၂၆၇၁၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိ စေရန် အသိပေး ကြေညာအပ်ပါသည်-

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ အောင်ချမ်းသာ ကျေးရွာအုပ်စု၊ မြတ်မင်္ဂလာကွက်သစ်၊ ကွင်းအမှတ် (၆၅၆-က)၊ အကွက်အမှတ် (၆၈)၊ ဒုတိယဗိုလ်မှူးကြီးတင်ထွန်း(ငြိမ်း) အမည်ပေါက်ရရှိထားသည့် မြေအကျယ်အဝန်း (၈၀x၈၀)ပေ၊ အရှေ့လားသော်-လမ်းသွယ်၊ အနောက်လားသော်-အကွက်အမှတ် (၆၇)၊ တောင်လားသော်-အကွက်အမှတ် (၆၉)၊ မြောက်လားသော်-လမ်းမကြီးအနားလေးရပ်အတွင်းရှိမြေအား ဒုတိယဗိုလ်မှူးကြီးတင်ထွန်း(ငြိမ်း) အမည်ပေါက်ရရှိထားသည့်မြေဖြစ်ကြောင်း၊ ၎င်းမှရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်လွင်လွင်ပြုံးမှ အဆိုပါ မြေကွက်အား အပြီးအပိုင်ဝယ်ယူရန် ရောင်းကြေးစရန်ငွေကျပ် တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ဆိုင်ကြောင်း ပြောဆိုကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| လွှဲအပ်သူ- | လွှဲအပ်ချက်အရ- |
|---|---|
| ဒေါ်လွင်လွင်ပြုံး | ဒေါ်နော်ဆာဝါးထူး ( LL.B) (D.I.L) |
| ၉/ပဥလ(နိုင်)၀၂၆၇၁၃ | တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၈၁၅) |
| | ယုဇနလမ်းနှင့်ပြည်သာယာလမ်းထောင့် |
| | ရပ်ကွက်ကြီး(၈)၊ ပြင်ဦးလွင်မြို့၊ |
| | ဖုန်း-၀၉-၄၀၂၅၁၀၈၁၈ |

---

### တစ်ဦးတည်းဖြစ်ပါကြောင်း

ဒေါ်ချောစုခင် ၁/မကန(နိုင်) ၂၉၅၈၄၁၏ ဖခင်ဦးတင်အောင်နှင့် ဦးသိန်းအောင်သည် အမည်(၂)မျိုး ကွဲပြားနေသော်လည်း လူပုဂ္ဂိုလ် တစ်ဦးတည်း ဖြစ်ပါကြောင်း။

### တစ်ဦးတည်းဖြစ်ပါကြောင်း

မြစ်ကြီးနားမြို့နေ ဒေါ်ဆိုင်းဂျာ ၁/မကတ(နိုင်)၁၂၃၁၈၆ ၏ ဖခင် ဦးဆွမ်ခါတူးဂျာ(ခ)ဂွမ်ဂျာနှင့် ဦးဂွမ်ဂျာသည် အမည်(၂)မျိုး ကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ် တစ်ဦးတည်းဖြစ်ပါကြောင်း။

### တစ်ဦးတည်းဖြစ်ပါကြောင်း

ဝိုင်းမော်မြို့နေ ဦးဆယော်ခေါင်လွမ်း ၁/ဝမန(နိုင်)၀၉၁၀၀၁၏ ဖခင် ဦးဆယော်ဟောင်းခေါင်နှင့် ဦးဟောင်းခေါင်သည် အမည်(၂) မျိုးကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း။

### ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(၀-၁၀)၊ ဦးပိုင်အမှတ်(၆၆)၊ ၁၁၅လမ်း၊ ၆၄(A) x ၆၄(B) လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးလှစိုးကွယ်လွန်၍ အမွေဆက်ခံ စာချုပ်အမှတ် (၂၈၀၁/၂၀၀၉)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်ခင်ဝင်း၏ (GPရရှိသူ ဦးအောင်ခိုင်မိုး (ခ) အောင်လှိုင်ထွန်း) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် အမှတ် (၅၄၅၂/၂၀၁၁)ဖြင့် ဝယ်ယူခဲ့သူ ဦးကြာမြင့် ၈/ဆမန(နိုင်) ၀၀၈၀၃၇က တောဂရန်စာချုပ်နှင့် အတူ အမှုတွဲအမှတ်(၀၀၁၃/၂၀၂၅-၂၀၂၆) ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန၊ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနတွင် အသုံးပြုရန် လိုအပ်သော Gas Cylinder for Pedicides Analysis Laboratory, Gas Cylinder for Argon Gas, Preventive Maintenance for Gas Chromatography Mass– Detector, Preventive Maintenance for Gas Chromatography Flame Lonization Detector, Preventive Maintenance for High Performance Liquid Chromatography & Battery for Gas Chromatography & High Performance Liquid Chromatography များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** – ၁၆–၅–၂၀၂၅ ရက်မှ ၂၉–၅–၂၀၂၅ရက်အထိ (ရုံးချိန်အတွင်း)

၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** – စိုက်ပျိုးရေးဦးစီးဌာန၊ ထောက်ပံ့ဖြည့်တင်းရေးဌာနခွဲ၊ ရုံးအမှတ်(၄၃)၊နေပြည်တော်

၄။ **တင်ဒါလျှောက်လွှာပိတ်ရက်** – ၃၀–၅–၂၀၂၅ရက်၊ (၁၃:၀၀)နာရီ

၅။ အသေးစိတ်သိရှိလိုပါက စိုက်ပျိုးရေးဦးစီးဌာန(ထောက်ပံ့ဖြည့်တင်းရေးဌာနခွဲ)၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍လည်းကောင်း၊ ဖုန်း–၀၆၇–၃၄၁၀၂၁၀၊ ၀၆၇–၃၄၁၀၅၁၈၊ ၀၉–၄၂၀၇၀၁၀၂၇ တို့သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**စိုက်ပျိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂)ရပ်ကွက်၊ အိမ်အမှတ်(၈၆၁)၊ ဒဂုံရွှေမှူး(၂)လမ်း၊ အလျား ၂၅ပေxအနံ ပေ၆၀ရှိ အိမ်နှင့်ခြံမြေအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်အုံးရီ ၁၂/ဥကမ(နိုင်)၁၀၀၆၅၇ထံမှ ကျွန်မ ဒေါ်ငုဝါခိုင် ၁၂/ဥကတ(နိုင်)၁၅၂၇၅၂မှ အပြီးအပိုင်ဝယ်ယူ၍ စရန်ငွေပေးချေထားပြီးဖြစ်ရာ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစွာဖြင့် သတင်းစာကြော်ငြာပါသည့်ရက်မှစ၍(၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်ငုဝါခိုင် ဖုန်း–၀၉–၇၄၀၈၁၀၇၈၈
၁၂/ဥကတ(နိုင်)၁၅၂၇၅၂

## အကြင်လင်မယားအဖြစ်မှကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်ကြေညာခြင်း

ကျိုက်လတ်မြို့၊ အမှတ်(၃)ရပ်ကွက်၊ (၆x၇) ဦးပြုံးချိုလမ်းနေ(ဘ)ဦးတင်ဝင်း၏ သမီးဖြစ်သူ ဒေါ်ဆုဝေမွန် ၁၄/ကလန(နိုင်)၁၀၅၅၀၉ ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

ဦးသော်ဇင်ဦးနှင့် ကျွန်ုပ်မိတ်ဆွေဒေါ်ဆုဝေမွန်တို့သည်တစ်ဦးနှင့်တစ်ဦး ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိကြတော့သဖြင့် ၁၈–၄–၂၀၂၅ ရက်တွင် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်ကို မိမိတို့၏လွတ်လပ်သောသဘောဆန္ဒအရ အသိသက်သေများဖြင့် ပြုလုပ်ချုပ်ဆိုခဲ့ကြပြီး ဖြစ်ပါသည်။ ဦးသော်ဇင်ဦးနှင့် ကျွန်ုပ်မိတ်ဆွေဒေါ်ဆုဝေမွန်တို့သည် နောက်နောင်တွင် တစ်ဦးနှင့်တစ်ဦးမည်သို့မျှ ဆက်စပ်သက်ဆိုင်ခြင်း အလျှင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးမျိုးနိုင်(LL,B)၊ တရားလွှတ်တော်ရှေ့နေ(စဉ်–၈၄၈၆)**
**အမှတ်(၈၅)၊ ခိုင်သော်တာလမ်း၊ (၆)ရပ်ကွက်၊ မအူပင်မြို့**

## သားအဖြစ်မှ စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၂၀)ရပ်ကွက်၊ ဗိုလ်ရန်နိုင်လမ်း၊ အမှတ်(၁၄၀၂/ခ)နေ ဦးထွန်းထွန်းနိုင် ၇/အဖန(နိုင်)၀၃၃၇၈၆ နှင့် ဒေါ်မြင့်မြင့်ဌေး ၁၂/အလန(နိုင်)၀၄၂၁၉၀ တို့၏ သားကြီးဖြစ်သူ မောင်ဘုန်းမြတ်နိုင် ၁၂/လသယ(နိုင်)၁၂၂၅၃၀ သည် မိဘတို့၏ဆိုဆုံးမမှုကို နာခံမှုမရှိဘဲ ခွင့်မလွှတ်နိုင်သော အပြုအမူများအားပြုလုပ်ကာ နေအိမ်မှထွက်ခွာသွားသဖြင့် သားအဖြစ်မှ စွန့်လွှတ်ကြောင်းနှင့် နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဖခင်–ဦးထွန်းထွန်းနိုင်၊ မိခင်–ဒေါ်မြင့်မြင့်ဌေးတို့၏လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဇော်မင်းထွဋ်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၉၂၅/၁၃–၁၁–၂၀၁၈)**
**အမှတ် – ၉၆/၉၈၊ 5 – B၊ ဂန္ဓမာကံမြင့်ကွန်ဒို၊ ၃၇ – လမ်း၊ မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းကြား၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း – ၄၃၁၆၁၉၇၆**

## သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်နေ ဦးပေါက်စ (ဘ) ဦးဘသောင်း ၉/မနမ(နိုင်)၀၉၉၉၉၆၂ နှင့် ဒေါ်အေးရွှေ (ဘ) ဦးအိုက်တင် ၁/ဝမန(နိုင်)၀၃၄၂၃၁ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်နေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးပေါက်စ–ဒေါ်အေးရွှေတို့၏ သားဖြစ်သူ မောင်ပြည့်ဖြိုးကျော် ၉/ပကခ(နိုင်)၀၅၉၄၄၂ သည် မိဘများ၏ ဆိုဆုံးမမှုကို နားမထောင်ဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်သည့်အပြင် မိမိသဘောဆန္ဒအရ နေအိမ်ပေါ်မှ ဆင်းသွားသည့်အတွက် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်သူဇာဝင်း(LL.B) အထက်တန်းရှေ့နေ**
**စဉ် – ၅၄၈၂၁ (၉–၂–၂၀၂၂)**
**အမှတ်(၆၄/B)၊ ၁၀၃ x ၁၀၃(A)ကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ဖုန်း–၀၉ – ၇၇၆ ၉၁၄ ၄၇၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရှမ်းပြည်နယ်တောင်ပိုင်း၊ ရွှေညောင်မြို့၊ အောင်သပြေရပ်ကွက်(၉)၊ ကွင်းအမှတ်– ၈၀၈(ကမ္ဘာလုံးမြောက်ပိုင်းကွင်း၊ ဦးပိုင်အမှတ် – ၁၈)၊ (မြို့မြေ) ခွဲစိတ်အကျယ်အဝန်း(၄၀x၆၀) ကိုယ်ပိုင်သတ်မှတ်ချက်မြေကွက်အမှတ် – ၆၄ မြေကွက်အပါအဝင် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အား အရှုပ်အရှင်းကင်းကြောင်းနှင့် ဥပဒေလုပ်ထုံးလုပ်နည်းများအရ ရောင်းချခွင့်ရှိသူ ဒေါ်တင်စိုးခိုင် ၁၃/တကန(နိုင်)၃၁၅၃၄၂ ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်လဲ့လဲ့ဝါ ၁၂/ဥကမ(နိုင်)၁၂၇၂၀၈ က ဝယ်ယူရန်အတွက် ၁၀–၅–၂၀၂၅ ရက်စွဲပါနှစ်ဦးသဘောတူ မြေကွက်အရောင်းအဝယ်စရန်ငွေပေး ကတိစာချုပ်ဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားခဲ့ပြီးဖြစ်ပါသည်။ ယခုအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ဖြစ်စေ ကျွန်ုပ်မိတ်ဆွေထံသို့ဖြစ်စေ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ဤသတင်းစာကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု တစ်စုံတစ်ရာမရှိပါက ဤအရောင်းအဝယ်အား ဥပဒေလုပ်ထုံးလုပ်နည်းများအတိုင်း ပြီးဆုံးအောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မို့မို့ဇင်ကို(LLB, D.B.L, D.I.L, DM.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၈၅၅၇)**
**တိုက်အမှတ် – ၉/၁၁၊ အခန်းအမှတ် – ၀၀၄၊ (မြေညီထပ်)၊ ၃၆လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း – ၀၉–၅၁၄၅၆၃၀၊ ၀၉–၉၇၇၆၇၂၇၅၇၊ ၀၉–၇၅၆၂၁၅၃၃၀**

## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၅/က်ဘုံ၊ မြေကွက်အမှတ်- ၁/က-A-4၊ ဧရိယာ- ၀. ၀၇၆ ဧက ရှိ မြေပိုင်မြေ (လ/န ၃ (ခ) ရပြီး) မြေကွက်နှင့် ယင်းမြေကွက်ပေါ်၌ ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၆) ရပ်ကွက်၊ ဘုတာရုံလမ်း၊ အမှတ်- ၃၃ ဟုခေါ်တွင်သည့် ရေ မီး အစုံ (၁ဘို) ထပ် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန၌ အမည်ပေါက်၍ တရားဝင်လက်ရှိလုံးဝပိုင်ဆိုင်သူများဖြစ်သော ဦးအောင်ဘုန်းပြည့် (၁၂/လသန (နိုင်) ၀၂၁၃၆၉)၊ ဦးချမ်းမြေ့အောင် (၁၂/ကတတ (နိုင်) ၀၃၁၁၆၆) နှင့် ဒေါ်စန္ဒာလှိုင် (၁၂/ကတတ (နိုင်) ၀၂၇၇၈၂) တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက မြေနှင့်အိမ်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော အထောက်အထား၊ မူရင်းစာချုပ်စာတမ်းများနှင့်တကွ ယနေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဝယ်ယူသူများ၏ ညွှန်ကြားချက်အရ
**ဒေါ်ခင်ချောသူ (LL.B., LL.M., M.Res.)**
တရားလွှတ်တော်ရှေ့နေ (စဉ်- ၉၈၀၂)
အမှတ်- ၁၅/F၊ ဓမ္မစေတီလမ်းနှင့် မဟာဘောဂလမ်းထောင့်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၇၈၈၉၉၉၈၀၆၊ ၀၉-၂၅၃၀၉၉၁၃၅။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဆပ်သွားတောကျေးရွာအုပ်စု၊ ညောင်နှစ်ပင်လမ်း၊ ကွင်းအမှတ်(၅၁၈)၊(ဆပ်သွားတောအရှေ့)ဦးပိုင်အမှတ်၈/၁၊ မြေမျိုးနှုန်း(စ)၊ ပြေစာအမည်ပေါက် ဦးကျော်ဝင်း အကျယ်အဝန်း ဧရိယာ(၅ ဒသမ ၅)ကေအနက်မှ အကျယ်အဝန်း(၄၀x၆၀)ပေ ကိုယ်ပိုင်သတ်မှတ်ချက်(C–၁၄) မြေကွက်အပါအဝင် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့် အရပ်ရပ်အား အရှုပ်အရှင်းကင်းကြောင်းနှင့် ဥပဒေလုပ်ထုံးလုပ်နည်းများအရ ရောင်းချခွင့်ရှိသူ ဒေါ်စန်းသန်းဝေ ၁၂/အစန(နိုင်)၁၈၂၃၁၆ ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်လဲ့လဲ့ဝါ ၁၂/ဥကမ(နိုင်)၁၂၇၂၀၈ က ဝယ်ယူရန်အတွက် ၁၀–၅–၂၀၂၅ ရက်စွဲပါ နှစ်ဦးသဘောတူခြံမြေကွက် အရောင်းအဝယ်စရန်ပေး ကတိစာချုပ်ဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားခဲ့ပြီးဖြစ်ပါသည်။ ယခုအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ဖြစ်စေ ကျွန်ုပ်မိတ်ဆွေထံသို့ဖြစ်စေ စာရွက်စာတမ်းအထောက်အထား မူရင်းများဖြင့် ဤသတင်းစာကြေညာပါသည့် ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက ဤအရောင်းအဝယ်အား ဥပဒေလုပ်ထုံးလုပ်နည်းများအတိုင်း ပြီးဆုံးအောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မို့မို့ဇင်ကို (LLB, D.B.L, D.I.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၈၅၅၇)**
**တိုက်အမှတ် – ၉/၁၁၊ အခန်းအမှတ်–၀၀၄၊ (မြေညီထပ်)၊ ၃၆လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း – ၀၉–၅၁၄၅၆၃၀၊ ၀၉–၉၇၇၆၇၂၇၅၇၊ ၀၉–၇၅၆၂၁၅၃၃၀**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်၊ သရက်ခြံ(၃)လမ်း၊ အမှတ်(၃၅၁)၊ ရင်ခွဲတိုက်၊ အခန်းအမှတ်(၄) (၄)လွှာ၊ တိုက်မျက်နှာမူလျှင်(ညာဘက်ခြမ်း)၊အလျား (၅၀)ပေ၊ အနံ(၁၇)ပေရှိလူနေတိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ကြည်ကြည်သင်း ၁၂/အစန(နိုင်)၁၇၉၆၄၀ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးဝေဇင်ဦး ၁၄/ဘကလ(နိုင်)၁၈၅၁၄၄ မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ရာ ဤအရောင်းအဝယ်ကိုကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစွာဖြင့် သတင်းစာကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည် သတ်မှတ်ရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သစ်သစ်၊ အထက်တန်းရှေ့နေ(စဉ်–၄၄၇၁၇)**
**အမှတ်(၃၂၈)၊ သရက်ခြံ(၁)လမ်း၊ ပိန္နဲကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း–၀၉–၇၅၅၁၈၉၇၅၅၊ ၀၉–၇၅၅၄၆၈၇၅၅**

## အမည်ပြောင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ် (ဘ)ဦးနန်းဝင်း ၅/ခဥတ(နိုင်)၀၆၄၂၇၈ – (မိ)ဒေါ်သီတာလှိုင် ၁၂/သဃက(နိုင်)၁၅၂၀၆၃၏သား မောင်မင်းသိဒ္ဓိအား မောင်ဘုန်းဟိန်းထက် ဟု ပြောင်းလဲခေါ်ပါရန်။

## ဖခင်အမည်မှန်

ဟိုပုံးမြို့၊ အထက(၁) G–12 မှ မောင်ထွန်းထွန်းဦး၏ ဖခင်အမည်မှန်မှာ ဦးရွှေဝင်း(ခ)ဦးတိုးအောင် ဖြစ်ပါကြောင်း။

ဦးရွှေဝင်း(ခ)ဦးတိုးအောင်

## မတည်ရင်းနှီးငွေလျှော့ချခြင်းကိစ္စ အသိပေးအကြောင်းကြားခြင်း

YANGON WELL DEVELOPMENT COMPANY LIMITED ဒါရိုက်တာအဖွဲ့များ၏ ၁၄–၅–၂၀၂၅ ရက်တွင် ပြုလုပ်ခဲ့သည့် အစုရှယ်ယာရှင်များ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ မတည်ရင်းနှီးငွေအား (အမေရိကန်ဒေါ်လာ ၁၅,၀၀၀,၀၀၀) မှ (အမေရိကန်ဒေါ်လာ ၁၅၀,၀၀၀) သို့ လျှော့ချရန် အစုရှယ်ယာရှင်များနှင့် ဒါရိုက်တာများအားလုံးမှ သဘောတူဆုံးဖြတ်ခဲ့ကြပါသည်။

**YANGON WELL DEVELOPMENT COMPANY LIMITED**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ရန်အောင်ကျေးရွာ၊ ဘုရားလမ်း၊ ဧရိယာ(၆၀x၃၀)ပေ၊ အရှေ့လားသော်–ဒေါ်သန်းဆင့်နေအိမ်၊ အနောက်လားသော်–ဘုရားလမ်း၊ တောင်လားသော်–ဦးဉာဏ်ဝင်းနေအိမ်၊ မြောက်လားသော် ဦးထွန်းရွှေနေအိမ် အလားလေးရပ်၊ ယင်းမြေကွက်ပေါ်တွင်တည်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အား ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး တရားဝင်ရောင်းချပိုင်ဆိုင်ခွင့်ရှိသူ ဒေါ်ဇင်မာရွှေ(ဘ)ဦးတင့်ရွှေ ၁၀/မလမ(နိုင်)၂၀၇၃၄၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးနိုင်လင်းဦး (ဘ)ဦးဝင်းသန်းဦး ၉/အမဇ(နိုင်)၀၃၃၉၂၅ မှ အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။ ယင်းမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသည့် စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်စုလဲ့ညို (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၁၈၀/၁–၂–၂၀၁၈)**
**အမှတ်(၄/၄၉၉–ခ)၊ သဲကျွန်းရပ်ကွက်၊ ပျဉ်းမနားမြို့၊ ဖုန်း–၀၉–၇၉၇၈၅၃၃၈၂**

## ပတ်စ်ပို့ပျောက်

ဦးရန်ချီ၏ သမီး ဒေါ်ကြူးဖိန် ၁၃/လရန(နိုင်)၀၈၈၂၈၈၏ နိုင်ငံကူးလက်မှတ် (MF–135257) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၉၇၆၀၂၉၉၃**

## ပတ်စ်ပို့ပျောက်

ဦးကျန်းရှန်းဖါ၏ သား ဦးကျန်ရှောက်ကြာ(ခ)တုံဖာ ၁၃/ကလတ(နိုင်)၀၂၃၁၇၅၏ နိုင်ငံကူးလက်မှတ် (MF–135255) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၉၇၆၀၂၉၉၃**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဗဗ–၆)၊ ဦးပိုင်အမှတ်(၈၄)၊ ၄၈x၄၉ကြား၊ ၁၁၂x၁၁၃လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးစောလွင်ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၁၅၂၉/၂၀၁၈)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်ခင်သန်း၏ (SP ရရှိသူ ဦးမောင်မောင်နိုင်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၇၈/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ရီရီစိုး ၉/မရတ(နိုင်)၀၂၉၈၇၂က အမှုတွဲအမှတ် (၀၀၁၉/၂၀၂၅–၂၀၂၆)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ် (တတ–၁၄)၊ ဦးပိုင်အမှတ် ၅၈(ခဲစင်း)၊ ၆၁x၆၂ကြား၊ ၁၂၅x၁၂၆လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးမိုးသိမ်းကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၁၆၉၅/၂၀၁၄)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်သန်းနုစိန် ၉/မနတ(နိုင်)၀၆၅၃၇၆က အမှုတွဲအမှတ်(၀၀၁၀/၂၀၂၅–၂၀၂၆)ဖြင့် သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ် (တတ–၁၄)၊ ဦးပိုင်အမှတ် ၅၈(ခဲစင်း)၊ ၆၁x၆၂ကြား၊ ၁၂၅x၁၂၆လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးစိုးသိမ်းကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၁၆၉၅/၂၀၁၄)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်သန်းနုစိန်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၃၉၀၈/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးဇော်မျိုးဝင်း ၉/ခမစ(နိုင်)၀၁၁၆၅၉ က အမှုတွဲအမှတ်(၀၀၁၁/၂၀၂၅–၂၀၂၆)ဖြင့် သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ် (ဝ–၁၀)၊ ဦးပိုင်အမှတ်(၆၅)၊ ၁၁၅လမ်း၊ ၆၄(A)x၆၄(B)လမ်းကြားရှိ တောဂရန် မြေကွက်အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးတင်ညွန့်ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၁၂၁၇/၂၀၀၉)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်သန်း၏ (SP ရရှိသူ ဦးကျော်ကျော်ထွန်း)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၅၄၅၁/၂၀၁၁)ဖြင့် ဝယ်ယူခဲ့သူ ဦးကြာမြင့် ၈/ဆမန(နိုင်)၀၀၈၀၃၇ က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၀၀၁၂/၂၀၂၅–၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ရောင်းချရန်ကြော်ငြာစာ

**တရားမကျင့်ထုံးဥပဒေအမိန့် -၂၁၊ နည်းဥပဒေ-၆၆**
**မရမ်းကုန်းခရိုင်တရားရုံးတော်**
**၂၀၂၄ ခုနှစ်၊ တရားမဇာရီမှု အမှတ်- ၁၀**

ဦးအောင်လွင် နှင့် ၁။ ဦးသိန်းဟန်
၂။ ဦးသိန်းအောင်
(၎င်းတို့၏အခွင့်ရကိုယ်စားလှယ်ဦးတော်တော်ညီ)

**တရားနိုင်** **တရားရှုံးများ**

မရမ်းကုန်းခရိုင်တရားရုံး၏ အထက်ဖော်ပြပါဇာရီမှုတွင် ဒီကရီကို အတည်ပြုနိုင်ရန် အောက်တွင် ဖော်ပြထားသော ပစ္စည်းကို ၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၇ ရက် နံနက်(၁၀:၀၀)နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ လေလံဆွဲဝယ်ယူသူများသည် မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်များဖြင့်သော်လည်းကောင်း၊ လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း**

ရန်ကုန်တိုင်းဒေသကြီး ၊ လှိုင်မြို့နယ်၊ (၁၂)ရပ်ကွက်၊ မာလာရုံလမ်း၊ အမှတ် ၄၈၆ နေအိမ်နှင့်မြေ

**လေလံကြမ်းခင်းဈေး**

ကျပ်သိန်း - ၃၀၀၀(ကျပ်သိန်းသုံးထောင်တိတိ)

လေလံရောင်းချမည့်စည်းကမ်းများ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှ တရားနိုင်က တရားရုံးသို့တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရှုံး၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း၊ လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံး ဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့် ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ် ၁၀၀ လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည် လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့်စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက်ကျန်ငွေများကို လေလံတင်ရောင်းချသည့်ရက်ကိုပယ်၍ ၁၅ ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ ၁၅ ရက်မြောက်သည့်ရက်သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် အပြေအကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်လေလံတင် ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၂၅ ခုနှစ်၊ မေလ ၁၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

**(စမ်းစမ်းရီ)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**မရမ်းကုန်းခရိုင်တရားရုံး**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5F/5047 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း) ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါသည်

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ အုတ်ဖိုမြို့နယ်၊ ဆင်ဂေါင်းအုပ်စု၊ ရှားတောကွင်းကျေးရွာ၊ တင်ဆိပ်အုပ်စုကွင်းပိုင် အရှေ့လားသော် ဦးဇော်ဝင်း၊ အနောက်လားသော် ဦးကျော်ငြိမ်း၊ တောင်လားသော်ချောင်း၊ မြောက်လားသော် ဦးခင်သိန်း ထိုနယ်မြေလေးရပ်အတွင်းရှိ (ဧရိယာတစ်ကြိုးနှင့် တစ်ဆိပ်)အား ဒေါ်ခင်သန်း(ဘ) ဦးမောင်ငယ် ၇/အဖန(နိုင်)၀၀၅၆၆၈ လက်ရှိ ပိုင်ဆိုင်ထားပြီး ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်မာချို(ဘ) ဦးလှအေး ၇/အဖန(နိုင်)၀၇၁၉၆၄ မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍(၁၀) ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဒေါ်ပြည့်ဖြိုးဝေ (LL.B) အထက်တန်းရှေ့နေ (စဉ်- ၅၅၉၉၈၈)**
**ဖုန်း-၀၉-၂၅၈၂၅၆၉၆၃**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)**
**မြောင်းမြမြို့နယ်တရားရုံးတော်**
**၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၂**

ဒေါ်ရည်မွန်အောင် နှင့် ဦးကောင်းထက်ဇင်
**(တရားလို)** **(တရားပြိုင်)**

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ Y-Star ကွန်ပျူတာဝန်ဆောင်မှုလုပ်ငန်း၊ ရယက(၃)၊ အနောက်စံပြ(၃)လမ်းရပ်နေ ဦးကောင်းထက်ဇင်(ဘ)ဦးသန်းထွဋ် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ရည်မွန်အောင်က လင်မယားကွာရှင်းပြတ်စဲပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၃ ရက် (၁၃၈၇ ခုနှစ်၊ နယုန်လဆုတ် ၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ မေလ ၁၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဆုလဲ့ရည်အောင်)**
**ဒုတိယမြို့နယ်တရားသူကြီး(၂)**
**မြောင်းမြမြို့နယ်တရားရုံး**

## ဦးအောင်ကျော်မင်း(ဘ)ဦးအောင်ခင် (၁၄/မနဗ(နိုင်)၁၀၅၉၀၄) နှင့် တာဝန်ယူအာမခံသူ သိရှိစေရန်

